
www.burmeseclassic.com

ဉာဏ်ဝင်းစာပေ

လုံးချင်းဝတ္ထုသစ်

# ဆုလေးနွယ်

# နှစ်ဦးပိုင်မနက်ဖြန်



Design :: KAUNGMYAT

www.burmeseclassic.com

www.burmeseclassic.com

# ဆုလေးနွှယ်

## နှစ်ဦးပိုင်မနက်ဖြန်

ပြည်လုံးကျွတ်ဖြန့်ချိရေး

ဉာဏ်ဝင်းစာပေ
အမှတ် ၂၇၊ သင်္ဂဟာလမ်း
ကျောက်မြောင်း
ဖုန်း - ၅၄၀၁၈

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

www.burmeseclassic.com

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ဆုလေးနှယ်

နှမဦးပိုင် မနက်ဖြန်

www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့က မမျှော်လင့်ဘဲ မိုးရွာသည်။

ပဲခူးမှာ ရောက်နေသော မိုးကဆုန်ဟာ ရွှေသာလျောင်းဘုရားကို လာဖူးပေမယ့် ထီးက ပါမလာခဲ့။

မိုးက ခပ်ဖွဲဖွဲလေး ရွာတာမဟုတ်ဘဲ ရုတ်တရက် တဝုန်းဝုန်းနှင့် သဲသဲမဲမဲ ရွာခဲ့တာ။

အပြေးအလွှား မိုးဝင်ခိုပေမယ့် ဆုန့်တစ်ကိုယ်လုံး စိုရွှဲသလောက် ဖြစ်သွားရပါသည်။

ထိုစဉ်က ဆုန့်အနီးမှာ ဆုန့်လိုပဲ မိုးဝင်ခိုနေကဲ့ လူတစ်ယောက်ရှိခဲ့သည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူသည် မင်းကြီးကြိုက်ပုဆိုးနှင့် အင်္ကျီအဖြူလေးကို ရိုးစင်းစွာ ဝတ်ဆင်ထားသည်။

မျက်ခုံးထူထူထဲထဲနှင့် စူးရှသော မျက်လုံးများကိုလည်း ပိုင်ဆိုင်သည်။

ပြုံးမယောင်နှင့် ချိုသောနှုတ်ခမ်းထူကိုလည်း ပိုင်ဆိုင်သည်။

သူ့ရဲ့ နူးညံ့ချိုမြိန်သော နွေးထွေးစိုလက်နေသော မျက်လုံးအကြည့်ကြောင့် ဆုန် ရှက်စနိုးနှင့် ရေမိုးဆံပင်တွေကို လုပ်မိလုပ်ရာ တစ်ချက် ခါမိသည်။

ဆံဆွယ်ဆီက မိုးရေစက်တို့ သူ့ဆီ တည့်တည့်သွားစင်ပါတော့သည်။

"ဆောရီးနော်"

"ရပါတယ်ဗျာ... ကျွန်တော်က ခင်ဗျားကို ကြည့်နေတာ"

"ရှင်"





"ကျွန်တော် သေချာမြင်ဖူးတယ်လို့ ထင်နေလို့ပါ"

"ဟုတ်လား"

ပွင့်လင်းသော သူ့စကားကြောင့် ဆုန်က မျက်ခုံးလေးပင့်ကာ သူ့ထံ သေချာကြည့်မိသည်။

ဆုန် သူ့ကို မမြင်ဖူးခဲ့ပါ။

သူဟာ ဘယ်လိုပဲကြည့်ကြည့် အသားဖြူဖြူ အရပ်မြင့်မြင့်၊ ဘော်ဒီချပ်ချပ်ယပ်ယပ်နှင့် အနည်းငယ် ပိန်သယောင်ရှိသော်လည်း လူချောတစ်ယောက်ဆိုတာ သိသာထင်ရှားနေပါသည်။

သူ့ရဲ့ ထူးခြားသော ခံ့ငြားသော ဆွဲဆောင်မှုကြောင့်လည်း သူ့ကို ယခင်က မသိမမြင်ဖူးခဲ့တာ ပို၍ သေချာစေသည်။

ထိုဆွဲဆောင်မှုဟာ ရင်ထဲကို ချဉ်းနင်း ဝင်ရောက်ဖို့ လွယ်ကူလွန်းသည်လေ။

မင်းအဂ္ဂသည် သူမ အနားရပ်မိရုံနှင့် ရင်ခုန်ပျော်ရွှင်ရလွန်းသည်။ ထိုခံစားချက်ကို သူ လန့်တောင် လန့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမဟာ နတ်သမီးလေးလား။

ဒါမှမဟုတ် ကဝေမလေးလား။

ဆံနွယ်လေးကနေ ခြေဖျားလေး ခြေမျက်စိလေးထိ နူးညံ့လှပ ချစ်စဖွယ် ကောင်းနေတာ။

သူမျှားတွေ ရုပ်ဆိုး အကျည်းတန်ပြစ်ချက်မကင်းတဲ့ ဟတောင်ဆစ်လို နေရာလေးကအစ လုံးဝန်းပြီး အနာအဆာ ကင်းနေတာ။ ခြေဖမိုး မို့မို့လေးပင် ပန်းရောင်သန်းနေတာ။ ခြေဖနောင့်လေးကအစ လုံးဝန်းနီရဲနေတာ။

ခုန သူမ ပြေးလာကတည်းက အဂ္ဂ သေချာ စေ့စပ် ကြည့်နေမိတာ။ ခုထိလည်း အကြည့်မလွှဲချင်။

ရှိုင်းတယ်ထင်မှာစိုးမိပေမယ့် သူ့မျက်လုံးကို သူ မရုတ် သိမ်းနိုင်တာလည်း အမှန်ပါ။

''ဒီ ပဲခူးမှာပဲ နေတာလား''

''ဟင့်အင်း . . .ဆုန့် အစ်မဆီ လာတာ''

''ဘယ်က စုန်းမလဲ''





''ဟင်း . . . ရှင် . . .နော်၊ ဆုန့်ရဲ့ အစ်မကြီးကို ပြောတာ၊ လိပ်ပြာကန်ထဲမှာ နေတာ''

''ဩော် . . . ဩော်''

မိုးကဆုန် မျက်စောင်းရွယ်တော့ သူ ရယ်သည်။

''ကျွန်တော်က ရန်ကုန်က''

''ဆုန်လည်း ရန်ကုန်ကပဲ၊ မနေ့ကမှ ဒီရောက် နေတာ''

သူက သူ့ရဲ့ လိပ်စာကဒ်တစ်ခုကို ထုတ်ပေးရင်း

''ဆုန်က ခင်ဖို့ ကောင်းတယ်၊ ကြုံရင်လာခဲ့ပါ။ ကျွန်တော့်ကိုလည်း အိမ်အလည်ခေါ်နိုင်ရင် ခေါ်ပါ၊ သိပ်လာ ချင်လွန်းလို့ဗျာ . . . နော်''

သူ ပြောဆိုပုံက တစ်မျိုးပင်။ ရင်းနှီးပွင့်လင်းလွန်း ပါသည်။

မိုးလည်း ဆဲရော ဆုန်တို့ နှစ်ယောက်လည်း စကား ပြောပြောနှင့် မိတ်ဆွေ ဖြစ်သွားရရော။



www.burmeseclassic.com

www.burmeseclassic.com



မိုးတွေ သဲကြီးမဲကြီး ရွာနေချိန် ခဏလေးမှာ မိုးကဆုန်ဟာ သူမရဲ့ အနာဂတ် လက်တွဲဖော်ကို တွေ့လိုက်ပြီဟု မသိသေးပါ။

မင်းအဂ္ဂကတော့ ထိုခဏလေးမှာပဲ ဆုံးဖြတ်ချက်ချသည်။

သူမဟာ အမှန်တကယ် လွတ်လပ်သူတစ်ယောက်ဖြစ်ပါစေ၊ အဂ္ဂ သူမကို မရရအောင် ကြိုးပမ်းရယူမည်။

သူ မြတ်နိုးသော၊ မြင်မြင်ချင်း ချစ်ခင်ကြင်နာစိတ်ဝင်သော ထိုမိန်းမအား သူ့ဖက်က အစွမ်းကုန်ပတ်သက် ရင်းနှီးဖို့ ကြိုးစားမည်။

ကံတရားက ဘယ်လို လာမည်မသိသော်လည်း မင်းအဂ္ဂကတော့ သူမနှင့် အလွန်ပဲ နီးစပ်ကျွမ်းဝင်ချင်ပါသည်။

သူမကို ချစ်မိသွားပြီဆိုတာ အချိန်တိုတစ်ခဏလေးနှင့် အလွန်သေချာသည်။

အမှန်ကို ဆိုရပါမူ ထိုစဉ်က မိုးကဆုန်ဆိုတာ နွေရဂုံ၏ ညီမငယ်လေးမှန်း သူ လုံးဝ မသိပါ။

ဉာဏ်ဝင်းစာပေ



အပြန်မှာ သူမ တည်းခိုရာ မနွေရဂုံတို့ အိမ်သို့ လိုက်ပို့ရင်း စကားစပ်မိတော့မှ နွေရဂုံဟာ ယခင်က သူ့ဦးလေး ဦးမြတ်ဝေ ခိုးယူ ပေါင်းသင်းဖူးသော၊ ပြဿနာအကြီးအကျယ်တက်ထားဖူးသော အမျိုးသမီးဆိုတာ မင်းအဂ္ဂ သိလိုက်ရသည်။

ဒေါ်နွေရဂုံသည် ယခုတော့ အိမ်ထောင်ကျကာ ပဲခူးမှာ အခြေချ နေထိုင်ပြီ ဖြစ်ပါသည်။

သားလေးနှစ်ဦးပင် ရှိနေပြီ။

သူမရဲ့ ဘဝလည်း အနည်ထိုင် အေးချမ်းနေပြီဖြစ်တာကြောင့် မင်းအဂ္ဂမှာ ထိုအကြောင်းအရာအတွက် အနည်းငယ်တော့ စိတ်သက်သာရသွားပါသည်။

သို့သော် သူဟာ ဦးမြတ်ဝေရဲ့ တူအရင်းဆိုတာကိုတော့ ဖွင့်ပြောလို့ မဖြစ်ပါ။

မိုးကဆုန်၏ နွေးထွေးသော ဆက်ဆံရေးလေး ပြောင်းလဲသွားမှာ သူ စိုးသည်။ သူဟာ မြင်မြင်ချင်းပင် မိုးကဆုန်အပေါ် စုံမက်မြတ်နိုးခဲ့မိပြီ။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အတိတ်က ရုပ်ပျက်ဆင်းပျက်သော အဖြစ်အပျက်တို့အား ပြန်၍ အစ မဖော်လိုတော့ပါ။

သူ့ဖက်မှာ ဘာမှ မကောင်းတဲ့ ရည်ရွယ်ချက်လည်း မရှိတော့ ဖုံးကွယ်ထားတာ အသင့်တော်ဆုံးပဲဟု မင်းအဂ္ဂ ဆုံးဖြတ်သည်။

ပဲခူးမြို့ကနေ စခဲ့သော သူတို့ရဲ့ ပတ်သက်ရင်းနှီး ခင်မင်မှုဟာ ကိုယ်စီ ရန်ကုန် ပြန်ရောက်တော့လည်း အဆက် အသွယ် ပြတ်တောက်မသွားဘဲ ပိုမို နီးကပ်နွေးထွေးလာ ခဲ့သည်။

တွေ့ပြီး တစ်လပြည့်တဲ့နေ့မှာပဲ မင်းအဂ္ဂက သူမကို အတိအလင်း ချစ်ခွင့်ပန်ခဲ့တာ ဖြစ်သည်။

❄

ဉာဏ်ဝင်းစာပေ

သူ့ကို ချစ်လားဟု မင်းအဂ္ဂက မေးသောအခါ ဆုန် အတွက် စဉ်းစားစရာ မလိုအပ်ပေ။

ဘာကြောင့်လဲဆိုရင် သူဟာ တွေ့စကတည်းက ထူးထူးခြားခြား ဆုန့်ရဲ့ အသည်းနှလုံးကို သိမ်းပိုက်သွားနိုင် သူ တစ်ယောက် ဖြစ်နေတာပဲ မဟုတ်လား။

ပဲခူးမှာကတည်းက သူနှင့် မခွဲချင်အောင် ခံစားရ သည်။

သူက လာတွေ့ပါမည်။ ဖုန်းဆက်ပါမည်ဟု ဘယ်မျှ ကတိတွေပေးပေး ခွဲခွာပြီးတဲ့ မနက်ဖြန်ကို ဆုန်က မယုံရဲပေ။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူစိတ် ပြောင်းသွားမှာလားဟု တိတ်ဆိတ် ပူပန်ကြောင့်ကြနေမိသည်။

ဆုန်တို့ရဲ့ တွေ့ဆုံမှုကို ခဏလေးနှင့် ပြီးမသွားစေချင်ပါ။

နိုင်မာလုပသော ရေစက်အကြောင်း ကံတစ်ခု ဆုန်တို့နှစ်ယောက်ကြားမှာ ရှိနေပါစေဟု တိတ်တခိုးလေး ဆုတောင်းရသည်။

ဘာကြောင့်မှန်း မသိဘဲ မင်းအင်္ဂကို မိုးကဆုန် ယုံကြည်ကိုးစားရသည်။ လှိုက်လှိုက်လှဲလှဲ တွယ်တာ စွဲလန်းသည်။

သူ့အကြည့်တစ်စုံကပင် ဆုန်ကို ဖမ်းစား သိမ်းပိုက်နိုင်စွမ်း ရှိပါသည်။

ထိုမျက်လုံးတွေထဲမှာ ဆုန့်ကို သူ ချစ်သွားပြီဆိုတာ ပေါ်လွင်နေသည်ဟု ထင်မိသည်။

သူနှင့် မျက်လုံးချင်းဆုံပြီး စူးစိုက်ကြည့်ရတဲ့ အရသာဟာ သိမ်မွေ့နက်ရှိုင်းသည်။ နှလုံးသားတွေ ပူနွေးလှုပ်ရှား





ပြီး တုန်တုန်ရီရီ ဖြစ်စေသည်။ တစ်ကိုယ်လုံးက သွေးလည်ပတ်မှုတွေ မြန်ဆန်လာသလို ထင်မိသည်။

သူစကားပြောပုံ... သူပြုံးပုံကိုလည်း ဆုန် သိပ်ကြိုက်သည်။ သတိလက်လွတ် ငေးနေမိတတ်သည်။

တစ်ဖက်က သူမဆက်သွယ်ဘဲ ခြေရာဖျောက်လိုက်မှာလား၊ စိတ်ပူမိသလို တစ်ဖက်ကလည်း သူ ဘယ်လိုနည်းနဲ့ ဖြစ်ဖြစ် ဆုန်နှင့် နီးစပ်အောင် ဖန်တီးမှာပဲဟု စိတ်ချလက်ချ ဖြစ်နေသည်။

နောက်တော့ ဆုန် ထင်သလို စိတ်ချသလိုပဲ ဖြစ်လာသည်။

သူက တစ်နေ့ မမြင်ရလျှင် မနေတတ်အောင်ပင် ဆုန်နှင့် နေ့စဉ် တွေ့ခွင့်ရဖို့ ကြိုးစားသည်။

အိမ်ကို ညတိုင်းလိုလို ဖုန်းဆက်သည်။

အကြာကြီး စကားပြောရလည်း ဆုန်တို့ ပြောလို့မဝ။ ည သန်းခေါင်ထိ ဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကလည်း ဆုန်တို့ ညီအစ်မကို လွတ်လပ်ခွင့် ပေးထားသည်။ တချို့သော မိဘတွေလို ချုပ်ခြယ်ဟန့်တား ခြင်းမရှိ။

ဆုန်က မမနှင်းပုံကို သူ့အကြောင်းတွေ ခဏခဏ ပြန်ပြောပြမိသည်။

သူ ချစ်ခွင့်ပန်တာကိုပင် ပြောထားပြီးပြီလေ။

သူ့ကို အဖြေမပေးခင် ဆုန်တို့ ပြောဖြစ်ကြသည်မှာ။

"ဆုန်ကလေ... ကိုယ့်ချစ်သူဆိုရင် သိပ်အများကြီး မျှော်လင့်မထားပါဘူး။ သူ့ဆီက ဘာတွေတော့ ရမှ ဖြစ်မယ် လို့လည်း ကြိုပြီး တွက်မထားဘူး။ ဒါပေမယ့် သူ့မှာ နောက် ကြောင်းရှင်းဖို့ ဆုန့်အပေါ်မှာ ကောင်းဖို့ အကျင့်စာရိတ္တဖြောင့် မှန်ဖို့ မွန်မွန်ရည်ရည်နဲ့ လူကြီးမိဘ သိတတ်ဖို့ ပြီးတော့ ဆုန့်ကို နားလည်ဖို့ ဒီလောက်ပဲ အရေးကြီးတာပါ"

သူက ဆုန် ပြောတဲ့စကားတွေကို သေချာ နားစိုက် ထောင်နေသည်။





"ဘာကြောင့် ဒီလို ပြောတာလည်းဆိုတော့ ဆုန် တို့မှာ ရှေ့ရှေ့က သင်ခန်းစာ ရှိဖူးတယ်လေ"

"ဘာသင်ခန်းစာလဲ၊ ဆုန်နဲ့ ပတ်သက်ပြီး ဘာ ဇာတ်လမ်းရှိဖူးလဲ"

မင်းအဂ္ဂ အလုန့်တကြားမေးသည်။

"ဆုန့် ဇာတ်လမ်း မဟုတ်ပါဘူး။ ပဲခူးက ဆုန့်မမကြီး လေ၊ သူ လူရွေးမှားခဲ့တာ၊ အိမ်ထောင်ရှိပြီး သားသမီးပါ ရှိတဲ့ လူယုတ်မာတစ်ယောက်ကလေ မမကြီးကို ဖြားယောင်း သွေးဆောင်ပြီး ခိုးပြေးခဲ့ဖူးတယ်၊ သိလား။ လူကြီးတွေ ပြဿနာတက်ပြီး အတင်းပြန်ခွဲခဲ့လို့ပေါ့။ မမကြီးမှာ ရှက် လည်းရှက်၊ စိတ်လည်းနာပြီး အလူးအလိမ့်ခံစားခဲ့ရတာ၊ အခုမှ မေမေတို့က နောက်ထပ် အိမ်ထောင်ချပေးလိုက်ပြီမှ တည်ငြိမ် မှု ရှိသွားတာလေ။ အဲဒီတော့ အိမ်ကလည်း ဆုန်တို့ ညီအစ်မ ကို စိတ်ပူတာပေါ့။ မမနှင်းပုံကတော့ ချစ်သူရှိနေပြီ။ ဆုန် ပဲ လူရွေးမမှားဖို့ လိုတာ"



www.burmeseclassic.com

www.burmeseclassic.com



''ကျွန်တော့်ကို ရွေးရင် မမှားပါဘူးဗျာ၊ စိတ်ချ''

''ဟွန်း . . . ရုပ်ကိုက''

''ဘာဖြစ်လဲ၊ ဆုန်လေးကို အသေအလဲ ချစ်နေတဲ့ ရုပ်ပေါ့''

''ဘာ ဆုန်လေးလဲ''

သူက နှုတ်ခမ်းချွန်ပြပြီး . . .

''ချစ်တယ်''

''သွား''

ဆုန်က ရှက်မျက်စောင်းလေးနှင့် တုန့်ပြန်သည်။

မင်းအဂ္ဂမှာ သူမစိတ်ထဲ အစ်မဖြစ်သူနှင့် ပတ်သက်ပြီး ခုထက်ထိ အခဲမကြေ ရွံမုန်းခါးသီးမှုတွေ ရှိနေတာ သိတော့ ဦးလေးဖြစ်သူရဲ့ အကြောင်း ဘယ်လိုမှ ဖွင့်မပြောရဲတော့ပါ။

ဆက်ပြီးတော့ လျှို့ဝှက်ထိန်ချန်ဖို့သာ ဆုံးဖြတ်သည်။

တော်ကြာ ဦးမြတ်ဝေနှင့်တူတော်စပ်မှန်းသိရင် သူ့ကို ငြင်းပယ်လိုက်မှာ စိုးသည်။

ဉာဏ်ဝင်းစာပေ



ထိုအချက်ကြောင့် ချစ်သူလေးကို မစွန့်နိုင်ပါ။

ဒါဟာ သူနှင့်လည်း မဆိုင်။ သူ့အပြစ်လည်း မဟုတ်။

ဝန်ခံဖွင့်ချလိုက်တာနှင့် သူမဆီက ''ဟင့်အင်း'' ဆိုသော အဖြေမျိုး ထွက်လာမှာ သေချာနေတာကြောင့် မင်းအဂ္ဂ ဆက်ပြီး မြှုထားရမည်။ ဖုံးဖိလိမ်ညာသင့်ရင်လည်း လိမ်ညာရတော့မည်။

နောင်မှသာ ထိုကိစ္စကို တဖြည်းဖြည်း သိစေမည်။ တောင်းပန်စရာရှိလည်း အစွမ်းကုန် တောင်းပန်လိုက်သည်။

ဒီလိုနှင့် သူ့ဖက်က ပိပိရိရိ နေထိုင်ခဲ့သဖြင့် ဦးမြတ်ဝေရဲ့ အမျိုးမှန်း ဘယ်သူမှ မရိပ်မိခဲ့။

မင်းအဂ္ဂကလည်း မှားကွက်မရှိအောင် သတိထားသည်။ နောက်တော့ သူနှင့် ဆုန်တို့ ချစ်သူဖြစ်သွားကြသည်။

သူစိတ်ထဲ ထင့်ပေမယ့် ဘာမှ ပြဿနာမရှိစေခဲ့ပါ။

မိုးကဆုန်တို့ မိသားစုမှာ သဘောကောင်းသဖြင့် မင်းအဂ္ဂမှာ အိမ်မှာ ဝင်ထွက်ခွင့်ရသည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ့မိဘတွေကို နားဖောက်ခိုင်း၍ လူကြီးချင်း သဘော တူတဲ့အခြေအနေမှာ သူတို့ ချစ်ခရီးလမ်းက ဖြောင့်ဖြူး သာယာခဲ့ပါသည်။ သူသည် ဆုန်တို့အိမ်သို့ နေ့စဉ် ရောက် သည်။

ဆုန်တို့ မိသားစုဝင်တွေ အားလုံးနှင့်လည်း ပြေလည် သင့်မြတ်သည်။

ချစ်ပြီးသွားတဲ့အခါမှာလည်း သူတို့နှစ်ဦးဟာ တစ် ယောက်နှင့်တစ်ယောက် ခဏလေးမှ မခွဲချင် မဝေးချင် အောင် အဖြစ်သည်းမိကြသည်။

သူဟာ ညမိုးချုပ်လျှင်ပင် ဆုန်တို့ အိမ်မှ မပြန်ချင် ပေ။ ပြန်ရောက်ပြီးလည်း ဖုန်းတစ်ဝကြီး ပြောမိကြပြန်သည်။

ဘေးကလူတွေတောင် သူတို့ကို မျက်စိနောက်မည် လား မပြောတတ်ပါ။

သို့သော် မင်းအဂ္ဂ စိတ်ထဲတစ်နေရာမှာတော့ ဆုန် သူ့အကြောင်းတွေ သိသွားမလား။ လျှို့ဝှက် ဖုံးကွယ်ထား တာကို စိတ်ဆိုးမလားဟု အမြဲတမ်း စိုးရိမ်နေမိခဲ့သည်။





ကံကောင်းထောက်မစွာ ဆုန်ကမသိ။ ရိပ်လည်း ပရိပ်မိ။

ထပ်တဆင့်တက်ကာ သူ ဆုန်လေးကို အမြန်ဆုံး ပိုင်ဆိုင်ချင်မိသည်။

ဆုန်နှင့် လက်ထပ်ပြီးမှပဲ သူ စိတ်ချနိုင်တော့မှာပါ။

အထင်လွဲမှာ စိုးလွန်းလို့ပါကွာ။

မင်းကို သိပ်ပြီး ချစ်ရလွန်းလို့ပါ။

❋



www.burmeseclassic.com

www.burmeseclassic.com

မင်းအဂ္ဂ ရောက်နေသဖြင့် ဆုန် ညည်းခန်းကို ထွက်လာခဲ့မိသည်။

မျှော်လင့်နေသော မျက်လုံးများနှင့် အပြုံးချိုချိုကို လှမ်းတွေ့လိုက်ရတာမို့ ရင်ထဲ လှိုက်ခနဲ ခုန်သွားသည်။

လက်ပြတ်ဂါဝန်အကျီပွပွလေးနှင့်မို့ မနေတတ်သလို ဖြစ်သွားရသည်။

''ဆုန်''

''ရှင်''

''နေကောင်းရဲ့လား''

''နည်းနည်းပါးပါးပါ''

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆုန် မောင်နှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်မိသည်။

"မောင်"

"ဟင်"

သူက အံ့ဩသလို ကြည့်၏။

မောင်လို့ ခေါ်လိုက်တာကို ထူးဆန်းသလို ဖြစ်သွားပုံ။

"ဆုန် ဘာပြောမလို့လဲ"

"ပြောစရာတွေ အများကြီးပဲ"

"ပြောလေ၊ အပြင်သွားမယ်ဆို၊ အဝတ်အစားလဲ မလဲထားဘူး"

"ဟင်... အခုမှ မမကြီးဆီက ပြန်ရောက်တာကို"

"သြော်... ဟုတ်လား"

"ခဏ စောင့်ဦးနော်"

ဆုန် သူ့ကို ထားခဲ့ပြီး အဝတ်အစား အမြန်လဲသည်။

ဘလူးဘယ်ရီရောင် ဖျော့ဖျော့ ဂါဝန်ရှည်ရှည်လေးကို ဝတ်လိုက်သည်။

ဉာဏ်ဝင်းစာပေ



ခြေအိတ်လေးကို စွပ်ပြီးမှ ဘွတ်ရှူးလေးစီးပြီး ထွက်လာခဲ့၏။

ဆံပင်ရှည်ရှည်ဖြောင့်ဖြောင့်တွေကို သည်အတိုင်းပဲ ဖြန့်ချထားလိုက်သည်။

မျက်နှာကိုတော့ ဘာမှ သေချာလိမ်းခြယ်မနေတော့ဘဲ ဒီလို ဖြောင်လေးပဲ ထားလိုက်မိသည်။

မောင်က တောက်ပသော မျက်လုံးများနှင့် စူးစိုက်ကြည့်တာမို့ ဆုန် ရှက်စနိုး ခေါင်းငုံ့မိသည်။

မောင်ရေ...

ရှင်မသိဘူးနော်။

မောင် ကြည့်လိုက်တိုင်း သိပ်လှနေချင်တယ်။

အရင်တုန်းကတော့ ကိုယ့်ကိုယ်ကို သိပ်ပြီး ပြည့်စုံပြီးသားဆိုပြီး စိတ်တိုင်းကျခဲ့သူပါ။

အခုမှ အရင်ကထက် ပိုပြီး လှချင်စိတ်တွေ ဝင်လာမိတာ။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဆုန် အရမ်းလှတယ်ကွာ"

ဆုန် ကျေနပ်စွာ ပြုံးမိသည်။

ဆုန် လက်ကလေးကို ဖျတ်ကနဲ ဆုပ်ကိုင်ရင်း ခေါင်းငုံ့ နမ်းရှိုက်၏။

ဆုန် ချက်ချင်း ရှန်းလိုက်မိသည်။ ပြီးတော့ ပတ်ဝန်းကျင်ကို ချာချာလည်အောင် ကြည့်ရင်း အကဲခတ်မိသည်။

"ဘယ်သူမှ မမြင်ပါဘူး ဆုန့်ရယ်"

သူက ရယ်ချင်သလို ဆို၏။

"မေမေ့ကို သွားပြောလိုက်ဦးမယ်"

"အင်း"

ဆုန် မေမေ့ကို သွားပြောပြီး ပြန်လာတော့ သူက ကားပေါ်ပင် ရောက်နေပြီ။ ဆုန်ကို ကားတံခါး ဖွင့်ပေး၏။

ဆုန် ထိုင်ပြီးတော့ ကားတံခါးကို ပြန်ဆွဲပိတ်ပေးသည်။

တံခါးပိတ်ပေးရင်းနဲ့ ဆုန့်မျက်နှာလေးကို ဖိကပ် နမ်းရှိုက်၏။

ဥဏ္ဏဝင်းစာပေ



"အို . . ."

ဆုန် မျက်လုံးလေးဝိုင်းသွားတော့ သူက ရယ်နေသည်။

ပြီးမှ ကားကို မောင်းထွက်ခဲ့၏။

"မောင်"

"ဟင်"

"ဆုန့်ကို ဘယ်လိုမျိုး ချစ်တာလဲဟင်"

"အထူးအဆန်းပါလား"

"ဆုန် သိချင်ပါတယ်၊ အမှန်အတိုင်း ပြောပြကွာ"

"ကောင်းပြီ ပြောပြမယ်"

"ဆုန့်ကို သိပ်ချစ်တယ်၊ ဆုန်နဲ့ တစ်သက်လုံး အတူနေချင်တယ်၊ မောင့်ဘဝတစ်ခုလုံး ဆုန့်အတွက်ပဲ ဖြစ်စေချင်တယ်၊ ဆုန် ဖြစ်စေချင်သလို ဖြစ်အောင် အားလုံး ကြိုးစားပေးမယ်၊ ပြီးတော့ အတူ နေချင်တယ်၊ ဘာကြောင့်မှ ဆုန်ကို အဆုံးရှုံးမခံနိုင်ဘူး၊ မောင့်ကို မချစ်တော့ရင်တောင် ရအောင် ယူမှာပဲ"

ဥဏ္ဏဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြတ်သားသော စကားများကြောင့် ဆုန် အနည်းငယ် လန့်သွားရလေသည်။

"ကဲ . . ရှင်းပြီလား"

"မောင်ရယ်"

ဆုန် သူ့ပခုံးကို ခေါင်းမှီထားလိုက်သည်။

သူက ကားကို ခပ်မှန်မှန် မောင်းရင်း ဆုန့်ဘက် တစ်ချက် ငဲ့ကြည့်လာ၏။

"ဆုန်"

"ရှင်"

"မောင့်ကို အကြောင်းတစ်ခုခုကြောင့် မုန်းသွားမှာလား"

"ဘာအကြောင်းလဲဟင်၊ အဲ့ဒီအကြောင်းအရာတွေ မောင့်မှာရှိနေလား၊ ဆုန် မုန်းသွားလောက်အောင် အပြစ်တွေ ကျူးလွန်းထားလို့လဲဟင်၊ ဆုန့်ကို ပွင့်ပွင့်လင်းလင်း ပြောပြပါလား"





"ဘာအပြစ်မှ မကျူးလွန်ထားပါဘူး ဆုန်ရာ"

"အဲဒါဆို ဘာလို့ မေးနေရတာလဲ"

"မဟုတ်ပါဘူး ဆုန်ရယ်၊ ပြဿနာတစ်ခုခုနဲ့ ဆက်နွယ် ပတ်သက်နေတာမျိုး ဆိုရင်ကော"

"မောင် ကောင်းနေရင် ပြီးတာပဲ၊ ဆုန်က ဒီလောက်လည်း တစ်ဖက်သတ် မဆန်သေးပါဘူး"

"အိုကေ . . ."

သူက သစ်ပင်ကြီးတွေ အုပ်ဆိုင်းနေသော လမ်းဘေး တစ်နေရာမှာ ကားကို ရပ်ပစ်လိုက်၏။

"ဆုန်"

စူးစူးစိုက်စိုက် ကြည့်လာသော သူ့မျက်လုံးကို ရင်ဆိုင်ကြည့်ရင်း ရင်ထဲ ဖြောင်းဆန်အောင် ခံစားရသည်။

"ဆုန်ရာ"

လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်ဖျစ်ညှစ်ရင်း အံကြိတ်ပြီး ခေါ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တော့မှ ဆုန့်ကို ချစ်လို့ ဝမှာ မဟုတ်ဘူး သိလား"

"အသက်တွေ ကြီးသွားရင်ကော"

"ချစ်နေဦးမှာပဲ"

"အခုလောက် ချစ်ပါတော့မလားဟင်"

"ပိုတောင် ချစ်ဦးမှာပေါ့၊ သံယောဇဥ်ဆိုတာ ကြာလေ မြဲလေပဲဟာ"

"ဆုန်က အဘွားကြီး ဖြစ်တဲ့အထိ အခုလိုပဲ ချွဲနေမှာ"

"မရှက်ဘူးလား၊ သားသမီး မြေးမြစ်တွေက ရယ်မှာ သေချာတယ်"

"ရယ်ပလေ့စေ"

"မောင်က စတာပါကွာ၊ အရမ်းချစ်လို့ တစ်ခါတလေ စိတ်တိုအောင် စချင်တယ်၊ မခံချင်အောင် ပြောချင်တယ်၊ ငိုတာလေးကို ကြည့်ချင်တယ်"





"ဆုန် ငိုရင် ပျော်တာပေါ့"

"မဟုတ်ပါဘူး ဆုန်ရာ၊ စချင်တာကို ပြောတာပါ"

သူ့အပြောကြောင့် ဆုန် ကြည်နူးစွာ ရယ်မိသည်။

❋



www.burmeseclassic.com

www.burmeseclassic.com

"အမေ့"

ဖတ်လျှက်စ စာအုပ်ကို လွှတ်ချ၍ ဆုန် ယောင်ပြီး အော်မိသည်။

ရင်ဘတ်ကို လာမှန်သော ဘောလုံးက တင်းနစ်ဘောလုံးအရွယ်။ အရှိန်မပြင်းလို့သာ သိပ်အောင့်မသွားတာ။

ရှိန်းကနဲ ... ရှက်လည်း ရှက်သွားမိ၏။

"ဟာ ... ဆောရီးပဲဗျာ၊ နာသွားလား"

ထွက်လာသော အသံကြောင့် ဆုန် ကိုယ်လေး မတ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သနှင့် ရှက်စိတ်ရောထွေးကာ လူက တစ်မျိုးကြီး ဖြစ်သွားရသည်။ ချမ်းအေးတို့ခြံထဲမှာ ဆုန် စာအုပ်ထိုင်ဖတ်နေတုန်း ဘောလုံး လာမှန်တာ။ ချမ်းအေးတို့ခြံနှင့် ဟိုဖက်ခြံက ခြံစည်းရိုးကြီးကြီးမားမား ကာရံထားတာမျိုးမဟုတ်။ စက္ကူပန်းပင်များနှင့်သာ ဝင်းသဘောမျိုး ခြားထားတာ။

"လုံးဝ မမြင်လို့ပါဗျာ၊ တောင်းပန်ပါတယ်"

တင်းနစ်ဘောလုံး လာကောက်သော ခပ်ချောချော လူကြီးက ဆုန့်ကို အားတုံ့အားနာ ကြည့်သည်။

ဆုန် စိတ်တိုကာ နှုတ်ခမ်းကို ဖိကိုက်မိသည်။

အခုမှ တောင်းပန်နေတော့ကော ဘာလုပ်ရမှာလဲ။

ဆုန်က ရပါတယ်ဟုလည်း မပြောချင်။

တင်းနစ်ရိုက်တာ ကြည့်ရိုက်ပါတော့လား။

"ဟိတ်"

"ခဏနေဦး"

"ငါ တောင်းပန်တာကို မကျေနပ်ဘူးလား"





"ကျွန်မက ကျေနပ်ပါတယ်လို့ ပြောရမှာလား"

ဆုန့်စကားကြောင့် သူ့မျက်နှာပြုံးသွားသည်။

"မတော်တဆပဲကွာ၊ နာသွားလို့လား"

"အို . . . မနာပါဘူး"

မျက်နှာနီနီလေးနှင့် သူမက ခေါင်းယမ်းသည်။

"ငါက တမင်လုပ်တာမှ မဟုတ်ဘဲ၊ မတော်တဆ"

"သိပါတယ်၊ ထပ်ခါတလဲလဲ ပြောစရာ မလိုပါဘူး"

"ဟောဗျာ"

မိန်းမချောလေးက သူ့ကို အော်ငေါက်သည်။

ဆုန့်စိတ်တို ရန်လည်း မတွေ့ချင်။ အတတ်နိုင်ဆုံး ထိန်းလိုက်၏။

"အို . . ဘာမှ မပြောနဲ့၊ တောင်းပန်လည်း အပိုပဲ"

ဆုန် သူ့အနားမှာ လှစ်ကနဲ ပြေးထွက်ခဲ့၏။

ညှော်ခန်းကို ရောက်တော့ အေးချမ်းက မျက်လုံးပြူး ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ဖြစ်တာလဲ"

ဆုန့်မျက်နှာက ဆူပုတ်နေသည်။

"ဟိုဘက်ခြံက တင်းနစ်သမားပေါ့"

"သြော် . . . ကိုကောင်းဇင်လား"

"နာမည်တော့ မသိဘူး၊ ဆုန့်ကို ဘောလုံးနဲ့ လာမှန်အောင် ရိုက်တာ"

"ကိုကောင်းက ခပ်အေးအေးပါကွာ၊ တမင် လုပ်တာ ဟုတ်မယ် မထင်ဘူး"

"မတော်တဆမှန်း ဆုန်လဲ သိပါတယ်။ ဒါကြောင့် ဘာမှ မပြောဘဲ လှည့်ထွက်ခဲ့တာ"

အေးချမ်းက တစ်ချက်ပြုံးလိုက်ပြီးမှ . . .

"နင့်ကို မတောင်းပန်ဘူးလား"

"ဆောရီးတဲ့"

"သြော် . . . နင်နဲ့ စကားလာပြောတယ်ပေါ့"

"တော်ပြီဟာ၊ ဆုန် ပြန်တော့မယ်"





"နေပါဦး ဆုန်ရယ်၊ ညနေမှ ပြန်မယ်ဆို"

"ဘာလဲ စောစောက ဖုန်းလာတာကို အဂ္ဂဆီက မဟုတ်လား၊ ဒါကြောင့် ပြန်ချင်တာပေါ့ ဟုတ်တယ် မဟုတ်လား"

"ချမ်းအေးက အရမ်း လိမ္မာတာပဲ"

"အမယ် . . ."

ဆုန့် လက်မောင်းကို မနာအောင် လှမ်းဆိတ်၏။

"ဒါဆိုလည်း လိုက်ပို့ပါ့မယ်"

ချမ်းအေးက ကားသော့ကို လှမ်းယူသည်။

ပြီးတော့ နှုတ်မှလည်း

"ကိုကောင်းက ရှေ့နေလေ၊ တင်းနစ်ရိုက်တာလည်း ပိုင်တော်တယ်"

"ဟွန်း"

ခြံထဲကို လျှောက်လာတော့ သူက ဟိုဖက်က ကြည့်နေတာမို့ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟော . . . ဟို လှမ်းကြည့်နေတယ်"

ချမ်းအေးက လှမ်းညွှန်ပြနေတာမို့ ဆုန်ကြည့်လိုက်မိသည်။

ရှုတည်တည် ပြန်ကြည့်သော သူ့ပုံစံက ချမ်းအေးဆီ အကြည့်ရောက်တော့ ပြုံးသွား၏။ ပြီးတော့ ခြံစည်းရိုးနားကို ရောက်လာ၏။

သူက ချမ်းအေးသူငယ်ချင်းပါ ကိုကောင်း။ စာမဖတ်ရလို့ ပြန်တော့မယ်တဲ့"

သူ့မျက်နှာပေါ်တွင် အားနာရိပ်တို့ လွှမ်းသွား၏။

"သူ ထိုင်နေတာ လုံးဝ မမြင်ဘူးကွာ"

"အင်း . . . ချမ်းအေးလဲ မတော်တဆ ဖြစ်တာပါလို့ ပြောထားပါတယ်"

"စိတ်ဆိုးသွားပြီ ထင်တယ်"

ဆုန်က ဘာမှ ဝင်မပြောဘဲ မျက်နှာလွှဲထားမိသည်။

"သွားလိုက်ဦးမယ် ကိုကောင်း"





"အေးကွာ၊ ကောင်းပြီ"

ဆုန်တို့ ကားပေါ်တက်ပြီး ထွက်လာချိန်အထိ သူက ရပ်ကြည့်နေဆဲ။

"ဆုန်"

"ဟင်"

"တစ်မျိုးကြီးပါလား"

"ဘာလို့လဲ"

"ကိုကောင်း ပုံမှန်မဟုတ်ဘူး"

"ဘာရယ်"

"ဘယ်သူ့ကိုမှ ဒီလောက် မငေးပါဘူး"

"ချမ်းအေးနော်"

စူးရှသော မျက်လုံးများကို ဆုန်လည်း နားလည်သလိုလိုတော့ ရှိသား။ သို့သော် ဆုန်ရင်ထဲကို တခြားလူတစ်ယောက် ဘယ်တော့မှ ဝင်လာနိုင်တော့မည် မထင်။

"ဆုန်နဲ့ သူနဲ့ မဆုံဖြစ်ဘူးနော်၊ ငါတောင် တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တလေ သူနဲ့ တင်းနစ်သွား ကစားတယ်၊ ကိုကောင်းက သဘောကောင်းပါတယ်''

''တော်ပါတော့နော်''

ဆုန်က ချမ်းအေးကို မျက်စောင်းထိုးလိုက်မိ၏။

ဆုန့်မှာ ချစ်သူရှိပြီးသား။

ဘာဇာတ်လမ်းမှ မရှာချင်ပါ။

သူစိတ်ဝင်စားတယ်ဆိုရင်လည်း ဘာမှ မထူးခြား နိုင်ဘူးလေ။

❋



ဆုန် ရောက်ပြီး မကြာခင်မှာပဲ မောင် အိမ်သို့ ရောက်လာသည်။

လန်းဆန်းနေသော မောင့်ပုံစံက ဆုန့်ရဲ့ စိတ်ကို ကြည်နူးပျော်မွေ့စေတာ အမှန်ပါ။

''ဆုန် ခေါင်းလျှော်ထားတာလား''

''ဟုတ်တယ် မောင်''

''သေချာသုတ်ဦးလေ၊ တော်ကြာ နေမကောင်း ဖြစ်ဦးမယ်''

''မဖြစ်ပါဘူး မောင်ရဲ့၊ ဆံပင်ရေစိုလေးနဲ့ နေတတ် ပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



သူက ခပ်တိုးတိုးအသံဖြင့် ဆုန့် နားကပ်ပြီး

"အရမ်း သတိရတယ်ကွာ"

ဆုန့်လက်ကို ဆွဲယူ ဆုပ်ကိုင်ရင်း တိုးတိုးဖွဖွ ပြော၏။

"ဆုန်ကော မောင့်ကို သတိမရဘူးလားဟင်"

မေးမှ မေးတတ်တယ် မောင့်ရယ်။

အစဉ်အမြဲ တမ်းတသတိရနေတာ မောင် မသိရော့သလား။

"ပြောလေ၊ ဆုန် မောင့်ကို သတိရရဲ့လား"

"အရမ်း သတိရပါတယ်"

ဆုန်တို့ နေ့တိုင်းလိုလို တွေ့နေမြင်နေရတာပါ။ သို့ပေမယ့် ဆုန့်စိတ်ထဲမှာ မောင့်ကို နည်းနည်းမှ မေ့ပျောက်ထားလို့ မရ။

မောင် ရောက်လာမယ့်အချိန်ကို ဆုန် တအား မျှော်နေမိသည်။

မောင်နဲ့ တွေ့နေချိန် ကြည်နူးနေသမျှ မောင် ပြန်ခါနီးကျရင် မျက်လုံးလေး သုန်မှုန်ကာ စိတ်တိုချင်မိသည်။

ဉာဏ်ဝင်းစာပေ



အကြောင်းမရှိ အကြောင်းရှာကာ စိတ်ကောက်ချင်နေတတ်၏။

မောင်ကလည်း ပြန်ကာနီးဆို မျက်နှာပျက်တတ်၏။

ဆုန်တို့နှစ်ယောက် သိပ်ချစ်ကြတာပဲနော် မောင်။

အဲသည်လိုလေးပဲ တစ်သက်လုံး ရှိချင်ပါတယ်။

ဘယ်တော့မှ နာကျင်စရာ အဖြစ်မျိုးတွေနဲ့ မုန်းသွားဝေးသွားရမှာမျိုး မကြုံချင်ဘူးကွယ်။

"ဆုန်"

"ဘာလဲ မောင်"

"ဆုန် ထမင်းစားပြီးပြီလား"

"ဟင့်အင်း ... ဆုန် မဆာသေးတာနဲ့ မစားရသေးဘူး မောင်ကော"

"မောင်လဲ မစားရသေးဘူး၊ အပြင်မှာ သွားစားမယ်ကွာ"

"မောင့်သဘောပဲလေ"

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



မောင်က ဆုန့် လက်ကလေးကို မချင့်မရဲ ဖျစ်ညှစ်၏။

ဆုန်ဆိုတဲ့ မိန်းမတစ်ယောက်ကတော့ ရှင် ဘာပြောပြော ဆန့်ကျင်ငြင်းပစ်နိုင်မယ့် စွမ်းအားတွေရှိမှာ မဟုတ်တော့ဘူး ထင်ပါရဲ့။

"သွားကြမယ်ဆုန်"

"ဟုတ်ကဲ့ မောင်"

ဆုန် မေမေကို သွားပြောပြီး ထွက်လာခဲ့၏။ ရေချိုးပြီးခါစမို့ ဘာမှ ထွေထွေထူးထူး လိမ်းခြယ်မနေတော့။

"မောင်"

"ဘာလဲဆုန်"

"ဆုန်လှလားဟင်"

မောင် စချင်သလိုလို ကျေနပ်သလိုလို ကြည့်သည်။

ဘယ်လိုမျက်လုံးကြီးတွေနှင့်ကြည့်နေမှန်းမသိ။ ဆုန်ရင်ထဲတွင် ဝုန်းဒိုင်းကြဲကာ မျက်နှာတွေ ပူနွေးလာရသည်။

"ဆုန်လေး"





ပြန်မထူးဖြစ်။

"ဆုန်လေးက ဘယ်လိုနေနေ သိပ်ချစ်စရာ ကောင်းပါတယ်ကွာ၊ ပြီးတော့ မောင်က လှနေမှ ကြိုက်မယ် ချစ်မယ်လို့ ပြောဖူးလို့လား၊ ဆုန် ဘယ်လိုနေနေ ဘာလုပ်နေနေ မောင် အရမ်းချစ်တယ်၊ အလှမပြင်ထားလဲ ချစ်တာပဲ"

တည်ကြည်လေးနက်လှသော မောင့်စကားများကို ခွင်းချက်မရှိ ဆုန် ယုံမိ၏။

"မောင်... ဆုန်လေ၊ မောင့်အရှေ့ရောက်ရင် အရမ်းလှချင်နေမိတယ်၊ ဘယ်လောက် ပြင်ထားပြင်ထား အားမရဘူး၊ လိုနေသလိုပဲ"

"အဲဒါ မောင့်ကို ဆုန်လေး သိပ်ချစ်နေလို့"

မောင်က ရယ်မောရင်း ဂုဏ်ယူစွာ ပြော၏။

"ဟုတ်မှာပဲနော်"

"ချမ်းအေးတို့ အိမ်က ပြန်ရောက်တာ ကြာပြီလား"

"သိပ်တော့ မကြာသေးပါဘူးမောင်"



www.burmeseclassic.com

www.burmeseclassic.com



"မောင်နဲ့ အတူတူ နေရရင် ဆုန် ပျော်မှာလား"

"အရမ်း ပျော်မှာပေါ့၊ ဆုန်က မောင့်ကို ချစ်တာပဲဟာ"

"နောက်တော့ မုန်းသွားရင်ကော"

"အို... မဟုတ်တာ၊ ဆုန် မမုန်းနိုင်ပါဘူး။ ဘယ်လိုလုပ် မုန်းနိုင်မှာလဲ မောင်ရယ်"

ဆုန် မောင့်လက်မောင်းကို မှီတွယ်ရင်း ထားမြဲမိသည်။

"မောင့်အနားမှာ ဆုန်က အဲဒီလို ကလေးတစ်ယောက်လို ချွဲနေဆိုးနေမှာ"

"မောင့်အနားမှာ ဆုန်ကို အမြဲတမ်း ရှိစေချင်တယ်၊ ဖြစ်နိုင်ရင် အချိန်ပြည့် အိမ်ထောင်ပြုလိုက်ပြီး လူကြီးတွေဖြစ်လာပြီဆို တခြား လူမှုရေးတွေ စီးပွားရေးတွေ သားရေးသမီးရေးတွေနဲ့ ရှုပ်ယှက်ခတ်ပြီး မောင့်ကို ဆုန်လေး ပစ်ထားမှသာ မောင်က အခုကတည်းက စိုးထိတ်နေရတာကွာ"





"ဆုန်လေ အခုတောင် ဒီလောက်ချစ်နေမိတာ၊ အဘွားကြီး ဖြစ်လာရင် ဒီ့ထက် ပိုဆိုးလာမလား မသိဘူး"

"သံယောဇဉ်တွေက ပိုပြီး များလာမှာပေါ့၊ မောင်လုံးဝ ရုန်းထွက်နိုင်တော့မှာ မဟုတ်ဘူး"

"ဘာလဲ... မောင့်က ရုန်းထွက်ချင်လို့လား"

"မဟုတ်ပါဘူး၊ မောင် အသက်ရှင်ရပ်တည်နေသမျှကာလပတ်လုံး ဆုန်အနားမှာ ရှိနေရင် မောင့်အတွက် ပြီးပြည့်စုံမှာပါ၊ တခြား မိန်းကလေးတွေ မလိုတော့ပါဘူး"

ဆုန်တို့နှစ်ယောက် ဆန်းမစ်ပတ်ဗျူး ဟိုတယ်မှာ ညစာ စားကြသည်။

မောင်က ကလေးတစ်ယောက်လို ဂရုတစိုက် ရှိတာမို့ ဆုန် ကျေနပ်မိသည်။

"မောင်"

"ဟင်"

"ကြာလာရင် မောင်က အမြဲဂရုတစိုက် ရှိပါတော့မလား"



www.burmeseclassic.com

www.burmeseclassic.com



"မောင်က အပြောင်းအလဲ မမြန်တတ်ပါဘူး။ ဆုန် မယုံဘူးလား"

"ယုံပါတယ် မောင်၊ သိပ်ကို ယုံပါတယ်၊ အဲဒါ ကြောင့်လည်း ခက်နေတာပေါ့"

"ဘာတွေ ခက်နေလို့လဲ ဆုန်"

"သိပ် ယုံထားတော့ တစ်စုံတစ်ခု လွဲချော်သွားရင် ဆုန် သိပ်ခံစားရမှာ၊ ယူကျုံးမရ ဖြစ်နေမိမှာ၊ ဒါပေမယ့် ဆုန် ယုံပါတယ်၊ မောင်က ဆုန့်ကို သိပ်ချစ်၊ သိပ်အလိုလိုက် ပြီး ပွင့်လင်းဖြူစင်စွာ ဆက်ဆံမယ့်လူလို့"

မောင်က သက်ပြင်းရှိုက်၏။

"ဘာဖြစ်လို့လဲ မောင်၊ ဆုန် စကားမှားသွားသလား ဟင်"

ထိတ်ထိတ်ပျာပျာလေး မေးမိ၏။

"မမှားပါဘူးကွာ၊ ဆုန်လေးရယ်"

မင်းအဂ္ဂက သူမမျက်နှာဖူးဖူးလေးကို ငေးစိုက်ကြည့် နေမိသည်။

ဉာဏ်ဝင်းစာပေ



မောင် ဆုန်လေးကို မညာရက်ပါဘူးကွာ။

ဒါပေမယ့် ဆုန်လေး စိတ်နာသွားမှာ၊ မောင့်ကို မုန်း သွားမှာကို သိပ်ကြောက်တယ်။

ဆုန်လေး သိလာတဲ့တစ်နေ့ မောင့်ကို မုန်းသွားရင် တောင် စိတ်ဆိုးတွေ ပြေမယ့်နေ့၊ အခုလို ပြန်ချစ်လာမယ့် နေ့ကို စိတ်ရှည်ရှည်နဲ့ စောင့်မှာပါ"

အတိတ်က ဇာတ်လမ်းမှာ အပြစ်ရှိသူဟာ မောင့်ရဲ့ ဦးလေးဆိုတာ ဟုတ်ပါတယ်၊ ဒါကြောင့်လည်း ဦးမြွတ်ဝေရဲ့ သူပါလို့ ဖွင့်မပြောတာ ဆုန့်ကို လက်လွှတ်ဆုံးရှုံးမခံနိုင်လို့ပါ။

ဆုန်က ခွင့်လွှတ်တတ်သူပါ။ မောင့်ကို နားလည်ပေး နိုင်မှာပါလေ။

ဆုန်ကို တစ်သက်လုံးကိုပဲ ပိုင်ဆိုင်ချင်တယ်။

အပြန်ကားပေါ်မှာ ဆုန်လေးက ငြိမ်သက်နေ၏။

သူ ကားကိုရပ်ပြီး ဆုန့် ကိုယ်နွေးနွေးလေးကို ကျစ် ကျစ်စွာ ပွေ့ဖက်မိသည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"မောင်ရယ်"

ဆုန်က ခေါင်းလေးကို ငုံ့ရင်း သူ့အင်္ကျီကို လက်နှင့် ဆုပ်ကိုင်ကာ ရှက်နေ၏။

ဆုန် မသိမသာ ရှန်းမှုပဲ လွှတ်ပေးဖြစ်၏။

"မောင့်ကို တစ်သက်လုံး ချစ်ရမယ်ကွာ၊ ကြားရဲ့လား"

အမိန့်ဆန်ဆန် သူ့စကားကို ဆုန် ခေါင်းညိတ်ဖြစ်၏။

"မောင်က လွဲပြီး ဘယ်သူ့ကိုမှ မချစ်ရဘူး"

"စိတ်ချပါ မောင်ရယ်"

မောင့်မျက်နှာကို မော့ကြည့်ရင်း ကတိပေးမိသည်။

"မောင်တို့ လက်ထပ်ကြရအောင် ဆုန်ရာ နော်"

"အင်း"

ခေါင်းညိတ်မိသည်။

"ရုံးမှာ လက်မှတ်ထိုးထားမယ်ကွာ၊ ပြီးမှ အေးအေးဆေးဆေး မင်္ဂလာဆောင်မယ်"

"ဘယ်လို"





"အရင် ရုံးတက် လက်မှတ်ထိုးထားမယ်၊ ပြီးမှ ညည့်ခံ ပွဲ လုပ်မယ်လေကွာ"

"လက်မှတ်ထိုးတော့ မေမေတို့ကော ပါမှာလား"

"နှစ်ဖက်မိဘတွေရယ်၊ မောင်နဲ့ ဆုန်လေးရယ်၊ ... ကြက်ယောက်ပဲ သွားမယ်လေ၊ ညည့်ခံပွဲကတော့ ဆုန် ကြိုက် ... လို လုပ်နိုင်တယ်နော်"

"ရပါတယ် မောင်ရယ်"

"ဒါဆို ဆုန် မေမေတို့ကို ပြောထားနော်၊ မောင်က ... ပြောပြီးပြီ"

"ဟုတ်ကဲ့"

သူက ဆုန့်ကို ပွေ့ပိုက်ရင်း ကလေးငယ်တစ်ဦးလို ... ကြည့်နေသည်။

ဆုန် မောင့်လည်ပင်းကို သိုင်းဖက်ထားမိသည်။

"မောင်ကလေ တိုးတိုးတိတ်တိတ်ပဲ လက်မှတ်ထိုး ... တယ်၊ ပြီးမှ လူတွေ သိတာ ပိုကောင်းမလားလို့ တော် ... ာ အနှောင့်အယှက် တစ်စုံတစ်ခု ဖြစ်လာမှာ စိုးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာအနှောင့်အယှက်တွေ ရှိနေလို့လဲ မောင်၊ ဆုန် နားမလည်တော့ဘူး"

"မဟုတ်ဘူးလေကွာ၊ လူတွေများတော့ ပါးစပ်တွေ များတယ်"

"အဲဒါ ဘာဖြစ်လဲ"

"ဆုန်လေး စိတ်အနှောင့်အယှက် ဖြစ်ရမှာ မောင်က မလိုချင်ဘူး"

"ဩော်"

မောင်က ဆုန့်နဖူးလေးကို ဖွဖွရှိုက်နမ်း၏။

"ဘယ်သူတွေ ဘာပြောပြော ဆုန်က စွတ်ရမ်းပြီး မယုံတတ်ပါဘူး မောင်ရယ်၊ မောင့်ကို ဆုန် နိုင်မာစွာ ချစ် နေတာပဲဟာ"

"မောင် သိပါတယ်ကွာ"

"ပြန်ကြရအောင်နော်"

"အိုကေ"





ဆုန်က No အဖွဲ့ရဲ့ သီချင်းခွေလေးကို ခပ်တိုးတိုး ဖွင့်မိတော့ မောင်က ကားမောင်းနေရာမှ ဖျတ်ကနဲ လှည့် ကြည့်သည်။

ဆုန် မျက်နှာလေး ရှုံ့ပြလိုက်တော့ မောင်က မချင့်မရဲ ဖြစ်လာပုံနှင့် အံကြိတ်ကာ အရှေ့ဖက်ကို ပြန်လှည့်သွားသည်။

ချစ်စရာကောင်းသော သီချင်းသံလေးက ကားထဲ မှာ လွှမ်းခြုံထားသည်။

*+++ ကြယ်တွေစုံရင် +++ ညတစ်ည +++ သီချင်း တစ်ပုဒ်ရေးမယ် +++ ကိုယ့်ဘေးနားက ချစ်သူမင်း +++*

*ဒီရင်ခွင်ကို အရည်ပျော်စေမယ့် အပြုံးတွေ +++ခြွေချ လိုက်ပါ +++*

*(ဒါဟာ မှားသလား၊ ဆိုးသလား၊ ကောင်းသလား ပေါ့+++)*

*(တရားလွန် ရင်မှာ ချစ်တာ)*

*(နောင်အခါ နီးမလား၊ ဝေးမလား၊ တစ်ခုမှ မသိ)*



www.burmeseclassic.com

www.burmeseclassic.com



(အလွန်အကျွံ ငါလေ ချစ်တာ +++)

အေး +++ စက်နေတဲ့ +++ ရင်ထဲနွေးအောင်+++

မင်းချစ်နိုင်မလား +++ ထာဝရတစ်သက်တာ +++

အချိန်တွေ ကုန်လွယ်လွန်းတော့ မင်းဘေးနားက+++

လှပသော ကမ္ဘာ +++ ကိုယ်ဘာနဲ့မှ မလဲနိုင် +++

မင်း သိနိုင်မလား +++

ငါ့အချစ်များနဲ့ မင်းကို ကြင်နာယုယခဲ့တာ +++

❄

ဆုန် ရင်ခုန်စွာနှင့် စောစောစီးစီး နိုးလာခဲ့သည်။

ညကလည်း ဟိုတွေးသည်တွေးနှင့် နှစ်နှစ်ခြိုက်ခြိုက် ...ိပ်မပျော်။ တော်ကြာ အဆင်သင့်ဖြစ်ရအောင် ပြင်ဆင်ထားဖို့ ...ဦးစားရသည်။

မောင်ရယ် . . . ဆုန်က မောင့်ကို သိပ်မြတ်နိုးခဲ့ရ ...ပါ။

မောင် ဖြစ်စေချင်သလို လိုက်လျောဖြစ်တာ မောင့် ...ို သိပ်ချစ်မိလို့ပါ။

ဆုန့်ကို နားလည်လိမ့်မယ်လို့လည်း ဆုန် ယုံကြည် ...ါတယ်။



ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"မောင်အဂ္ဂက တစ်မျိုးပါလား သမီးလေးရယ်၊ အင်း လေ . . . သမီးလေးက သူ့ဆန္ဒကို လိုက်လျောချင်တယ်ဆို လဲ မေမေတို့က ဘာမှ ငြင်းစရာ မရှိပါဘူးကွယ်၊ သူက နောက်ကြောင်းရှင်းတဲ့ လူကောင်းတစ်ယောက်ပဲလေ၊ သူ့ မိဘနှစ်ပါးလဲ သိထားပြီးသားဆိုတော့ ကောင်းတာပေါ့"

မေမေ့စကားများကို ဆုန် ပြန်လည် အမှတ်ရနေပါ သည်။

"သူ့မိဘတွေလဲ အတူတူ ပါကြမှာပဲလေ"

"ဟုတ်ပါတယ် မေမေ"

ဆုန့်ကို သမီးထွေးလေးမို့ အချစ်ပို အလိုလိုက်သော မေမေက ဆုန် စိတ်ချမ်းသာအောင် လိုက်လျောရှာပါသည်။

သို့ကြောင့် သည်နေ့ မနက်ပိုင်းမှာ ဆုန်တို့ ရုံးတက် လက်မှတ်ထိုးကြရတော့မည်။

ညတုန်းကပင် မောင်က ဖုန်းဆက်ပြီး ရင်ခုန် ကြည်နူး စရာလေးများကို ရွှတ်နောက်နောက် ပြောနေတာမို့ ဆုန် ရှက်လန့်စွာနှင့် ပျော်နေမိသေးသည်။





ဒီမနက်မှာ မောင်လည်း ဆုန့်လိုပဲ ဝီရိယကောင်းစွာ ိုးနေတော့မှာလား မသိ။

မောင် . . . ဆုန့်ကိုမှ သတိရရဲ့လား။ မေ့များနေ ယလား။ ဘယ်လောက်ထိ ချစ်နေတာလဲ။ တစ်သက်လုံး ာတွက် ရွယ်စူးပြီး ခိုင်ကျည်စွာ ချစ်တာမျိုးလား။

မောင့်ကို ယုံကြည်ပေမယ့် ဆုန်တကယ် လက်တွေ့ ကျကျ သိချင်လှပါသည်။

မောင် ဒီအချိန် နိုးနေပြီလား မသိပါ။ ဆုန်ပင် အိပ် ပျော်နိုင်ဘဲ နိုးလာရတာ။ မောင်လည်း ဆုန့်အချစ်ချင်းညီရင် ိုးနေလောက်ပါပြီလေ။

ဆုန်မျက်နှာသစ်၊ ခေါင်းဖြီးပြီးတာနှင့် မောင့်ဆီ ဖုန်း ာက်လိုက်သည်။

"မောင်"

"ဟာ . . . ဆုန်လေး၊ နိုးနေပြီလား"

မောင်ကဝမ်းသာအံ့သြသံကြီးနှင့် မေး၏။



www.burmeseclassic.com

www.burmeseclassic.com



မောင် မျက်နှာ တည်တည်ခန့်ခန့်ကြီး အရမ်းချိုမြ နေမလားဟု ခန့်မှန်းမြင်ယောင်ကြည့်မိ၏။

"မောင် အိပ်လို့ မရဘူး၊ အခုလည်း အစောကြီး ကတည်းက နိုးနေတယ်၊ အရမ်း ချစ်တယ်ကွာ၊ ဆုနဲ့ဆီ ချက်ချင်း ပြေးလာချင်တယ်"

"ဆုန်လည်း အိပ်လို့ မရဘူး"

"မောင် နားလည်ပါတယ်၊ ဆုန်လေး ကော်ဖီ သောက်ပြီးပြီလား"

"ဟင့်အင်း . . . မောင်ရော"

"သောက်ပြီးတာ ကြာလှပြီ"

"တကယ်"

"တကယ်ပါ၊ မောင်မှ မညာတတ်တာ၊ မောင်က နိုးနိုးချင်း မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီးတော့ ရှုးစပို၊ တွေ ထုတ်၊ ကော်ဖီနှင့် မုန့်နဲ့စား"

"အင်း . . ."





"အားလုံးပြီးတော့မှ ညှော့ခန်းမှာထိုင်ပြီး ဆုန်လေးကို စိတ်နဲ့ မှန်းနိုးလိုက်တာ၊ ဆုန်လေးရေ ထတော့လို့ မောင် အနားမှာ လာပြောသလို ခံစားရပြီး ဆုန်လေး နိုးလာတာ မဟုတ်လား"

"ဟင်း . . . ဟင်း . . .ဟင်း"

"ပြောတတ်လိုက်တာ မောင်ရယ်"

ထာဝရ တည်တံ့နေသော မောင်က နူးနူးညံ့ညံ့ စကားများကို တစ်ခါတလေလောက်သာ ပြောလေ့ရှိသည်။ အဲဒီလို ပြောလာလျှင် သိပ်နားထောင်ကောင်းပြီး ယုံပစ်လိုက်ချင်စရာ။

"ဆုန် မယုံဘူးလား၊ တစ်ဖက်လူက သိပ်သတိရလာရင် နောက်တစ်ယောက်က အိပ်နေရင်တောင် နိုးလာရတယ်ကွာ၊ မောင်တော့ ယုံတယ်"

ဆုန်က ငြိမ်သက်နားထောင်နေတာမို့ မောင်က ဆက်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"မောင် ဆုန့်ကို အရမ်းသတိရမိတဲ့ အချိန်ဆို ဆုန်လဲ မောင့်ကို ဖျတ်ကနဲ သတိရလာမှာပဲ"

"အဲဒါ ဟုတ်လို့လား"

"ဟုတ်မယ် ထင်တယ်"

မောင်က တဟားဟား ရယ်နေ၏။

"ဆုန်"

"ရှင်"

"အိမ်မှာ အဆင်ပြေရဲ့လား"

"ပြေပါတယ်"

"ဆုန်ကကော အခု အစီအစဉ်ကို ကြိုက်ရဲ့လား"

"မောင်ရယ်"

ဆုန် ပင့်သက်ကလေး ရှိုက်မိ၏။

"ပြောလေ ဆုန်၊ ဆုန်မကြိုက်ဘူးဆိုလဲ မောင်က ဇွတ်မဖန်တီးပါဘူး"

"ဆုန်က မောင် ဖြစ်စေချင်သလို လိုက်လျောမှာပါ။ မောင် ကြိုက်တယ်ဆို ဆုန်လဲ ကြိုက်ရမှာပေါ့"





"ပြော် ... ဆုန်ရယ်"

"မောင့်ကို ဆုန် ယုံပါတယ်၊ ဆုန့်အပေါ် သိပ်ကြင်နာပြီး သစ္စာရှိလိမ့်မယ်၊ ပြီးတော့ မတရားတာ၊ တစ်ကိုယ်ကောင်းဆန်တာမျိုး ဘာမှ လုပ်မှာ မဟုတ်ဘူးလို့ ဆုန် ထင်ပါတယ်၊ အဲဒါကြောင့် မောင့်ဆန္ဒအတိုင်း လိုက်လျောတာပေါ့"

"အင်း"

"ပြီးတော့ မောင်ကို ပြောချင်းမယ်။ အိမ်ထောင်တစ်ခုကို တကယ်တမ်း ထူထောင်ကြတော့မယ်ဆို တစ်ယောက်ကို တစ်ယောက် သည်းသည်းလှုပ်ချစ်ဖို့ထက် နားလည်မှုရှိဖို့ သည်းခံခွင့်လွှတ်ဖို့နဲ့ ကြင်ကြင်နာနာရှိကြဖို့က အရေးကြီးပါတယ်နော်"

"မဟုတ်ဘူးလား"

"ဆက်ပြောပါဦး"

"ဆုန် အဆင်မပြေတဲ့ အိမ်ထောင်ရေးကို သိပ်



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ပါတယ်၊ ရှင်းလို့မရတဲ့ ပြဿနာတွေ ရှိလာမှာ သိပ်စိုးရိမ်တယ်''

''ရှင်းလို့ မရတဲ့ ပြဿနာ ဟုတ်လား၊ ဆုန် ဘာကို ပြောချင်တာလဲ''

''ဒီလိုပါ မောင်၊ သာမန် လူမှုရေး ပြဿနာလေးတွေဆို တစ်ယောက်နဲ့တစ်ယောက် အဆင်မပြေလဲ ခဏပေါ့၊ လောကကြီးမှာ အားလုံး ပြေလည်တယ်ဆိုတာတော့ ဘယ်ရှိပါ့မလဲ''

''အင်း''

''အဖုအထစ် ပြဿနာ သေးသေးလေးတွေ ရှိမှလဲ ပိုပြီး ပျော်စရာ ကောင်းမှာပါ၊ ဆုန်က စိတ်ဆိုးစိတ်ကောက်၊ မောင်ကချော့၊ အဲဒီလိုမျိုးပေါ့''

''သိပ်ကောင်းပါလား၊ ကျုပ်က ခင်ဗျားလေးကို ချော့မှာ မဟုတ်ဘူး ရိုက်ပစ်မှာ''

မောင့်အသံက ချစ်စနိုး။

ဉာဏ်ဝင်းစာပေ



''ထားပါတော့ ရှင်းလို့ မရတဲ့ ပြဿနာဆိုတာက''

''သံသယတို့ ယုံကြည်မှု ကင်းမဲ့လာတာတို့ပါ''

''အင်း''

''မောင်က ဆုန်အပေါ် မကောင်းဘူး၊ မောင်ကို ဆုန် မယုံရဲတော့ဘူး၊ အဲဒီလိုမျိုးတွေ ဖြစ်လာမှာ ကြောက်တယ်၊ တစ်ယောက်ကိုတစ်ယောက် မနှစ်သက်ဘဲနဲ့ အသိုင်းအဝန်း ပတ်ဝန်းကျင်နဲ့ လူမှုရေးဘောင်တွေကို ငဲ့ညှာပြီး အောင့်အီး နေကြတဲ့ အိမ်ထောင်ရေးမျိုးတွေလဲ တွေ့ဖူးပါတယ်''

''ဆုန်ဆိုရင်ကော မတော်တဆ အဲဒီလို အခြေအနေမျိုး တွေ့ကြုံလာရင် ဘယ်လိုဆုံးဖြတ်မှာလဲ''

''ဖွ . . . မပြောကောင်း မဆိုကောင်း မောင်ရယ်၊ လွဲပါစေ''

ဆုန်က အသံတုန်တုန်လေးနှင့် ဟန့်တားတာမို့ ပင်းအဂ္ဂရင်ထဲ နင့်သွားရသည်။

မောင် ညာထားတဲ့ ကိစ္စတစ်ခုကို ဆုန် ခွင့်လွှတ်နိုင်ပါ့မလားကွာ၊ စိုးထိတ်မှုတို့ ရင်ထဲ ပြည့်လျှံလာရသည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရင်ပူလိုက်တာ ဆုန်ရယ်။ မောင် ဆုန်နဲ့ မခွဲနိုင်ဘူး။

"မောင်"

"အင်း . . . ပြောလေ"

"ဆုန်က အငြိုးအတေးလဲ မထားတတ်ဘူး၊ ခွင့်လွှတ်နိုင်စွမ်း ရှိတဲ့သူပါ၊ တမင် ကြံစည်ပြီး ရည်ရွယ်တာမျိုး မဟုတ်ဘဲ မလွှဲသာ မရှောင်သာ မောင်ဆန္ဒမပါဘဲ ဖြစ်သွားရတဲ့ အမှားမျိုးကို ဆုန်ခွင့်လွှတ်နိုင်မှာပါ၊ ဒါပေမယ့် ကြိုတင်အကွက်ချပြီး ပိပိရိရိ လိမ်ညာလှည့်ဖြားတာမျိုးဆိုရင်တော့ လုံးဝ ဆောရီးပဲမောင်"

"အား . . . ဆုန်လေးရာ"

မချိမဆံ့ ညည်းလိုက်သော မောင်အသံကြောင့် ဆုန့်ရင်ထဲ တစ်မျိုးကြီး ဖြစ်သွားရသည်။

"ဆုန်က တော်ရုံလူကို စိတ်မနာတတ်ဘူး မောင်၊ နာပြီဆိုလဲ ပြန်ပြေလည်ဖို့ မလွယ်ဘူး"

"အင်း"





"ကဲ . . . တော်ပြီ၊ ဘာတွေ ပြောနေမိမှန်း မသိပါဘူး။ မောင် . . . ဆုန် ရေမိုးချိုးထားတော့မယ်၊ မောင့်အပေါ် အဆုံးစွန်အထိ ခွင့်လွှတ်နားလည်မယ့်သူပါ၊ မောင်က စိုးရိမ်နေလိုက်တာ၊ အပြစ်ရှိသူကြီး ကျနေတာပဲ"

"မောင်လာခဲ့တော့မယ်၊ ဖေဖေတို့ နောက်မှ လိုက်လာကြပါစေပေါ့၊ မောင် ဆုန်လေးကို တွေ့ချင်တယ်"

"ရပါတယ် လာခဲ့ပါမောင်၊ ဆုန် စောင့်နေမယ်"

ဆုန် ရေမိုးချိုး ကော်ဖီသောက်ပြီးတော့ မောင် ရောက်လာ၏။

ခြံဝအထိ ထွက်ကြိုမိတာကို ရှက်မိပေမယ့် ကြည်နူးနေတာလည်း အမှန်ပါ။

"ဆုန်လေး"

မောင်က ဆုန် မတ်တတ်ရပ်သည့် နေရာမှာပဲ ကားကို ရပ်ပစ်လိုက်၏။

"တယ် မောင် . . . မောင်းသွားလေ"



www.burmeseclassic.com

www.burmeseclassic.com



ဆုန် ပေါ်တီကိုအောက်ကို ခပ်ဖြည်းဖြည်း လျှောက်လာတော့ မောင်က ကားပေါ်က ဆင်းပြီး ဆုန့်ဆီကို လျှောက်လာ၏။ ယနေ့မှစ၍ နှစ်တစ်ရာတိုင် တူယှဉ်တွဲ သွားရတော့မှာနော်။

"ဆုန်လေး . . . တအားလှမ်းတာပဲကွာ"

ဆုန် လက်ကို ဖျစ်ညှစ်ဆုပ်ကိုင်ရင်း တုန်တုန်ခိုက်ခိုက်ပြော၏။

"ဆုန်က ချစ်စရာလေး"

ဆုန် ခေါင်းကို တအား ငုံ့ချမိသည်။

ဆုန်တို့နှစ်ဦး ခြံနောက်ဘက်ကို လျှောက်လာဖြစ်၏။

"ဆုန်ရာ . . . သိပ်ချစ်တယ်၊ ဆုန်လဲ မောင့်ကို အရမ်းချစ်ရမယ်"

မောင်က ဆုန့်တစ်ကိုယ်လုံးကို ရစ်ပတ်သိုင်းဖက်လာ၏။

"မောင်လေ ဆုန့်ကိုပဲ တစ်သက်လုံး ချစ်မှာပါ၊ ဘယ်မိန်းကလေးကိုမှ ချစ်လို့ရမှာ မဟုတ်တော့ဘူး၊ ချစ်နိုင်မယ်





လည်း မထင်ဘူး၊ ဆုန့်အပေါ် သစ္စာတရား ခိုင်မာမယ့် လူတစ်ယောက်လို့ ဆုန် မှတ်ထားပေးပါ"

"ကျေးဇူးတင်ပါတယ် မောင်ရယ်"

မောင့်ရင်ခွင်ထဲ ခေါင်းတိုးဝင်ရင်း ကျေနပ်ပျော်မွေ့စွာ ပြုံးနေမိသည်။

"လက်ထပ်ပြီးတော့ မောင်က ဆုန့်ကို အခုထက်ပိုချစ်မှာ"

"တကယ်နော်"

"အလှတွေ အရမ်းမပြင်နဲ့၊ မောင် စိုးရိမ်တယ်"

"ဟင် . . . မောင်ကလဲ ဆုန်က မောင့်တစ်ယောက်တည်းအတွက် အလှပြင်တာပါ၊ မောင်မချစ်မှာ စိုးလို့"

"ဟာ . . . ဘာဆိုင်လို့လဲ၊ မောင်က အမြဲ ချစ်ပြီးသားပါ"

"ပြင်ပြင်ဆင်ဆင်လေးနဲ့ လှနေတော့ မောင် စိတ်မချမ်းသာဘူးလား"

"ဒါတော့ ဒါပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မောင်ကလဲ စိတ်ချပါ၊ ဆုန် မောင့်ကိုပဲ ချစ်တယ်၊ မောင်က လွဲရင် ဘယ်သူ့မှ မချစ်ဘူး၊ ချစ်လို့လဲ ရမှာ မဟုတ်တော့ဘူး"

"ဆုန်ရာ မောင် သိပ်ချစ်လာအောင် ပြောတတ်လိုက်တာကွာ"

မောင်က ဆုန့်ကို ဆတ်ကနဲ ပွေ့ချီကာ ခုံတန်းလေးပေါ် တင်ပေး၏။

ဆုန် မောင့်နဖူးကျယ်ကျယ်ကို မွှေးရှိုက်မိသည်။

မောင်က ကလေးငယ်တစ်ဦးလို မျက်စိစုံမှိတ်ရင်း ငြိမ်သက်နေ၏။

"ထပ်နမ်းဦး ဆုန်ရာ"

"ဟင့်အင်း"

မကြာမီ လက်ထပ်မည့် စုံတွဲလေးသည် ကြည်နူးမှုရယ်သံချင်း ပေါင်းစပ်သွားကြသည်။

❄

ဉာဏ်ဝင်းစာပေ

ဆုန် ကြိုးပုခက်လေးပေါ် ကန့်လန့်ဖြတ် လှဲချလိုက်ရင်း မြင်ရသော ကောင်းကင်ပြာကို မော့ကြည့်မိသည်။

လန်းဆန်းပေါ့ပါးနေသော စိတ်ကြောင့် ဆုန့်မျက်နှာလေး ကြည်စင်နေရသည်။

ဆုန် အရမ်းပျော်နေသည်။

မပျော်ဘဲရှိပ့ါမလား။ သိပ်ချစ်ရတဲ့ မောင်နဲ့ လက်မှတ်ထိုး လက်ထပ်ခဲ့ပြီးပြီပဲ။

စိတ်တွေလည်း လှုပ်ရှားတုန်ရီနေသည်။

ခုနစ်ရက် အကြာမှာ ဆုန်တို့ ခြံကြီးထဲတွင်ပင် ညည့်ခံပွဲပ်ဖို့ စီစဉ်နေကြပြီ။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



မောင် ပြန်သွားတာ တစ်နာရီပင် မပြည့်သေး။ ခ
လွမ်းနေမိသည်။ ထို့ကြောင့် ကြိုးပုခက်ပေါ် လာအိပ်ရ
သီချင်းတစ်ပုဒ်ကို ခပ်တိုးတိုး ဆိုနေမိသည်။

အဆင်ပြေသော နှစ်ဖက်မိဘများကြောင့် ဆုနှ စိ
ချမ်းသာရပါသည်။

"သမီးလေးရေ"

"ရှင် . . မေမေ"

"သမီး ဖုန်းလာနေတယ်"

"ဟုတ်ကဲ့"

ဆုနှ ဆတ်ခနဲ ခုန်ထလိုက်မိသည်။

မောင် ဆက်တာများလား။

"ဘယ်သူ့ဆီကလဲ မေမေ"

"ချမ်းအေး သမီး ရော့"

"ဩော်"

ဆုနှကာ အပြေးအလွှား ဖုန်း နားထောင်လိုက်သ





"ချမ်းအေး ပြောလေ"

"ဆုနှ . . . ငါတို့ နင့်ဆီ လာမလို့ ယုဇနရော
ကပ်ထက်ရော ပါတယ်"

"လာလေဟယ်၊ ဒါများ ဖုန်းဆက်ရသေးတယ်"

"ဆုနှ နင် တော်တော် ပျော်ရဲ့လား၊ အားလုံး
အဆင်ပြေတယ်မဟုတ်လား"

"ပြေပါတယ်၊ အားလုံး အိုကေပဲ"

ဆုနှ တစ်ချက်ရယ်မိရင်း ဖြေလိုက်သည်။

"ပြောစရာရှိလို့ ဆုနှ"

"ဘာများလဲ"

ဆုနှ့ ရင်ထဲမှာ ထင့်ကနဲ ဖြစ်သွားရသည်။

"ဘာလဲ ချမ်းအေး ပြောလေ"

"ကိုအဂ္ဂအကြောင်းပါ"

"သူ ဘာဖြစ်လို့လဲဟင်၊ ဘာသတင်းတွေ ကြားရလို့
လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



ပျာပျာသလဲ မေးမိရင်း ပူပန်မှုက အထွတ်အထိပ် ရောက်သွားရသည်။

"ပြောပါဟာ၊ သူ တခြားမိန်းကလေးတစ်ယောက် ယောက်နဲ့ ..."

"ဟာ ... မဟုတ်ပါဘူး၊ အဲဒါ မဟုတ်ဘူး"

ဆုန် သက်ပြင်းရှိုက်မိသည်။

"နင် ခွင့်လွှတ်ရင် ခွင့်လွှတ်နိုင်စရာပါ၊ အပြစ်ယူ မယ်ဆိုရင်လဲ ယူချင်စရာပေါ့"

"ပြောပါဟယ်၊ ဆုန်အရမ်း တုန်လှုပ်နေပြီ"

"ချမ်းအေးတို့ အခုလာခဲ့မယ်လေ နော်"

"မြန်မြန်လာနော်"

"အင်း ... အင်း"

ဖုန်း ပြန်ချရင်း ငိုနေမိသည်။

မောင်ရယ် ... ဆုန့်အပေါ် ဘာတွေ လျှို့ဝှက်ထား ပြီလဲ။





ဘာပဲဖြစ်ဖြစ် မောင့်ကို ဆုန် ချစ်နေမိမလားဘဲ။

သူငယ်ချင်းတွေ ရောက်အလာကို ရင်မောစွာ စောင့် နေမိသည်။

ချက်ချင်း ရောက်လာသော သူတို့ ပုံစံတွေက ခန့် မှန်းရခက်နေရသည်။

သို့ပေမယ့် ဘာမှလည်း အမူအယာ မပျက်။

"ကြည့်စမ်း ... ဆုန် မျက်လုံးလေး ပြူးနေတာပဲ"

"ဘာလဲဟင်၊ နင်တို့ တမင် စတာလား"

မယုံမရဲ ပုံစံနှင့် ဆုန်မေးတော့ ချမ်းအေးက အမဲ့စွတ် သော အပြုံးလေးနှင့်။

"ဘာမှတော့ မဟုတ်ပါဘူး၊ ဦးမြတ်ဝေနဲ့ ကိုအဂ္ဂနဲ့ က တူဝရီးတွေဆို"

"ဘာ"

ဆုန် ကြောက်လန့်စွာ အော်ဖြစ်၏။

"အရင်က ဆုန်မသိဘူး မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



''ဟင့်အင်း''

ဆုန် ခေါင်းခါရင်း ကြောင်အမ်းသွားရသည်။

ခေါင်းထဲမှာ မိုက်ကနဲတောင် ဖြစ်မိ၏။

ညာရက်တယ်နော် မောင်။

ဆုန့်ကို လိမ်လည်လှည့်ဖြားရက်လိုက်တာ။

မယုံချင်ဘူး၊ ဆုန် မယုံပါရစေနဲ့၊ မဖြစ်နိုင်ဘူး။

ဆုန် မောင့်ကို သိပ်ယုံကြည်ခဲ့တာပါ။

ဆုန့်ကို ချစ်လွန်းလို့ ညာတာဆိုလည်း ဆုန် ခွင့်မလွှတ်ဘူး။

ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း ဖွင့်ပြောပြီး တောင်းခံလာရင် ဆုန်က ငြင်းနိုင်မှာတဲ့လား။

မောင် မတရားဘူး။

ဆုန့်ဘဝလေးကို ညာယူတယ်။

ဆုန် ယူကျုံးမရဖြစ်ခြင်းနှင့် ဆောက်တည်ရာမရ၊ သူ ဘာချစ်တာလဲ။ ဆုန့်ကို ကလေးငယ်တစ်ဦးလို





ကိုယ့်ဘာသာ ဆုံးဖြတ်ပြီး ဖန်တီးလိုက်တာ အရေးမထားတာပေါ့။

မချစ်လို့ ဂရုမစိုက်ဘဲ သည်လို လုပ်ရဲတာပေါ့။

မောင်ရယ် . . . ဆုန်က ယုံကြည်ထားလိုက်ရတာ။

မောင်မို့ သည်လောက် ရက်စက်နိုင်တယ်။

ဆုန့်ဘဝမှာ ဦးမြတ်ဝေကို နာကျင်မုန်းတီးဆုံးပါပဲ။

သူ့တူကိုမှ ဆုန် သည်းသည်းလှုပ် ချစ်မိရသတဲ့လား။

သူလည်း အတူတူပဲ . . .။

ဦးလေးက ဆုန် မမကြီး နွေရဂုံကို မတရား သိမ်းပိုက်ယူတယ်။

သူက ဆုန့်ကို လိမ်ညာအသုံးချတယ်။

အထင်ကြီးသမျှ အလကားပဲ။

အခုတော့ သွားပြီ။

မောင့်ကို သည်လောက်ထိ ရင်နာမိမှာ ဆုန် ဘယ်ဟုန်းကမှ မမျှော်လင့်ထားဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဆုန်နဲ့ ဝေးရမှာစိုးလို့ ဆုန် မုန်းသွားမှာ ကြောက်လို့ ဆိုပြီး လိမ်ညာတာတော့ မကောင်းပါဘူး ရှင်ရယ်။

ဆုန့်ဘက်က ယုံကြည်မှုတွေကို စော်ကားပစ်လိုက်ပြီပေါ့နော်။

ဆုန် အချစ်တွေ မတန်လိုက်တာ။

ချစ်ခဲ့ရတာတွေ ယုံကြည်မှုအပြည့်နဲ့ လိုက်လျောခဲ့ရတာတွေ။

ရှင် လူညာ။ ယောကျ်ားကောင်းမဟုတ်ဘူး။

အစကတည်းက ရိုးရိုးသားသား ဖွင့်ပြောခဲ့ရင် လေးစားမိဦးမှာပါ မောင်ရယ်။

အခုတော့ . . .။

❋

ဉာဏ်ဝင်းစာပေ

ဆုန်သည် ချမ်းအေးတို့ ပေးလာသော မောင့်ရဲ့ သတင်းကို ကြားပြီးနောက် မောင်ဟာ ဦးမြတ်ဝေရဲ့ တူအရင်း မှန်း သိပြီးနောက် စိတ်ထိခိုက် ကြေကွဲပြီး အိပ်ယာပေါ် ပုံလဲ တဲ့အထိ နေမကောင်း ဖြစ်သွားရသည်။

ရင်ထဲ ကြိတ်ကြိတ်မျိုသိပ်ခံစားရလွန်းတော့ မွန်းမွန်း ကြပ်ကြပ်ကြီးဖြင့် လူက ထွက်ပေါက်ပိတ်နေသလို ဖြစ်သွား ရသည်။

မေမေက ဆုန့်လက်ကလေးကို ဆုပ်ကိုင်ရင်း ကုတင် ပေါ်မှာ ထိုင်နေ၏။

“သမီးလေး ဆုန် သက်သာရဲ့လား”

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆုန် ခေါင်းညိတ်ပြဖြစ်သည်။

မမနှင်းပုံသည်လည်း ဆုန့်အနီးမှာ ရှိနေသည်။

ဆုန် နှုတ်ခမ်းလေးကို နာနာဖိကိုက်ရင်း ပြောချင်တာ အားလုံးကို ရင်ထဲ အတင်း ပြန်မျိုချနေရတာ ခက်ခဲလွန်းပါဘိ။

ဆုန် မကျေနပ်ဘူး မေမေရယ်။

မေမေတို့ မမနှင်းပုံတို့က သည်အကြောင်းကို အစောကြီးကတည်းက သိပြီးသားလား၊ ဆုန် စဉ်းစားမရအောင် ရှိချေသည်။

အံ့သြတုန်လှုပ်ပုံမရဘဲ ပကတိ တည်ငြိမ်နေတာ သိပြီးသားကိစ္စမို့လို့ပဲ နေမှာပေါ့။

ဦးလေး မကောင်း ဦးလေး။ တူ မကောင်းတူ ဆိုတာ ဆုန် လက်ခံပါတယ်။

"သမီးလေးကလည်း ဦးမြတ်ဝေရဲ့ တူတော်တာ မောင်အဂ္ဂနဲ့ ဘာဆိုင်လို့လဲကွယ်၊ သူကောင်းဖို့ပဲ လိုတာပါ၊





အစွဲအလမ်းကြီးလိုက်တာနော်၊ သမီးလေးကလည်း ခက်တာပဲ၊ ကဲပါလေ . . . စိတ်လျှော့ပစ်လိုက်၊ မောင်အဂ္ဂက သမီးလေးကို သိပ်ဂရုစိုက်တာပါ။ ဒါကြောင့်လဲ မေမေတို့က သဘောတူတာပေါ့"

မေမေ့စကားများကြောင့် မျက်ရည်များ လိမ့်ဆင်းကျလာရသည်။

ဆုန် မယုံရဲတော့ဘူး မေမေ။

သူ့ကို မချစ်ချင်တော့ဘူး။

ပိုင်ဆိုင်ရရင် ပြီးရောဆိုတဲ့ စိတ်ပဲ ရှိတာ။

ချစ်ရင် ဆုန့်ကို ဒီလို ညာပါ့မလား။ ဒီလို နှိပ်စက်ပါ့မလား။

"မငိုပါနဲ့ သမီးရယ်၊ ဒါ ငိုစရာမှ မဟုတ်ဘဲ"

"အဲလောက် မခံစားပါနဲ့၊ သူ ကိုယ့်ကို ချစ်ရင် ပြီးတာပဲဟာယ်"

ဆုန့်ကို ဝိုင်းပြီး အားပေးနှစ်သိမ့်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးစုံမှိတ်ရင်း ဆုန် ငြိမ်နေမိသည်။

"အိပ်လိုက်ပါလား သမီးလေး၊ မနက်ကလည်း သမီး အစောကြီး နိုးနေတာ မဟုတ်လား အိပ် . . . အိပ်"

မေမေက ဆုန့်ဆံပင်များကို သပ်ပေးရင်း ပြော၏။

နောက်တော့ အကုန်လုံး ဆုန့်အခန်းထဲမှ ထွက် သွားကြသည်။

မျက်နှာကြက်နံရံကို စိုက်ကြည့်ရင်း ပါးပြင်ပေါ်ကို မျက်ရည်များ စီးကျလာ၏။

တွေးလိုက်တိုင်း မျက်ရည်က ကျချင်သည်။

ရင်ထဲမှာ မခံချိမခံသာ ရှိလွန်းသည်။ သို့သော် ဆုန် ဘာတတ်နိုင်မှာလဲ။

ဆုန့် ကုသိုလ်နဲ့ ဆုန်ပါ။

နောက်တော့မှ တဖြည်းဖြည်း အိပ်ပျော်သွားရသည်။

အိပ်ရာမှ နိုးလာသော ည ခုနစ်နာရီခန့်ပင် ရှိနေပြီ။

ဆုန် နုံးခွေစွာ ကုတင်ပေါ်မှ ဆင်းလိုက်၏။

ဉာဏ်ဝင်းစာပေ



ငိုချင်စိတ်က ရှိနေတုန်းပဲ။

မောင်နဲ့ ပတ်သက်ပြီး ပထမဆုံးအကြိမ် ငိုရတာ မောင် သိမှာလား။

ငိုတယ်ဆိုတာ အရှုံးပေးတာပါ။

ဟုတ်ပါတယ်။ သူ့ကို ဆုန် ဆုံးရှုံးသွားရပါပြီ။

စိတ်ကူးထဲက ပျော်စရာကမ္ဘာလေး လွင့်စဉ်သွားရပြီ၊

ဆုန် မျှော်လင့်သလို ဘယ်အရာမှ ဖြစ်လာတော့မှာ မဟုတ်ပါဘူး။

အို . . . ဆုန် သိပ်ယုံကြည်ထားတဲ့ သူကမှ . . .

ဆုန့်အပေါ် အဲဒီလောက်အထိ ရက်ရက်စက်စက် လုပ်ရက်တယ်။

"ဟဲ့ . . သမီး၊ ငိုနေပြန်ပြီလား၊ ဒုက္ခပါပဲကွယ်"

မေမေက ဆုန့်ဆီသို့ အပြေးရောက်လာပြီး မျက်ရည် များကို သုတ်ပေးသည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"သမီးလေးရယ်၊ စိတ်ဆိုတာ ဖြေတတ်ရတယ်၊ တစ်ခုခုကို သိပ်ပုံကြီးချဲ့ပြီး ခံစားရင် လူကို ထိခိုက်တတ်တယ်၊ ကိုယ့်စိတ်ကို ကိုယ်နိုင်မှပေါ့၊ ပီပီပြင်ပြင် ဆုံးဖြတ်၊ ဆုံးဖြတ်ထားသလို ရင်ဆိုင်လိုက်၊ ငိုနေတော့ ဘာထူးမှာလဲ ဘာဖြစ်လာမှာလဲ"

"မေမေရယ်"

"မေမေ့သမီးက အတွေးအခေါ် ကောင်းပြီးသားပဲ၊ ဆုံးဖြတ်ချက်ချတိုင်းလဲ မှန်တတ်ပါတယ်။ အဲဒါကြောင့် သမီးကြိုက်သလို ဆုံးဖြတ်။ သမီး ဘယ်လို ဖြစ်စေချင်သလဲ မေမေ့ကို ပြော"

"ဘာကိုလဲ မေမေ"

"မောင်အဂ္ဂကို သမီး မုန်းသွားပြီလား၊ တကယ် မယူချင်တော့ဘူးလား၊ ဒါမှမဟုတ် ယူမှာလား။

"ဆုန်က . . ."

ဆုန် ဘာပြောရမှန်းမသိ။ မဆုံးဖြတ်တတ်ပါ။





ဆုန့်ရင်ထဲမှာ အဂ္ဂကို သိပ် နာကြည်းမိပါတယ် မေမေ။ ဒါပေမယ့် ဆုန် ချစ်နေတာက သက်သက် အခုထိ ဂရမ်းချစ်နေတုန်းပဲ၊ ဘယ်လိုမှ သူ့နဲ့ မခွဲနိုင်ဘူး။

သူ့ကို ချစ်နေတာ သူနဲ့ မခွဲနိုင်တာကိုက အရာရာကို ဆုန် အရှုံးပေးရတော့မလိုပါ။

အဲဒါကြောင့်လည်း ဆုန် ငိုနေရတာပေါ့။

ဆုန် အဂ္ဂကို စိတ်နာတယ်။ ဒါပေမယ့် မုန်းလို့ မရဘူး။

ဆုန် သူ့ကို မုန်းမေ့လို့ ရရင် ငိုစရာ မလိုတော့ဘူး။

အခုတော့ သူ့လုပ်ရပ်ကိုပဲ တနုံ့နုံ့ ခံစားရပြီး ဘာမှ မတုံ့ပြန်နိုင်တာ။ တုံ့ပြန်နိုင်မယ့် စွမ်းအား မရှိပါ။

"သမီးလေး နားလိုက်တော့ကွယ် တော်ပြီ"

မေမေ့အသံက အနည်းငယ် မာကျောလာသည်။

"မေမေ သမီးလေးကို ဂရုတစိုက် မွေးလာခဲ့ရတာ ယုတယနဲ့ ပိုးမွေးသလိုမွေးခဲ့ရတာတွေဟာ တခြားလူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အတွက် ဒီလောက်ထိ မျက်ရည်ကျ ခံစားရဖို့ မဟုတ်ဘူး ဆုန်''

ဆုန် မေမေ့ကို မော့ကြည့်မိသည်။

''လောကကြီးမှာ ဘာမှ မမြဲပါဘူး။ ဘယ်လောက်ပဲ ချစ်နေ ချစ်နေ တစ်နေ့ကျရင် ခွဲကြရမှာပဲ၊ နေရတဲ့ ခဏ တာမှာ မေမေ့သမီးလေးကို ကိုယ့်ဘဝတစ်ခုလုံး တခြား တစ်ယောက်အတွက်ပဲ အဖြစ်ခံတော့မှာလား။ အဲဒီလောက် အထိ အသည်းအသန် ဖြစ်စရာကိစ္စ မဟုတ်ပါဘူး သမီး ရယ်''

မေမေ့စကားများကြောင့် ဆုန့်မျက်ရည်စတွေ သုတ်လိုက်မိသည်။

''လူဆိုတာ တစ်ဖက်စွန်းရောက်အောင် မတွေးရဘူး။ ကြားလား သမီး''

''အင်းပါ . . . မေမေရယ်''

ဆုန် ခေါင်းညိတ်ပြလိုက်သည်။





''ဟဲ့ . . . သမီး နားပြီး ရေချိုးတော့နော်၊ ဒါမှ လန်း လန်းသွားမှာ''

မေမေ လှည့်ထွက်သွားတော့ ဆုန် ငေးငိုင်ကျန်ရစ် သည်။

ဆုန် လှုပ်ရှားမှုများက နှေးကွေးလေးလံနေသည်။ ရေပန်းကို ဖွင့်ချပြီးနောက် ရေကို တစ်ခါကြီးချိုးမပစ် လိုက်၏။

မေမေရယ် . . . ဆုန့် စိတ်ထဲမှာလေ သူ့ကိုခိုင်ခိုင် မာမာ အားကိုးတကြီးနဲ့ ချစ်ခဲ့တာပါ။

ဆုန်တကယ် မပယ်နိုင်ဘူး။ ညာပြော[illegible] လို့မထင်၊

ဆုန် ဖုံးကွယ်ထိမ်ပြီး လက်ထပ်[illegible] ဘူးလို့ပြောပစ်ပါ။

ရေပန်းက ရေများက [illegible] ဆုန့်ခေါင်း ထက်ပေါ် တဖွားဖွားကျနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆုန့် ရင်ထဲမှာ ပူလောင်နေရပြီ။

သူ့ ကိုမတွေ့ချင်အောင် စိတ်နာနေမိသည်။

သူနဲ့ မျက်နှာချင်းဆိုင်ရတဲ့အခါ ဆုန် စိတ်ထိမ်းနိုင်မည်မထင်။

❄

ဉာဏ်ဝင်းစာပေ

မင်းအဂ္ဂသည် မိုးကဆုန်ဖက်က အပြောင်းအလဲနှင့် ...စားချက်များကို ဘာမှမသိဘဲ နောက်တစ်နေ့မှာ ပုံမှန်အတိုင်း ...ဆုန်တို့အိမ်သို့ ရောက်လာပါသည်။

သူ့ပုံစံမှာ ဘာမှလည်းကွာခြားမပျက်ပါ ဖုံးကွယ်မှုနှင့် ...အမှားတစ်ခု ပြုလုပ်ထားသော ယောကျ်ားတစ်ယောက်လို ...လုံးဝမထင်ရပါ။

သူသည် ပကတိ တည်ငြိမ်စွာနှင့်ပင် ဧည့်ခန်းမှာထိုင် ...ရင်း ဆုန်ထွက်အလာကို စောင့်နေမိသည်။

ရောက်နေတာ မိနစ် နှစ်ဆယ်လောက်ရှိတော့မည်။ ...ဆုန်အခုချိန်ထိ ထွက်မလာသောအခါမှ သူအနည်းငယ် သံသ...ယဝင်သွားသည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ညတုန်းက ဖုန်းဆက်သော်လည်း နှင်းပုံက ဖုန်းလာကိုင်သည်၊ ဆုန် အိပ်နေပြီလို့ဆိုသည်။

သူ့ရင်ထဲမှာ တစ်မျိုးကြီး ဖြစ်သွားပေမဲ့ မျိုသိပ်လိုက်သည်။

ဆုန် သည်နေ့အရမ်းပင်ပန်းသွားလို့ ဖြစ်မှာပါဟု ပဲတွေးလိုက်သည်။

အခု မနက် သူလာတော့လည်း နှင်းပုံက ခဏစောင့်နော်ဟု ပြောကာ ထွက်သွား၏။

ဆုန် နေမျာမကောင်းလို့လား။ ဒါမှ မဟုတ်တစ်ယောက်ယောက်နဲ့စိတ်ကောက်လို့များလား။ စဉ်းစားလို့မရ။

"ကိုအဂ္ဂ ခဏဖတ်လိုက်ဦးနော်၊ ဆုန်အိပ်ပျော်နေပါတယ်"

"သူနေမကောင်းဘူးလား"

"ကောင်းပါတယ်"

ဖြစ်နိုင်လျှင် ဆုန့်အခန်းထဲအထိ လိုက်သွားကာ ဆုန့်ကို နှိုးချင်သည်။ စကားတွေ ပြောချင်။

ဉာဏ်ဝင်းစာပေ



"နှိုးထားခဲ့ပါတယ်၊ အခု လာပါလိမ့်မယ်၊ စောင့်နေလိုက်ပါနော်၊ နှင်းပုံ ခြံထဲ ဆင်းလိုက်ဦးမယ်"

"ဟာ . . . ကောင်းပါပြီ ကျေးဇူးပဲဗျာ"

မင်းအဂ္ဂ ဆက်စောင့်သည်။

မင်းဘာဖြစ်လို့ ဒီလောက် ကြာနေတာလဲ။

မင်း မောင့်ကို စိတ်ကောက်နေတာလား။

မင်းအဂ္ဂ သက်ပြင်းရှိုက်မိသည်။

ခန်းဆီးစ ဖျတ်ကနဲ လှင့်ကာ ဆုန် ထွက်လာတာကြောင့် သူ မတ်တတ် ထရပ်လိုက်သည်။

"ဆုန်"

သူမက ဆက်တီရှိရာကို ခပ်ဖြည်းဖြည်းပဲ လျှောက်လာ၏။ သူ့ကို လုံးဝ မော့မကြည့်ပေ။

သူနှင့်မျက်နှာချင်းဆိုင်မှာ တည်တည်ငြိမ်ငြိမ်ပဲ ဝင်ထိုင်လိုက်သည်။

"ဆုန်"

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူက ဆတ်ကနဲ မော့ကြည့်၏။

''ဟာ''

မင်းအဂ္ဂမှာ မျက်ရည်များ ပြည့်လျှံနေသော မျက်လုံးရွဲကြီးများကြောင့် ရင်ထဲ ဒိန်းကနဲ ဖြစ်သွားရသည်။

သူမရဲ့ မျက်လုံးများမှာ နာကြည်းရိပ်တွေ လွှမ်းနေ၏။ သူ့ကို ခပ်စိမ်းစိမ်းနှင့် နာကျင်စွာ ကြည့်သည်။

သူနဲ့ မနေ့ကမှ လက်ထပ်ခဲ့သော ဇနီးလောင်းအသစ်စက်စက်ကလေးက တကယ့် သူစိမ်းလိုပါပဲလား။

ခါတိုင်း ကြည့်နေကျ ချိုမြိန်နွေးထွေးသော အကြည့်လေးတွေ။

လှိုက်လှဲ မြတ်နိုးတဲ့ ပုံစံလေးတွေ။

ဘာဆို ဘာမှ ရှိမနေတော့။

ဆုန့်မျက်နှာထားကို ကြည့်၍ သာမာန်ပြဿနာ မဟုတ်မှန်း သူ သဘောပေါက်သွားရလေသည်။

''ဆုန် နေမကောင်းဘူးလား၊ ဘာလို့ ဒီမျက်ရည်တွေ ရှိနေရတာလဲကွာ''





ပြီးတော့ သူမက ချက်ချင်းတစ်ချက် ကြိတ်ရှိုက်ရင်း ထပြီး ထွက်သွားဖို့ ဟန်ပြင်သည်။

''ဆုန်''

သူမလက်ကလေးကို ခပ်မြန်မြန် ဖမ်းဆွဲထားလိုက်ရသည်။

''ဆုန် မောင့်ကို စိတ်ဆိုးနေလား၊ ဘာကြောင့်လဲ မောင် ဘာမှားလို့လဲ''

ဆုန်က အေးစက်စက်။

''ပြောပါကွာ၊ မောင့်မှာ ဘာအပြစ်ရှိလို့လဲ''

ဆုန် လက်ကို ဆောင့်ရုန်းရင်း ခေါင်းခါမိသည်။

''ဆုန်''

''ရှင် သိချင်တယ်ပေါ့လေ''

ခါးသီးသော လေသံကြောင့် သူ လန့်သွားသည်။

''ဦးမြတ်ဝေရဲ့ တူအရင်း ပီသပါတယ်၊ ဆုန့်ကို ညာ(ခ)ျတယ်၊ လူလည် လူညာ''



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

သူ့ခေါင်းနပန်း ကြီးသွားရသည်။

ဩော်... သူမ သိသွားပြီကိုး။

မျှော်လင့်ထားသော အချိန်မရောက်ခင်မှာပဲ စောစီးစွာ ဆုန်က ကြိုတင်သိနှင့်သည်။

သူ ခေါင်းငိုက်စိုက်ကျသွားရ၏။

သူ ထင်ထားတာထက်ပင် ပို၍ သူမပုံစံက နာကြည်းခံပြင်းနေပါသည်။

သူ့ရင်ထဲမှာ တင်းကြပ်သွားရသည်။

မောင့်ကို ခွင့်မလွှတ်ဘူးလား ဆုန်။

မောင့်အပေါ် နားလည်မှု မပေးနိုင်တော့ဘူးလား။

ဆုန် အရမ်းစိတ်မကောင်းဖြစ်သွားပြီလား။

ယူကျုံးမရ အရှုံးပေးလိုက်ရတဲ့ ပုံစံလေး။

မောင့်ကြောင့် သည်လောက် မခံစားပါနဲ့ ဆုန်။

ဆုန်မကြိုက်မှန်း သိသိကြီးနဲ့ ရင်ဆိုင်ဖြေရှင်းရမှာ ဝန်လေးလို့ ဖုံးကွယ်ဖို့ ကြိုးစားခဲ့တယ်။





ဆုန့်ကို ပိုင်ဆိုင်ဖို့ တစ်ခုပဲ ကြည့်တတ်တဲ့ကောင်။

ဖြူစင်မှန်ကန်တဲ့ မာန်မာနတို့ကို တန်ဖိုး မထားဘဲ စော်ကားခဲ့တဲ့သူပါ၊ ယုံကြည်မှုကို အလွဲသုံးစား စော်ကားရက်တဲ့သူပါ။

မောင့်ကို ရန်တွေ့စမ်းပါ။

ရင်ထဲမှာ ကြိတ်မှိတ်ခံစားနေမယ့်အစား အားရပါးရ ပြောပစ်လိုက်စမ်းပါ။

မင်းအဂ္ဂ မျက်နှာညိုမှောင်သွား၏။

"ဆုန်"

ပြီးတော့ ဆုန့်လက်မောင်းနုစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုတ်ညှစ်ထား၏။

"ဆုန်"

"ကျွန်မကို မခေါ်နဲ့"

တုန်ယင်နေသော အသံနှင့် ခါးသီးစွာ ငြင်းပယ်သည်။

"မောင့်အတွက်နဲ့ ဒီလောက် မခံစားပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



မထိန်းနိုင်ဘဲ ပါးပြင်ပေါ် စီးကျလာသော မျက်ရည်စများကို သူက သုတ်ပေးသည်။

နှုတ်ခမ်းတစ်ချက် ဖိကိုက်ပစ်ပြီးမှ ဆုန် နာနာကျင်ကျင် ရေရွတ်သည်။

"မုန်းတယ်"

"ဟာကွာ"

"မုန်းတယ်၊ ရှင့်ကို သိပ်မုန်းတာပဲ"

"ဆုန်ရယ်"

ဆုန့်လက်ဖဝါးလေးကို ဆုပ်ကိုင်ရင်း သက်ပြင်းရှိုက်၏။

"ဖယ် ... ရှင်ကို မကြည့်ချင်တော့ဘူး"

"ရပါတယ်၊ ဆုန် ကြိုက်သလို ပြောပါ"

ဆုန့်လက်ကို ဆောင့်ရုန်းပစ်ပေမယ့် သူက လွှတ်မပေး။

ရှိုက်ငိုပစ်လိုက်တော့ မင်းအဂ္ဂ ဘာလုပ်ရမှန်းပင် မသိတော့။

ဉာဏ်ဝင်းစာပေ



"ဟာ ... ဆုန်"

သူတို့ရဲ့ ပဋိပက္ခ အခြေအနေကြောင့် ဆုန့်မေမေ ရောက်လာသည်။

"ဘယ်လိုဖြစ်တာလဲ ဆုန်ရယ်၊ စိတ်ထိန်းမှပေါ့"

သူ့မ မေမေက ဖျောင်းဖြသည်။

နှင်းပုံလည်း ရောက်လာသည်။

ဆုန့်မေမေက သူ့ကို ပုံမှန် ဆက်ဆံသည်။

သည်မိသားစုဟာ သူ သိပ်လေးစားရသော မိသားစုပါ။

လူတစ်ဖက်သားအပေါ် ငဲ့ညှာ ထောက်ထားစိတ် ပြည့်အဝရှိသည်။

အခုအချိန်မှာ သူတို့ ဘာပြောပြော မင်းအဂ္ဂ ခေါင်းငုံ့ခံရမှာပါ။ ကိုယ်က အပြစ်ရှိသူပါ။ သို့သော် သူတို့က ဘာမှမဆို။

အခုလို အဖြစ်ကို အပြစ်ရယ်လို့ ထောက်ပြရန်တွေ

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



တာမျိုး မရှိဘဲ ငြိမ်နေတာ မင်းအဂ္ဂအတွက် ပိုပြီး ထိခိုက်စေပါသည်။

"သမီးလေး . . . ကောင်းကောင်းပြောလေ"

ဆုန်က သူ့အနားမှ ဝုန်းကနဲ ထထွက်သွား၏။

သူ့မ မေမေက အားတုံ့အားနာနှင့်။

"သမီးလေးက သူ့ကို ညာတယ်ဆိုပြီး မကျေမနပ်ဖြစ်နတာ။ တစ်ချိန်လုံး ငိုနေတော့ သူ့အစား အိန်တီတောင် ခေါင်းကိုက်တယ်"

ဆုန့်မေမေက စိတ်ပျက်စွာ ညည်းညူ၏။

"မောင်အဂ္ဂလည်း တော်တော် စိတ်ညစ်သွားမှာပဲ၊ ခဏာပါ သမီးလေးက အငြိုးအတေးတော့ မကြီးတတ်ဘူး။ အခု လောလောဆယ် သူ စိတ်ထိခိုက်နေလို့ပါ"

"ရပါတယ်ခင်ဗျာ၊ ဆုန့်ကို ကျွန်တော် နားလည်ပါတယ်"

အဂ္ဂ မပြန်ချင်သေးပါ။ ဆုန့်ကို ရှင်းပြချင်သည်။





သူ ရင်မဆိုင်ရဲခဲ့တာတွေ ပြောပြချင်၏။

ဆုန်နဲ့ ပြေလည်မှု မရဘဲ သူ အိမ်မပြန်ချင်။

သို့သော် ဆုန်က လုံးဝ ထွက်မလာတော့။

"မနက်ဖြန်မှ လာပါတဲ့"

အိမ်ဖော် မိန်းကလေးနှင့် စကား ဆင့်လာ၏။

ဩော် . . . ဆုန်လေးရယ်။

သူ အားလျော့စွာ ပြုံးမိသည်။

အိမ်အပြန်ခရီးက ရင်မှာ ဖောပန်းနေရသည်။

"ဆုန်က အငြိုးအတေးလဲ မထားတတ်ဘူး၊ ခွင့်လွှတ်ပုရှိတဲ့သူပါ၊ တမင် ကြံစည်ပြီး ရည်ရွယ်တာမျိုး မဟုတ်ဘဲ အလွဲသော မရှောင်သာ မောင့်ဆန္ဒမပါဘဲ ဖြစ်သွားရတဲ့ အမှားမျိုးဆိုရင် ခွင့်လွှတ်နိုင်မှာပါ၊ ကြိုတင် အကွက်ချပြီး ပိပိရိရိ ယိမ်ညာလှည့်ဖြားတာမျိုး ဆိုရင်တော့ လုံးဝ ခေါ်ရီးပဲ မောင်"

ဟိုတစ်နေ့က ဆုန် ပြောဖူးတာကို ပြန်ကြားယောင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆုန်ရာ . . . တမင်ကြဲစည်ပြီး ရည်ရွယ်ချက်ကြီးနဲ့ နိုပ်စက် အနိုင်ယူတာမျိုး မဟုတ်ပါဘူးကွာ။

ကြိုတင် အကွက်ချပြီး ပိပိရိရိ လိမ်ညာလှည့်ဖြားတာမျိုးလည်း မဟုတ်ပါဘူး။

မောင် ဘာလို့ မကောင်းစိတ် မွေးရမှာလဲ။

မောင် မှားတယ်ဆုန်၊ ဒါပေမယ့် အဲသည် အမှားက ဆုန့်ကို အရေမ်းချစ်လို့ ဆုန်နဲ့ ဝေးသွားမှာ သိပ်ကြောက်လို့ပါ။

နားလည်ပေးပါ ဆုန်ရယ် . . .

ဆုန် ခွင့်မလွှတ်ရင် မောင် အသဲကွဲရမှာပါ။

❋

ဉာဏ်ဝင်းစာပေ

မနက်က ဆုန်တို့ရဲ့ မင်္ဂလာဆောင်ခံပွဲကို အောင်အောင်မြင်မြင် ခမ်းနားထည်ဝါစွာ ကျင်းပ ပြီးစီးခဲ့ပါပြီ။

ဒီနေ့ ဆုန်ဟာ သတို့သမီး အသစ်စက်စက်ပေမယ့် သတို့သားနား မနေချင်ပေ။

စိတ်ထဲ ပျော်လည်း မပျော်ပိုက်နိုင်။

သူ့ အနိုင်ပိုင်း သွားရက်လေခြင်းဟု ဘာကိုမှန်းမသိ မြောဝမ်းနည်းလှစွာ ဆုန် အရာရာကို ဆန့်ကျင်နေချင်မိသည်။

မနက်က မင်္ဂလာဆောင်ခံပွဲမှာ ဟန်ဆောင်ဖော်ရွေမှုတွေကို ခက်ခဲပင်ပန်းစွာ ကျော်ဖြတ်ရ၏။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



စိတ်မပါမှတော့ ပျော်ရွှင်မှု ကင်းမဲ့နေရတာ သိပ်မထူးဆန်းလှ။

သူ့လက်မောင်းကို ချိတ်ထားရပေမယ့် အရင်တုန်းကလို ကြည်နူးခြင်း၊ တက်ကြွလန်းဆန်းခြင်း၊ ရင်ခုန်ခြင်းတွေ ရှိမနေဘဲ အဝေးတစ်နေရာကိုသာ ပြေးထွက်သွားချင်မိသည်။

ထို့ကြောင့် ချမ်းအေးတို့ အိမ်ကို တစ်ယောက်တည်း ထွက်လာခဲ့မိသည်။

"ဆုန်ရေ . . . ထမင်းစားမလား"

"ရပါတယ်၊ ဘာမှ စားချင်စိတ်မရှိပါဘူး"

ချမ်းအေးက အနားမှာ ထိုင်ရင်း . . .

"ကိုအဂ္ဂ စောင့်နေမှာပဲနော်"

"ဆုန့်ကို နှင်နေတာလား"

"ဟယ် . . . မဟုတ်တာပဲ"

ချမ်းအေး မျက်နှာပျက်သွား၏။





တိတ်ဆိတ်သွားသော ချမ်းအေးကို ကြည့်ရင်း ဆုန်သက်ပြင်းရှိုက်မိ၏။

"တမင် ပြောတာပါ ချမ်းရယ်၊ နင်က ငါ စိတ်ချမ်းသာဖို့ ကူညီမယ်ဆိုတာ ယုံပါတယ်"

"ဒါတော့ ဒါပေါ့ဟာ ချမ်းအေးက နင်တို့ ပြေလည်နေတာကိုပဲ မြင်ချင်တယ်"

"ဆုန်ကလည်း ပြေလည်ချင်တဲ့သူပါဟယ်"

"ဆုန် အမိကပဲဟာ"

"မဟုတ်ပါဘူး၊ သူ အမိကပါ၊ ဘာလေးပဲဖြစ်ဖြစ် သူ့ဆန္ဒကို ဆုန် ဦးစားပေးခဲ့တာပါ"

"အခုလဲ သူ့ဆန္ဒကို ဦးစားပေးလိုက်ပေါ့"

"ပေးထားပါတယ်၊ သူ့စိတ်တိုင်းကျ ညွှန်ခိုင်းပွဲ လုပ်ခဲ့ပြီးပြီလေ။ ဆုန် သူ့ကို လက်ထပ်ခဲ့ပြီပဲ၊ ဘာလိုသေးလဲ၊ ဘယ်သွားနေနေ ဘယ်လိုနေနေ သူ့မိန်းမ ဖြစ်နေပြီပဲ၊ သူ စိတ်အေးသွားရောပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးဘူး ဆုန်ရာ"

ဆုန်က မျက်နှာလေး ရှုံ့မဲ့လိုက်သည်။

"ဆုန့်ကို သူ့အနားမှာ ရှိစေချင်မှာပေါ့"

"သိသားပဲ"

"ဒီ ဆန္ဒမ်းမကာင်း စားဦး"

ဆုန်က တစ်ဇွန်းခပ်စားပြီးတာနှင့် ဇွန်းကို ပြန်ချထားလိုက်သည်။

"ဟော . . .ကိုကောင်းဇင်ပါလား၊ လာပါ၊ ဒီမှာ သူငယ်ချင်း ရောက်နေတာ"

ဟိုဘက်ခြံက တင်းနစ်ချန်ပီယံ ရောက်လာသည်။

ဆုန့် ခေါင်းငုံ့ရင်း စိတ်အိုက်သွားရသည်။

အဲသည် လူနှင့် လာဆုံပြန်ပြီ။

ကောင်းဇင်က သူမတို့ ထိုင်နေရာသို့ လျှောက်လာပြီး မြက်ခင်းပေါ်မှာ ထိုင်လိုက်၏။

ဆုန်က သူ့ကို မကြည့်ပါ။





မကြည့်ရဲတာလည်း မဟုတ်၊ မကြည့်ချင်တာလည်း မဟုတ်။ ဆုန့်စိတ်ထဲမှာ ဘာမှ မရှိတာ။

"ကိုကောင်း သူ့ကို သိတယ် မဟုတ်လား ဆုန်တဲ့"

"အင်း . . .စိတ်ဆိုးသွားတဲ့ ကောင်မလေး၊ သိတာပေါ့"

ဆုန့်ကို ကောင်မလေးဟု ဆိုလိုက်တာမို့ သူမကို မျက်ကနဲ မော့ကြည့်မိသည်။

"ကိုကောင်း . . . စားပါဦး"

ချမ်းအေးက ဆန္ဒမ်းမကာင်း ပန်းကန်ကို ကိုကောင်းဇင့် တိုးပေးရင်း ပြောသည်။

သူက နည်းနည်းမြည်းရင်း။

"ကောင်းပါတယ်"

ပြီးလျှင် ဆုန့်ထံ စိုက်ကြည့်ပြီး

"ဆုန်က ဘယ်မှာနေလဲ"

ကောင်းဇင်က ဆုန့်ကို အလွပသလွာပ ပြောချင်ပုံ။



www.burmeseclassic.com

www.burmeseclassic.com



ချမ်းအေးက ဖြေပေး၏။

ဆုန်က တိတ်နေသည်။

ချမ်းအေးနှင့် သူ အပြန်အလှန် စကားပြောနေတာကို ဆုန် နားထောင်နေမိသည်။

''သူက သိပ်မပြောပါလားဗျာ''

''မဟုတ်ပါဘူး။ ဆုန်က စကားနည်းတယ်''

ချမ်းအေးက ဆုန့်ကိုယ်စား ဝင်ကာကွယ်ဖာထေးပေးသည်။

ကိုကောင်းက ဆုန့်ကို စေ့စေ့ကြည့်သည်။ ပြီးမှ ခပ်တိုးတိုး မှတ်ချက်ချ၏။

''သူက ကျွန်တော့်ကို စကားမပြောချင်တာ နေမှာပါ''

''မဟုတ်ပါဘူး''

ဆုန်က အားတုံ့အားနာ ဆိုသည်။

စိတ်ညစ်နေတာကို ကမန်းကတန်း ဖုံးကွယ်လိုက်ရ၏။





သူက ကိုယ့်ကို တကူးတက လာရောက် စကားပြောတာ။ ကိုယ်က လစ်လျူရှုလို့ ဖြစ်ပါ့မလားနော်။

ကိုကောင်းက ဆုန်တို့နှစ်ဦးကို ကြည့်ကာ အဓိပ္ပါယ်ပါပါ ပြုံး၏။

ဒီကောင်မလေးနှင့် စကားပြောရရင် ပျော်ဖို့ ကောင်းမှာပဲဟု ကောင်းဇင် ထင်သည်။

သူမ ရယ်သံလေးကို နားထောင်ကြည့်ချင်သည်။

သူ နောက်ကျနေပြီဆိုတာ သူ မသိပါ။

❋



www.burmeseclassic.com

www.burmeseclassic.com

စိတ်ပါဝင်စားလို့ရယ်လည်း မဟုတ်ပါဘဲ အချိန်ဖြုန်း ရန်သက်သက် ဒီဗီဒီခွေတွဲများကို ဖွင့်ကြည့်နေမိသည်။

ဗိုက်ဆာနေပြီ ဖြစ်ပုံရသော မင်းအဂ္ဂက ဟိုဖက် လျှောက် သည်ဖက်လျှောက်နှင့် မိုးကဆုန်ဆီ မရဲတရဲ လှမ်း ကြည့်သည်။

ဆုန်က လုံးဝ မလှုပ်။ အေးတိအေးစက်နှင့် ဂရုမဆိုက်သော ငြိမ်နေသည်။ ဒီနေ့အဖို့ ထမင်းစားဖို့ စိတ် ကူးမှ ရှိရဲ့လား။

"ဟော့... လာဦး...နင့်အစ်မ ထမင်းစားဖို့ သွားခေါ်"

"ဟုတ်ကဲ့"

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"မမဆုန် . . . ထမင်းစားမယ်တဲ့"

"ဘယ်သူကလဲ"

"ကိုအဂ္ဂက"

"စားနှင့်လို့ မဆာသေးဘူး၊ နောက်မှ စားမယ်လို့"

"ဟုတ်ကဲ့"

ဆုန် ကြည့်လက်စ ဗီဒီယိုကိုပဲ ဆက်ကြည့်နေလိုက်သည်။ သူနှင့် မစားပါဘူး။

သုံးလေးခေါက် လာကြည့်တာကို ဆုန်က မသိသလို နေလိုက်၏။

သူက ဘာစကားတစ်ခွန်းမှမဆို။ ဆုန့် မျက်နှာ မသိမသာ ကြည့်ပြီး ပြန်ထွက်သွားသည်ချည်း။

သူ့မျက်နှာကတော့ ပြုံးချိုနေ၏။

ဟွန်း . . . လုံးဝ ကြည့်လို့မရ။

အနိုင်ရသူလို အောင်မြင်သော မျက်နှာနှင့် ဘယ်သူက ကြည့်လို့ ရမှာတဲ့လဲ။





"ဆုန်"

ဖျတ်ကနဲ အနားရောက်လာပေမယ့် သူ့ကို ဆုန် မော့ မကြည့်။

"ထမင်းစားမယ်လေကွာ"

"မဆာသေးဘူး"

"ဟာ . . . ဘာလို့ မဆာရမှာလဲ၊ ဘာတွေစားထားလို့လဲ၊ နည်းနည်းဖြစ်ဖြစ် လာစားလိုက်"

"ဟင့်အင်း . . . ဆုန် မစားချင်ဘူး"

"မဆိုးနဲ့ကွာ၊ လာစားလိုက်ပါ"

ဆုန် ခေါင်းခါမိလိုက်သည်။ စိတ်ကောက်နေတဲ့ သမီးရည်းစားမှ မဟုတ်တာ။

သူက ခါးကို ကိုင်းချရင်း ဆုန်မျက်နှာကို ငုံ့ကြည့်သည်။

ဆုန်က ချာကနဲ တစ်ဖက်ကို လှည့်ပစ်လိုက်၏။

သူက ဆုန့်ပခုံးနှစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း သက်ပြင်းရှိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မောင်နဲ့ အတူတူ လာစားပါကွာ"

"ဟင့်အင်း"

"မောင် ခေါ်နေတယ်နော်"

"ပြောပြီးသားပဲ"

"လာပါ"

"လုံးဝ မစားဘူး"

သူက မပြောမဆိုနှင့် ဆုန့်ကိုယ်လုံးလေးကို ဇွေ့ကနဲ ကောက်ချီလိုက်၏။

"အင် . . ."

ဆုန် အံ့သြပြီး ဒေါသထွက်သွားရသည်။

"ဖယ်နော် . . . ဘာလုပ်တာလဲ၊ ချပေး . . ချ ချပေး"

သူ့ရင်ခွင်ကျယ်ကြီးကို လက်နှင့်ထုရင်းဆိတ်ရင်း အတင်း ရုန်းကာ ခုန်ဆင်းပစ်သည်။

"ဟိတ် . . ပစ်ချလိုက်မှာနော်၊ ရုန်းမနေနဲ့"

သူက ခပ်မာမာ ပြောသည်။





"ချပေးလို့ ဆုန်ပြောနေတယ်နော်"

"ထမင်းလိုက်စားမယ်ဆို ချပေးလိုက်မယ်"

"မစားဘူး၊ လုံးဝ မစားဘူး"

"ဆာနေမှာ စိုးလို့ပါ"

ထမင်းစားခုံဝိုင်းရှိ ကုလားထိုင်မှာ ဆုန့်ကို ထိုင်ပေး၏။

"ဆုန်လေးရာ"

"မခေါ်နဲ့ မခေါ်နဲ့ ရှင့်ကို မုန်းတယ်၊ အရမ်းမုန်းတာပဲ"

သူက ဟူးကနဲ သက်ပြင်းရှိုက်၏။

"သွား"

သူ့ပခုံးလေးကို တွန်းပစ်မိသည်။

"မောင့်ကို မုန်းရင် ဘာလို့ လက်ထပ်ခဲ့သေးလဲ"

"ရုံးမှာ လက်မှတ်ထိုးပြီးမှတော့ အရှက်ကွဲရုံကလွဲပြီး ဘာထူးတော့မှာလဲ၊ ပတ်ဝန်းကျင်က ကဲ့ရဲ့ကြမှာပေါ့"

"ဘာ"



www.burmeseclassic.com

တင်းမာခက်ထန်သွားသော သူ့မျက်နှာနှင့်အပြိုင် လက်မောင်းကို ဆုပ်ကိုင်ထားသော လက်များကလည်း တင်းကျပ်သွားသည်။

"လူတွေကဲ့ရဲ့မှာစိုးလို့ ငါ့ကို ယူတာ ဟုတ်လား။ ပြောစမ်းပါ ဆုန်"

"ဟုတ်တယ်၊ လိမ်ညာတတ်တဲ့ လူကို မလွဲသာ မရှောင်သာ ယူရတာ မကောင်းတတ်လို့ တစ်စက်မှ အချစ် မပါဘူး"

"တောက်"

သူက အံကြိတ်၏။

"ဆုန့်ကိုလှည့်ဖြားတာ၊ ပညာပြတာ ဘယ်တော့မှ မကျေဘူး"

"ဒီလောက်ပဲ အပြစ်တွေက ကြီးသလား ဆုန်"

ခါးသီးနာကျင်သော အထင်သေးသော အကြည့်များကို မင်းအဂ္ဂ မခံနိုင်။





"ကဲပါကွာ၊ အဲဒါတွေ ထားလိုက်တော့၊ ထမင်း စားမယ်"

"ဟင့်အင်း . . ."

ဆုန် ခြေဆောင့်ရင်း ထွက်လာခဲ့မိသည်။

"ဘယ်လို ကောင်မလေးလဲ"

သူက ဆုန့်လက်တစ်ဖက်ကို ဆွဲယူရင်း ဆုန့် ကိုယ်လေးကိုပါ သိမ်းကျုံးပွေ့ဖက်လာ၏။ ပြီးတော့ ဆုန့် ပါးပြင်ကို ဖိကပ်နမ်းရှိုက်၏။

ဆုန် ခဏတော့ ငြိမ်သက်သွားရသည်။ ပြီးမှ ရုန်း ထွက်မိ၏။

"ဟာကွာ . . . ဘာလို့ ရုန်းနေရတာလဲ"

"မကြိုက်လို့ပေါ့"

"ကိုယ်က ကြိုက်တယ်"

သူ့အနားမှ ချာကနဲ လှည့်ကာ ပြေးထွက်ခဲ့မိသည်။ စာကြည့်ခန်းထဲကို ပြေးဝင်ကာ တံခါးကို လော့ခ်



www.burmeseclassic.com

www.burmeseclassic.com



ချလိုက်သည်။ မဂ္ဂဇင်းတစ်အုပ်ကို ကောက်ယူကြည့်မိပေမယ့် ရင်ခုန်သံတွေက ဝုန်းဒိုင်းကြဲနေဆဲ။

စိတ်ဆိုတာလည်း ဆန်းကြယ်သား။ နာကြည်းတာက နာကြည်းနေတာ သက်သက်။ သူ့အတွေ့အထိမှာ ဟိုတုန်းကအတိုင်း ရင်ခုန်ကြည်နူးမိတာ သက်သက်။

ဆုန့် စိတ်ကိုပင် ဆုန် နားမလည်တော့။

တကယ်တမ်းကျတော့ မေ့နိုင်စွမ်း၊ လွှန်ဆန်နိုင်စွမ်း မရှိပါလား။

ကိုယ့်ကိုယ်ကို မကျေနပ်ခြင်းနှင့် ငိုရှိုက်မိသည်။

မျက်ရည်ကျရင်းမှ ဗိုက်ဆာနေတာကိုလည်း သတိထားမိသည်။

တံခါးကို တဒုန်းဒုန်း ထုသံကြားတော့ ဖွင့်ပေးလိုက်သည်။

''ဆုန်''

သူက ဆုန့်လက်ဖဝါးလေးကို ဆုပ်ကိုင်ရင်း။





''ငိုနေတယ် ဟုတ်လား ဆုန်''

အံ့ဩတုန်လှုပ်စွာ မေး၏။

''ဘာလို့ ငိုရတာလဲ ဆုန်၊ မောင့်ကို စိတ်ဆိုးလို့လား၊ ဆုန်မကြိုက်ရင် ဆင်ခြင်ပါ့မယ်၊ ဆုန် မောင့်ကို နည်းနည်းမှ မချစ်ချင်တော့ဘူးလား''

ဆုန့် မေးစေ့လေးကို ဆွဲယူ မော့စေရင်း နီးနီးကပ်ကပ် ကြည့်ကာ မေး၏။

ပြီးတော့ ခေါင်းလေးကို ရင်ခွင်ထဲ ဆွဲယူရင်း ဆံပင်တွေကို တရှိုက်မက်မက် နမ်းရှိုက်နေ၏။

''ဆုန်ရာ… မောင့်ကို ဘာလို့ နားမလည်ရတာလဲ၊ မောင်က ဆုန့်ကို အရမ်းချစ်တယ်၊ အဆုံးရှုံးမခံနိုင်ဘူး၊ အဲဒါကြောင့် မောင် ဖွင့်မပြောဖြစ်ခဲ့တာပေါ့၊ ဆုန် သိပ်စိတ်နာပြီး ထွက်သွားရမှာ ကြောက်လို့ သတ္တိမရှိခဲ့ဘူး''

သူ ရှင်းပြပေမယ့် ဆုန် မကျေမနပ်နိုင်ပါ။

တစ်ခုကို ညာရဲတဲ့လူက နောက်တစ်ခုကိုကော ဘာကြောင့်မညာရဲစရာ ရှိမလဲ။



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံး လိမ်ညာနေရင်ကော သူ့ကို ဆုန် ယုံ ကြည်ရဲတော့မှာလား။

တစ်ဦးကို တစ်ဦး ယုံကြည်မှု မရှိတော့ရင် သာယာ မှု ပျော်ရွှင်မှုဆိုတာ ရှိဦးမှာလား။ ပျော်ရွှင်မှု မရှိတဲ့ ဘဝကို ဘယ်သူက ကြာကြာ နေမှာလဲ။

"လာကွာ၊ ထမင်းစားကြရအောင်၊ မငိုနဲ့တော့"

ပြင်ဆင်ထားသော ထမင်းစားပွဲဆီ ခေါ်လာပြန်သည်။

သည်တစ်ခါတော့ ဆုန် မငြင်းနိုင်တော့၊ ဗိုက်ထဲမှာ အရမ်းဆာလောင်မွတ်သိပ်နေရပြီ။

ဆုန် တိတ်တဆိတ် ထမင်းစားနေတော့ သူက ထိုင် ကြည့်နေ၏။

ဆာနေပေမယ့် စားတော့လည်း သိပ် စားမဝင် တော့ပါ။

"ဝပြီလား ဆုန်"

ရေသောက်တော့ သူက မေး၏။

ဉာဏ်ဝင်းစာပေ



နည်းနည်းစားတော့လည်း အငွေ့ ကျေနပ်သွား၏။

ထမင်းစားပွဲကနေ ဖျတ်ကနဲ မတ်တက်ရပ်ပြီး လှည့် ထွက်လာခဲ့၏။ သူ့အနားမှာ ဆုန်မနေချင်ပါ။

သူ့စကားသံတွေ ကြားလျှင် မခံချိမခံသာ ခံပြင်း နာကျင်လာဦးမည်။

သူ့ကို ဆန့်ကျင်ဖို့သာ တွေးမိ၏။

သူ မနှစ်သက်တာ အကုန်လုပ်ပြပြီး သူ နှစ်သက်တာ ကို ဘာတစ်ခုမှ မလိုက်နာဖို့ ဆုံးဖြတ်မိ၏။

"ဆုန်"

ဆုန် ကိုယ်လုံး ဆတ်ကနဲ တုန်သွားရသည်။ သူ အနားကို ရောက်နေတာ ဆုန်မှ မသိဘဲ။

"မောင်နဲ့ နေရတာ ဆုန် မပျော်ဘူးလားဟင်"

"ဆုန့်ဘဝမှာ ပျော်တယ်ဆိုတာလဲ မရှိဘူး၊ စိတ်ညစ် တယ်ဆိုတာလဲ မရှိဘူး"

နောက်ထပ် သူ ဘာမှ မပြောတော့။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြောလျှင်လည်း ဆုန်က ပြန်ဖြေမည်မဟုတ်။

သူ့ကို တစ်ခုခု မတုန့်ပြန်လျှင် ဆုန် ကျေအေးနိုင်မှာကို မဟုတ်။

သူ့အလှည့်ကျမှ သူ သိမှာ။

❄



နောက်ရက်တွေမှာလည်း မိုးကဆုန်က သူ့ကို ခပ်ဖယ်ဖယ် ခပ်တည်တည်နှင့် သူစိမ်းဆန်ဆန် အရေးမလုပ်ဘဲသာ နေသည်။

မင်းအဂ္ဂက သူမကို အရိပ်တကြည့်ကြည့်နှင့် မျက်နှာငယ်ငယ် လိုက်လံခေါ်ပြောနေ၏။

အလိုလိုက် အကြိုက်ဆောင်ကာ အတင်းလိုက်ရောနေသည်။ အိမ်ထောင်ဦးရက်များမှာမို့ သူက နီးနီးကပ်ကပ်နေချင်လေ ဆုန်က ခပ်ခွာခွာနေလေနှင့် ဆုန်တို့ရဲ့ တစ်နေ့တာက ကသိကအောက် ဖြစ်စရာလေးများနှင့် နေ့စဉ် ကြုံနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ဆုန့်ကို 'ဟိတ်' ဟု နောက်မှ ခေါ်သဖြင့် လန့်ဖြန့်သွားရသည်။

"ဟာ . . . လန့်သွားလား၊ ဒီလောက်ပဲ တွေးနေရသလားကွာ"

သူက ဆုန်ပခုံးလေးကို သိုင်းဖက်ရင်း ကျသွားသော ပန်းအိုးကလေးကို ငုံ့ကြည့်၏။

"ကြည့်စမ်း . . . မကွဲဘူးကွာ၊ တော်သေးတယ်"

ဆတ်ကနဲ ကုန်းကောက်ယူပြီး ဆုန့်ကို ပေး၏။

"ပေး"

ဆုန် ဆွဲယူလိုက်၏။

"ဖြည်းဖြည်းပေါ့ကွာ"

"မခေါ်ချင်မှန်း သိလဲ ဖွတ်လိုက်ခေါ်နေတာပဲ"

"ဒါကတော့ ခင်ဗျားက ကျုပ်မိန်းမကိုး"

"ကြေညာမ်နေနဲ့၊ အားလုံး သိပါတယ်"

သူက ပြုံးပြပြီးကြည့်၏။

ဉာဏ်ဝင်းစာပေ



"မင်းလဲ သိတယ်မဟုတ်လား သိမှာပါ"

"သွား . . . သွား . . .ကျွန်မ အနားမှာ လာမနေနဲ့"

"ဟိတ် . . . မရှက်ဘူးလား၊ ဘာလို့ ဒီလို စွတ်ပြောနေရတာလဲ"

"မရှက်ဘူး မြန်မြန်သွားလေ"

"ဘယ်သွားရမှာလဲ"

"မသိဘူး"

"ဆုန်မရှိရင် ပျင်းစရာကြီးကွာ"

"မသိဘူး အခု သွားတော့"

အစောကြီး သူမနိုးခင် ဆုန် ခြံထဲကို ဆင်းလာခဲ့တာပါ။

သူအခုမှ နိုးလာပုံရ၏။ သူ့ပုံစံက လန်းဆန်း တက်ကြွလှ ရွှင်မြူးနေပုံပါပဲ။

သူ ပျော်နေမှာပါလေ။ သူက ဘဝမှာ လိုတရ အားလုံး ပြီးပြည့်စုံတာပဲ။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုခု သွားစားရအောင်"

"မစားချင်ဘူး၊ အပြင်လည်း မထွက်ချင်ဘူး"

"ဒါဆို ကားတစ်ပတ် လျှောက်စီးမယ်"

"ဟင့်အင်း . . . မစီးချင်ပါဘူး"

"ဘာလို့လဲ"

သူ့ကို မော့ကြည့်မိသည်။ ကျွန်မ ဝေးဝေးမှာနေပါလားရှင်။

သူက ဆုန့် နှာဖျားလေးကို သူ့နှာတံချွန်ချွန်နှင့် ထိကပ်ရင်း အရမ်းချစ်တယ် ဆုန်ရယ် ဟု လေသံနှင့် ပြော၏။

ဆုန် ချက်ချင်း ရှောင်ဖယ်ပစ်မိသည်။ လှည့်ထွက်မည် ပြင်တော့ ပခုံးကို နောက်မှ သိုင်းဖက်ရင်း ပါးပြင်ကို လာနမ်းပြန်သည်။

"အမေ့"

ခြေထောက်လေး ခုန်စွခုန်စွနှင့် တစ်အား လန့်ဖြန့် အော်မိသည်။

ဤဏ်ဝင်းစာပေ



"ဟား . . . ဟား . . . ကြောက်တတ်လိုက်တာကွာ၊ တီကောင်ပါ"

မျက်နှာလေး ရဲတွတ်အောင် ရှက်သွားသော ဆုန့်ကို သူ စနေ၏။

တီကောင်ကို အသည်းယားသွား၏။

မင်းအဂ္ဂက ဆုန်ကို ကြည့်ရင်း သနားလည်းသနား၊ ရယ်လည်းရယ်ချင်ကာ စချင်စိတ်လည်း ဝင်လာရ၏။

"ဆုန် . . . လာ . . . ဒန်းပေါ် သွားထိုင်မယ်"

ခေါင်းခါပေမယ့် သူက လက်ဆွဲခေါ်လာသည်။ ဆုန်က မျက်စောင်းတစ်ချက် ရွယ်ပြီး ဒန်းဖြူဖြူမှာ ထိုင်လိုက်သည်။

"မောင် လွှဲပေးရမလား"

"မလွှဲနဲ့"

"အင်းပါ မလွှဲပါဘူး"

သူက ချော့ချော့မော့မော့ပင်။

ဤဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဆုန် ဘာစားပြီးပြီလဲ"

"ဘာမှ မစားချင်ဘူး"

"မောင်နဲ့ နေရတာ ပျော်ပြီး ဘာမှ မစားနိုင်တော့ဘူးလား"

"အမယ်"

ဆုန် စိတ်တိုသွားရသည်။

ကုတ်ဖဲ့ ထုရိုက်ပစ်ချင်စိတ်ကို မနည်းထိန်းထားရသည်။

"မောင်လဲ ဆုန့်လိုပဲ ဘာကိုမှ မစားနိုင်တာ အချစ်တွေနဲ့ ပြည့်နေတယ်"

ဆုန့်ဆံပင်များကို လက်နှင့်ဆွဲယူရင်း လည်ပင်းကို ငုံ့နမ်းသည်။ ဆုန့် ရင်ထဲမှာ ရှိန်းကနဲ နွေးကနဲ ဖြစ်သွားရသည်။ သူ့နှုတ်ခမ်း၏ အတွေ့နွေးနွေးက ရင်ကို မုန်တိုင်းထန်စေသည်။

"လာပါ ဆုန်ရာ၊ အပြင်ထွက်ပြီး မုန့်စားရအောင်"





သည်တစ်ခါတော့ ဆုန် ခေါင်းညိတ်မိသည်။ ပြင်းထန်လာမည့်သူ့ အချစ်များကို ထိတ်လန့်မိ၍ပါပဲ။

သူက ဆုန့်ကို ကားမောင်းရင်း တစ်ချက်တစ်ချက် ငဲ့စောင်းကြည့်၏။

"မုန့်ဟင်းခါး ကောင်းကောင်းစားချင်တယ်ကွာ"

ဆုန်က ဘာမှ မပြော။

"ဆုန်ကော စားချင်ရဲ့လား"

"ရတယ်၊ ဘာဖြစ်ဖြစ်"

"ပြီးတော့ ကိုယ်တို့ တစ်နေရာရာကို သွားကြရအောင်"

"အိမ်ပဲ ပြန်မယ်"

"ဟန်းနီးမွန်း ခရီးထွက်ရင် ကောင်းမလားလို့"

"မကောင်းဘူး"

"ဘယ်သွားမလဲ"

သူက ထပ်မေးနေသဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"ဆုန် စိတ်မပါဘူး၊ အားလဲ မအားဘူး၊ မနက်ဖြန် ကစပြီး ဆုန့်အလုပ် ဆုန် ပြန်လုပ်တော့မှာ၊ ပန်းချီ ပြန်ဆွဲမယ်"

"အား . . . ခဏ နားပါဦး"

"မနားတော့ဘူး"

"ဆုန်က ပန်းချီပညာကို စိတ်ဝင်စားတယ်နော်"

အနုပညာ ဝါသနာဆန်းဆန်းလေးနဲ့ ဖန်းီးချောကို မင်းအဂ္ဂမှာ တိုးချစ်နေရသည်။

"ဆုန်က အရမ်း (Bright) ဘရိုက်တ်ဖြစ်တယ်"

သူက ချီးကျူးစကား ဆိုလာ၏။

"မချီးမွမ်းပါနဲ့"

"ဒါပေမယ့် . . .

ပြီးမှ စကား ထပ်ဆက်သည်။

"ကလေးဆန်တယ်၊ ခေါင်းမာတယ်၊ ပြောရဆိုရ ကျပ်တယ်၊ တဇွတ်ထိုးလေး၊ တစ်ယူသန် အစွဲလဲ ရှိတယ်"





"ဘာဖြစ်လဲ"

ခပ်စွာစွာ တုန့်ပြန်တော့ သူ ရယ်သည်။

"ဒါပေမယ့် တော်ရုံကိစ္စဆို မညာတတ်ဘူး၊ ယုံကြည်မှုတွေ မတရားပေးပြီမှ ယူကျုံးမရ ဖြစ်အောင် မလုပ်တတ်ဘူး၊ သိရဲ့လား"

"သိပါတယ်"

"ဆုန်က သူများ အားနည်းချက်ကိုလဲ နှိမ့်ချပြီး အနိုင်ယူတတ်ဘူး"

"ထားပါကွာ၊ ဆုန်က အရမ်းကောင်းတယ်၊ မောင်က လုံးဝ မကောင်းဘူး"

"ဟုတ်တယ်"

"ဒါပေမယ့် ဆုန်နဲ့ မောင်က လင်မယားဆိုတော့ နှစ်ယောက်လုံး မကောင်းတကောင်း ဖြစ်သွားရော"

"မဆိုင်ပါဘူးနော် . . . ဟွန်း"

ဆုန် ငြင်းပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ဓာတ်က ဆုန်နဲ့တခြားစီပါ။

ဘယ်လိုကြောင့် ဖူးစာ လာဆုံမှန်းတောင် မစဉ်းစားတတ်ပါဘူး။

❄



BURMESE CLASSIC .com

မင်းအဂ္ဂက မိုးကဆုန်ကို ဂရုတစိုက် ကြင်နာမှုပြတတ်သည်။

ကုမ္ပဏီကနေ အိမ်ကို တစ်နေ့လျှင် အနည်းဆုံး ဖုန်းနှစ်ကြိမ်လောက် ခေါ်ရမှ ကျေနပ်တတ်သူ ဖြစ်သည်။

သူ့ဇနီးက မြေလျှိုးမိုးပျံပြီး ပျောက်သွားမှာ ကျနေတာပဲ။

ဆုန် ခြံထဲဆင်းနေလျှင် ကောင်မလေး လာခေါ်သည်။

"ဖုန်းလာနေပါတယ်"

"အေး . . , သိပြီ"

လက်မှ နာရီလေးကို မြောက်ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



(၂) နာရီတောင် ထိုးတော့မှာပါလား။

ထမင်းမစားရသေးတာ အခုမှ သတိရ၏။ ဆုန်က အလုပ်ထဲ စိတ်နှစ်နေရင် ထမင်းမေ့ ဟင်းမေ့ပါပဲ။

"ပြောပါ"

"ဆုန် ထမင်းစားပြီးပြီလား"

အရင်ဦးဆုံး ကြားရမှာ သည်စကား။ ဆုန် ကြိုတွက်ထား သိပြီးသားပါ။

ဆုန်နှင့် လက်ထပ်ပြီး တစ်ပတ်အကြာမှာ သူက ကုမ္ပဏီကို ပြန်သွားသည်။

"ဆုန်"

သူ့ ဒုတိယတစ်ခွန်းခေါ်မှ ဖြေဖြစ်သည်။

"မစားရသေးဘူး"

"ထင်ပါတယ်"

ဆုန်က အေးစက်စက် ဖြစ်နေသည်။ ပြေလည်ချွေး ထွေးသာယာနေခဲ့ရင်တော့ . .





"မောင် . . . ထမင်းအတူစားရအောင် အိမ်မှာပဲ လာစားပါလား။ ဆုန်တစ်ယောက်တည်း မစားတတ်ဘူး" ဟု ချွဲမိမှာပါ။

တကယ်လည်း ဆုန်တစ်ယောက်တည်း ထမင်းစားရတာ ခြောက်သွေ့လွန်းပါသည်။

အစတုန်းက ဆုန်တို့ အိမ်မှာပဲ အတူတူနေကြမို့ပါ။

သို့ပေမယ့် သူက အိမ်ဝယ်ထားတာမို့ သည်အိမ်မှာပဲ လာနေဖြစ်ကြ၏။

မေမေတို့က သိပ်ဘဝင်မကျပေမယ့် သူ့သဘောကို မကန့်ကွက်ပါ။

ဘယ်ယောက်ျားသားမဆို အိမ်ထောင်ပြုမှတော့ ကိုယ့်အိုးကိုယ်အိမ်နှင့် နေချင်ကြမှာပဲ။

မိဘကလည်း အေးအေးဆေးဆေး ကျန်းကျန်းမာမာ ။ပွားရေးကလည်း တောင့်တောင့်တင်းတင်း ကိုယ်မရှိလည်း ဖြစ်သည့် အနေအထားမို့ ဆုန်လည်း သူ့ဆန္ဒအတိုင်း ဒီအိမ်မှာပဲ နေဖြစ်တာ။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"မိဘအိမ်မှာ နေတာနဲ့ ကိုယ့်ဟာကိုယ်နေတာ ဘယ်တူပါ့မလဲ၊ အစစအရာရာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ရမယ်လေ၊ မိန်းမလဲ မိန်းမအလျောက်၊ ယောကျ်ားလဲ ယောကျ်ားအလျောက် တာဝန်ကိုယ်စီကျေမှ ဖြစ်မှာပေါ့၊ ကောင်းပါတယ်"

မေမေက ကြည်ဖြူစွာ ခွင့်ပေးခဲ့သည်။

"နှစ်နာရီတောင် ရှိနေပြီ နေလဲ နေနိုင်တယ်၊ ရောဂါရလိမ့်မယ်"

"၁၀ နာရီလောက်က မုန့်စားထားတယ်"

"တကယ်လား"

"တကယ်ပေါ့"

"အခု ထမင်းစားတော့မှာလား"

"အင်း"

"မောင် ပြန်လာခဲ့မယ်"

"ဘာပြောတာလဲ"





"အခု ပြန်လာမယ်၊ ညနေပိုင်း ရုပ်ရှင်သွားကြည့်မအောင်"

"မကြည့်ချင်ပါဘူး"

"ဘာလို့လဲ"

"အိမ်လာမှ မေးပါလား"

ဆုန် အမြင်ကတ်စွာ ပြောမိသည်။

သည်ရောက်မှ မေးလည်း ရသားပဲ၊ ဖုန်းထဲကနေ ကျူးတက မေးနေရသေး။

"မဟုတ်ဘူးလေ၊ ဆုန် မသွားချင်ဘူးဆို မောင် မလာတော့ဘူးလေ"

"မလာရင်လဲနေ ဒါပဲ"

ဆုန် ဖုန်းချပစ်လိုက်ပေမယ့် ရင်ထဲမှာ ဝုန်းဒိုင်းကြ ပွားရသည်။

"မမဆုန် ထမင်းစားတော့မလား"

ဖုန်းလာပြီးမှ ထမင်းစားဖို့ သတိရတတ်တဲ့ ဆုန့်အကျင့်ကို ကောင်မလေးက သိနေရပြီ။



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

ထမင်းကို စိတ်မပါစွာ စားရင်း ရင်ထဲမှာ အားငယ်စိတ်တွေ ဝင်လာရ၏။

အိမ်က အတူတူ ဝိုင်းဖွဲ့စားသောက်ရသော ထမင်းဝိုင်းကို သတိရသည်။

အခုတော့ ဆုန်တစ်ယောက်တည်းလေ။

"မမဆုန် . . . မိဝိုင်း ဘာလုပ်ပေးရဦးမလဲ"

"ရတယ် မိဝိုင်း။ လုပ်စရာရှိတာ သွားလုပ်တော့"

ကောင်မလေးက ဆုန့်အနားမှ ထွက်သွားသည်။

ဆုန်တို့ အိမ်ထောင်ရေးက တစ်သက်လုံး သာယာပါတော့မလား။

သည်လိုပဲ စိုပြည်မှု ကင်းကင်းပဲ ရှိနေမှာလား။

ဆုန် သက်ပြင်းရှိုက်မိသည်။

ထမင်းစားရင်း ငေးငိုင်နေရသည်။

"ဆုန်"

ဥဇာဝင်းစာပေ



သူခေါ်သံကို ကြားပေမယ့် လှည့်မကြည့်ဖြစ်။ သူရောက်လာမယ်လို့ ဆုန် မထင်ပါ။

ဝေ့ဝဲလာသော မျက်ရည်များကို မျက်တောင်ခတ်သိမ်းဆည်းမိနိုက်မှာ သူက ထမင်းဝိုင်းတွင် ဝင်ထိုင်လာ၏။

ဆုန် သူ့ကို မော့ကြည့်မိသည်။

ဟောဗျာ . . . ဖြစ်ရပြန်ပြီ။ ရွှေမျက်ရည်က အိဝိုင်းလို့ပါလား။

ထမင်းစားနေပုံကလည်း စိတ်မပါ။

မောင် ဘာလုပ်ပေးရမလဲ၊ မင်း မပျော်ဘူးလား။

အရင်လို သာယာနွေးထွေးတဲ့ဘဝ ဘယ်တော့မှ ပြန်မရနိုင်တော့ဘူးလား။ ကိုယ့်အရိပ်အောက်မှာ မျှော်လင့်ချက် မဲ့နေတဲ့ ပုံစံလေးနဲ့ တစ်သက်လုံး နေသွားတော့မှာလား ဆုန်ရယ်။

မောင့်အပေါ် စိတ်ဝင်စားမှု မရှိတော့ဘူးလား။

ချောင်ကျသွားသော ဆုန့်မျက်နှာလေးက သွယ်လျှလှ ကြည့်ကောင်းနေပေမယ့် သူ့ရင်ထဲ မကောင်းနိုင်ပါ။

ဥဇာဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပိန်သွားတယ် ဆုန်ရယ်။

မင်း စိတ်မချမ်းသာဘူးလား။

မေးခွန်းပေါင်းများစွာကို ရင်ထဲမှာ မေးရင်း ပြောင်းဆန် လှုပ်ရှားလာရသည်။

''ဆုန်''

သူ ဆုန့်အနားကို လျှောက်သွားကာ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး ထူမ ယူလိုက်မိသည်။

''ဆုန် . . . ထမင်းစားလို့ မကောင်းဘူးလားဟင်၊ ပြီးတော့ ဒီမှာ နေရတာ မပျော်ဘူးလား၊ ဆုန် ဘာစားချင်လဲ၊ ဘယ်မှာနေချင်လဲ၊ အိမ်ပြန်နေချင်လို့လား၊ ဆုန် ဒီမှာ ပျင်းနေလို့လား''

ဆက်တိုက်မေးချလာသော မေးခွန်းများကို တစ်ခုမှ မဖြေဖြစ်။

ဆုန် ကိုယ်တိုင်တောင် စဉ်းစားလို့ မရဘူး။ ဘာလဲ ရင် ဆုန် ပျော်မလဲလို့ မတွေးတတ်အောင်ပါပဲ။





ဆုန့်ရင်ထဲမှာ တကယ် လိုချင်တာက မောင်နဲ့ ပြေလည်တာ တစ်ခုတည်းပါ။

'ညာရက်လေခြင်း' လို့ ယူကျုံးမရ ဖြစ်စွာနှင့် အမြဲတွေးနေမိတာ လွှဲမှားတဲ့ မာနတရားတွေ ထားမိနေတာများလား။

သူ့အပေါ် အငြိုးအတေးကြီးတစ်ခုလို တွေးမှတ်ကာ ခဲမကျေ ဖြစ်နေမိတာ ဘာကြောင့်လဲကွယ်။

''မောင်တို့ ရုပ်ရှင်သွားကြည့်ရအောင်နော်၊ မောင့်ကို ဆုန် ခွင့်လွှတ်တဲ့အထိ မောင် စိတ်ရှည်ပါ့မယ်ကွာ၊ ဆုန့်ကို အရမ်းချစ်တာ ဆုန် ယုံပါ''

တိုးတိုးသက်သက် စကားများက ရင်လှိုင်းခတ်သံနှင့် ရောထွေးကာ ချိုမြနေသည်။

''ဆုန် . . . အဝတ်အစားလဲတော့၊ အရမ်းလှအောင် ပြင်ကွာ၊ ကြားလား၊ ဟိုတုန်းက မောင်နဲ့ တွေ့ရင် အရမ်းလှချင်တာပဲဆို''



www.burmeseclassic.com

www.burmeseclassic.com



ဆုန့်ကို သူက လက်ကလေးဆွဲရင်း အခန်းထဲကို ခေါ်လာပြီး မှန်တင်ခုံမှာ ထိုင်စေ၏။

''မောင် လိမ်းပေးရမလား''

''ဟင့်အင်း''

ဆုန့် ရင်ထဲမှာ ဒွိဟ ဖြစ်နေသည်။

သူ့ရင်ခွင်ထဲကို အတင်းတိုးဝင်ကာ ဖက်ထားရင်း အားပါးတရ ငိုရှိုက်ပစ်လိုက်ချင်သလို တစ်ဖက်ကလည်း သူနှင့် အဝေးဆုံးကို ပြေးထွက်သွားချင်မိ၏။

သည်လို ရင်နာစရာ အဖြစ်တွေကို သယ်ဆောင်လာသူက သူပါ။

ဆုန် သူ့ကို ဘယ်လောက်ချစ်ခဲ့လဲ။

အခုလည်း အချစ်တွေ ရင်နဲ့အပြည့်ရှိနေဆဲ။

သို့ပေမယ့် ဆုန် လန့်နေမိသည်။

အရမ်းချစ်ပြီး ယုံကြည်မှုတွေ လွန်ကဲမိလို့လည်း ဆုန် ပြင်းပြင်းထန်ထန် ခံစားရတာပေါ့။





''ဆုန် စိတ်မပါလဲ မပြင်ပါနဲ့၊ ဒီအတိုင်းလဲ တို့မိန်းမက လှပြီးသားပဲဟာ သွားမယ် ထ''

လက်ဖျားလေးကို ဆွဲခေါ်တော့ အလိုက်သင့် ပါလာရသည်။

''ဆုန် ထမင်းစားမကောင်းဘူး မဟုတ်လား၊ တစ်ခုခု သွားစားရအောင်''

ကားထဲမှာ ငြိမ်သက်စွာ လိုက်ပါလာသော ဆုန့်ကို တစ်ချက် လှည့်ကြည့်ပြီး မျက်လုံး မှိတ်ပြ၏။

ဆုန် တစ်ဖက်ကို မျက်နှာလွှဲလိုက်သည်။

မုန်းတော့ မမုန်းပါဘူး မောင်။

ဝေးပြီးလည်း မနေနိုင်ပါဘူး။

အရမ်းလည်း ချစ်နေတုန်းပဲ။

ဒါပေမယ့် စိတ်နာတယ်။

❋



www.burmeseclassic.com

www.burmeseclassic.com

ည ဆယ်နာရီပင် ထိုးပြီးပြီ။ သူ အခုထိ ရောက် မလာသေး။

နေ့လည် နှစ်နာရီက ဆုန့်ဆီ ဖုန်းဆက်ပြီး ထမင်း စားဖို့ သတိပေး၏။

သူ ဘာ့ကြောင့်နေလဲ ဘာလို့ သည်လောက် နောက် ကျနေရတာပါလိမ့်။

ဆုန် . ဘာက်ဖြင်းရှိုက်ရှင်း ဖတ်လက်စစာအုပ်ကို ပိတ်လိုက်မိ၏။

စိတ်ဝင်စားမှုလည်း မဟုတ်တော့ပါဘူး။

ဘာ့ကြောင့်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပူပန်မှုလို့ ပြောရမလား နည်းနည်းတော့ စိတ်ပူရပါသည်။

မိပိုင်းက စိုးရိမ်မှု ကင်းစွာ အိပ်မောကျနေပြီ။ ဆုန်တစ်ယောက်သာ လူပ်ခတ်နေရတာ။ သူက ဘာသိမှာလဲ။

ခြံထဲကို ဆင်းလာပြီး လမ်းမဘက်ကို မျှော်ကြည့်မိသည်။ တစ်ခါမှ သည်လို နောက်ကျတာမျိုး မဖြစ်ဘူးပါ။ အကြောင်းတစ်စုံတစ်ရာရှိလည်း ဆုန့်ကို ဖုန်းဆက်ပြီး ပြောလို့လည်း ဖြစ်တာပဲ။

လမ်းမှာများ တစ်ခုခု ဖြစ်လေသလား။

ဆုန် ထိတ်ကနဲ ဖြစ်သွားရ၏။ ဘာမှ စဉ်းစားမနေတော့ဘဲ မေမေ့ဆီ ဖုန်းဆက်ဖြစ်သည်။

''သမီးလေးကလည်း စိုးရိမ်တတ်လိုက်တာကွယ်၊ ဘာမှ ဖြစ်မှာမဟုတ်ပါဘူး၊ ရောက်လာမှာပါ၊ စိတ်အေးအေးထားမှပေါ့၊ အိမ်ရှင်မကြီး ဖြစ်နေပြီ၊ တစ်အောင့်လောက်ကြာရင် မေမေ ဖုန်းပြန်ဆက်မယ်လေ''





မေမေ့အသံက အေးငြိမ်းမှုကို ဖြစ်စေသည်။

''တစ်ခါမှ ဒီလောက် နောက်မကျဘူးလို့ပါ မေမေ''

''ကိစ္စတစ်ခုခု ရှိလို့ နေမှာပေါ့''

ဆုန့်ဆီ ဖုန်းဆက် ပြောရင် ရသားပဲဟု စိတ်ထဲကပဲ ပြောဖြစ်၏။

စိုးထိတ်မှုက အငွေ့မသေသေး။

ခြံထဲကို ထိုခဏမှာပင် ကားတစ်စီး ကွေ့ဝင်လာတာတွေ့ရသည်။

သူ ပြန်လာပြီ။

လိုက်ကနဲ ပျော်သွားရတာ ဘာနှင့်မှ မတူ။

ဆုန် သိပ်ကလေးဆန်နေပြီလား။

သူက ချက်ချင်းပဲ ဆုန့်အနားကို ရောက်လာ၏။

''အား . . . မောလိုက်တာ ဆုန်ရာ''

ဆုန့်ပါးပြင်နှစ်ဖက်ကို ဘယ်ပြန်ညာပြန် ငုံ့နမ်းရင်းညည်း၏။



www.burmeseclassic.com

www.burmeseclassic.com



"အခု မမောတော့ဘူး"

သူ့အသံက ရွှင်ပြနေသည်။

"စာရင်းတွေ စစ်နေလို့ နောက်ကျသွားတယ်၊ ဖုန်းဆက်ဦးမလို့ပဲ ဆုန် အိပ်နေပြီလား ထင်ပြီး မဆက်တာ"

တကယ် စေတနာအမှန်နှင့် ပြောတာလား၊ ဒါမှမဟုတ် သည်မိန်းမ နည်းနည်း ပူပန်ပါလေ့စေ ဆိုပြီး နှိပ်စက်တာလား။

သူက အပြစ်ရှိသူလို ဟက်ကနဲ ရယ်ရင်း ခပ်တိုးတိုး တောင်းပန်၏။

"ဆောရီးကွာ၊ ဆုန် မောင့်ကို စိုးရိမ်လားလို့ သိချင်တာလဲ ပါတယ်"

အဲဒါတွေ မကြိုက်တာပေါ့။

"အခုသိပြီ၊ ဆုန်လေး မောင့်ကို နည်းနည်းစိုးရိမ်တတ်တယ်"

"ဆုန် ထမင်းစားပြီးပြီလား။ မောင် အရမ်း ဆာနေပြီ"





ဆုန် သူ့အနားမှ လှည့်ထွက်ခဲ့သည်။

"ဟာ . . ဘာယ်လိုဖြစ်တာလဲ"

လက်မောင်းကို ဖမ်းဆွဲထား၏။

ကြည့်ပါလား၊ မြူးလို့ ရွှင်လို့ ဆုန်ကသာ စိတ်ပူရတာ။ မကျေမနပ်နှင့် သူ့ကို တစ်အားထုရိုက်မိသည်။

"ဟာ . . . ဆုန့်ကို စတာပါ၊ အရမ်း ထုတယ်ကွာ"

ဆုန့်လက်တွေကို ဖမ်းဆွဲရင်း စွဲမက်စွာ နမ်းရှိုက်၏။

နွေးထွေးရတမှုနှင့် မကျေမနပ်မှုတွေကို ရောထွေးကုန်ရသည်။

"လာကွာ . . . ထမင်းအတူတူ စားမယ်"

ဆုန် ပေကပ်ရပ်နေတော့ သူက ဆုန့်ကို ကလေးငယ်တစ်ဦးလို ဇွတ်ကနဲ ကောက်ချီရင်း ထမင်းစားခန်းကို ခေါ်လာသည်။ ခုံပေါ်တွင် ဆုန့်ကို ချပေးရင်း သူ ပြော၏။

"မောင်နဲ့ ဆုန် လက်ထပ်ပြီးတဲ့နေ့ကလည်း မောင် ဒီလိုပဲ ပွေ့ချီလာတာနော်၊ အဲဒီနေ့က မောင် အရမ်းပျော်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ မပျော်ဘူးပေါ့"

ဆုန် ကတ်သက်မေးမိသည်။

"အခုလည်း ပျော်ပါတယ်၊ အခုပျော်တာက တစ်မျိုးပေါ့၊ ဟိုတုန်းက ပျော်တာကတစ်မျိုး"

သူက ဆုန့်ကို ထမင်းခွံ့ကျွေးသည်။ ဆုန်က ခေါင်းရမ်းသည်။

ဆုန်တို့ ထမင်းစားနေတုန်း ဖုန်းမြည်လာ၏။

"ဆုန် ထိုင်နေ၊ မောင် ပြောလိုက်မယ်"

"ဟင့်အင်း . . . ဆုန်ပြောချင်လို့"

"ဘယ်သူမှန်းဖြင့် မသိဘဲနဲ့"

"ဘယ်သူဖြစ်ဖြစ်ပေါ့"

ဆုန်ကဖုန်းကို ဦးအောင် လုကိုင်၏။

"ဟုတ်ကဲ့၊ ပြန်ရောက်ပါပြီ မေမေ"

"... ... ..."

"အဟင်း . . . ဟုတ်ကဲ့"

ဉာဏ်ဝင်းစာပေ



တစ်ဖက်က စကားများကို မင်းအငွ မကြားရပါ။ သို့သော် မှန်းလို့ ရ၏။

"မောင်လည်း ပြောဦးမယ်"

မျက်စောင်းရွယ်ရင်း ဖုန်းခွက်ကို သူ့လက်ထဲထည့်ကာ ခြေဆောင့်ပြီး ထွက်ခဲ့မိသည်။

မေမေ့ သူ့ကို ဘာတွေ ပြောသလဲ မသိ။ ခဏကြာတော့ သူ ပြန်ရောက်လာ၏။

"ဆုန်လေး"

"လာမခေါ်နဲ့"

"နောက် ဘယ်တော့မှ ဆုန် အဲဒီလို စိတ်ပူအောင် မလုပ်တော့ဘူး၊ ယောက်ျားကတိကွာ၊ တည်စေရမယ်လေနော်၊ ဆောရီးပါကွာ"

သူ့စကားကြောင့် ဘဝင်ကျသွားသလိုလို။

"ယုံလား"

ဘာမျှ ပြန်မဖြေတော့ ဆုန့်မေးစေ့လေးကို ဆွဲညှစ်ရင်း နှုတ်ခမ်းကို ဖိကပ်နမ်းရှိုက်၏။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆုန် တွန်းပစ်ပေမယ့် လုံးဝ မရတော့။

"အရမ်းချစ်တယ်ကွာ၊ မောင့်ကို ချစ်သေးရဲ့လား ဟင်"

ဟင့်အင်း . . . ဟု ခေါင်းခါချင်သည်။

နှုတ်ကတော့ ငြင်းလို့ မရအောင် မောင်က တားဆီးထားသည်။

ရင်ထဲမှာတော့ ချစ်နေဆဲပါ မောင်ရယ်။

❋



မနက်စောစော အိမ်ကို သွားချင်တယ် ပြောတော့ ပင်းအဂ္ဂတစ်ခဏ စဉ်းစားနေသည်။

ဒါ စဉ်းစားစရာလား။

သူကိုယ်တိုင် လိုက်ပို့ ပေးရမယ့်ကိစ္စကို။

"မနက်ဖြန်မှ သွားရင် ဖြစ်မလား၊ မောင် လိုက်ပို့ပေးမှာပေါ့"

"အခုပဲ သွားချင်တယ်"

"ဒီနေ့ ကုမ္ပဏီမှာ အရေးကြီးကိစ္စရှိလို့ပါ"

"ဒါဆို တစ်ယောက်တည်း သွားမယ်"

"မကောင်းပါဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ မကောင်းရမှာလဲ"

"စိတ်မချဘူး"

"အပိုတွေ"

ဆုန်ဒေါသ ဖြစ်လာရသည်။ သည်လောက် ခက်ခဲ မှန်း သိလျှင် မပြောပါဘူး။

စိတ်ရှုပ်စွာ မျက်နှာလေး သုန်မှုန်လာရ၏။ သူ့ကို မကျေနပ်စွာ ကြည့်မိသည်။

သူ ဝင်ပို့ပေးခဲ့၊ ညနေ ပြန်လာခေါ်ရသားနဲ့၊ သက်သက်ညစ်တာ၊ ဆုန်တစ်ယောက်တည်း ပျင်းနေရတာ ဘယ်လောက်ကြာပြီလဲ။

ဒီမှာချည်းပဲ နေရတာ ပျင်းသွေ့တာပေါ့။ ကိုယ့်မိဘ အိမ်ကိုယ် သွားတာပဲ စိတ်မချစရာလား။

သူက သက်ပြင်းရှိုက်ရင်း။

"စိတ်မကောက်ပါနဲ့ ဆုန်ရာ၊ စိတ်လည်း မဆိုးပါ နဲ့၊ ကိုယ် မနက်ဖြန် လိုက်ပို့ပေးမယ်၊ တစ်နေကုန် နေမယ် ကွာနော်"





"ဟင့်အင်း၊ ဒီနေ့ပဲ သွားမယ်၊ လိုက်မပို့ပေးလဲနေ၊ ဆုန် ဖုန်းဆက်ပြီး လာခေါ်ခိုင်းမယ်"

သူက ဆုန့်ကို စိတ်ပျက်သလို ကြည့်၏။

ဆုန့်အပေါ် နားလည်မှု မရှိပါဘူး။

"ဆုန်က လိမ္မာပါတယ်"

"ဒါဆိုလည်း ပြီးရော"

ဆုန် ဂုန်းကနဲ ထရပ်ကာ အခန်းထဲ ပြေးဝင်လာခဲ့ပြီး တံခါးပိတ်ထားလိုက်သည်။

မင်းအဂ္ဂက သူ့မနောက်မှ လိုက်လာသည်။

သည်နေ့မှ သူကလည်း အလုပ်တွေ အရမ်းရှုပ်နေ ရသည်။

ကုမ္ပဏီရုံးမှာ သူမရှိလို့ ဘယ်နည်းနဲ့မှ မဖြစ်။

ဆုန်ပြောသလို ဝင်ပို့ခဲ့ချင်ရင်တော့ အလွယ်လေးပါ။

သို့သော် သူလည်း ဆုန်နဲ့ တစ်နေကုန် မနေရတာ ကြာပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် မှားသွားပြီလား။

သူလည်း သူ့အိမ်ကို သတိရမှာပေါ့။

သွားချင်မှာပေါ့။

ကိုယ့်ကိုယ်ကို မင်းအင်္ဂအဖြစ် ထင်မိသည်။

"ဆုန်လေး . . . မောင်လိုက်ပို့ပေးမယ်"

သူတစ်ဆင့် လျှော့ချလိုက်၏။

ဆုန်လေး ပျော်ရင် ပြီးရော။

"စိတ်မကောက်ပါနဲ့ကွာ"

သူ ပြောသမျှ မကြားသလို နေမိ၏။

ဆုန့်စိတ်က တစ်မျိုးပါပဲ။

"ဆုန် မသွားချင်တော့ဘူး ဒါပဲ"

ပြတ်ပြတ်သားသား အော်ပြောလိုက်၏။

"ဟာကွာ"

စိတ်ပျက်၊ စိတ်ရှုပ်သံကြီးနှင့် ညည်း၏။

"တကယ်၊ မသွားတော့ဘူးလား"





"အင်း"

"မနက်ဖြန် တစ်နေကုန် လျှောက်လည်မယ်ကွာ"

"ဟင့်အင်း . . . လုံးဝ မလည်ဘူး။ စိတ်ချ"

"မောင့်ကို မကျေနပ်ဘူးပေါ့"

"ဆုန်က သိပ်ကလေးဆန်တယ်"

"ဒါက ဘယ်သူပဲဖြစ်ဖြစ် ကိုယ့်သွားမယ့်လမ်းကို ကြောင်းမဲ့ ဟန့်တားရင် ဘယ်ကျေနပ်နိုင်မလဲ"

မျက်နှာလေးရှုံ့မဲ့ရင်း ပြောနေပုံက အသည်းယားစရာ။

မင်းလေး ဘယ်လိုနေနေ၊ ဘာပဲပြောပြော မောင် ရမ်းကို နှစ်ခြိုက်နေမိတာပါလား။

ဆုန်ရယ် . . .

ချစ်လိုက်တာ . . .။

ထိုင်ကြည့်နေရုံနဲ့ ရင်ထဲ ချမ်းမြေ့ပြီး မျက်နှာလေး ကျိုးကျသွားမှာတောင် စိုးရိမ်နေမိတတ်တာမျိုး၊ အရမ်းနူးညံ့ ဲ့ အချစ်မျိုးနဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဝေးသွားရမှာဆို တွေးတောင် မကြည့်ဝံ့ဘူးကွာ။

ဆုန့်ကို ငေးကြည့်ပြီး ငြိမ်သက်နေသော သူ့ကို နား မလည်စွာ ဖြစ်မိ၏။

သူ ဘာတွေ တွေးနေပါလိမ့်။

''ဟာ. . . မောင် အခုမှ သတိရတယ်၊ ဆုန့်ကို ပေး စရာ တစ်ခု ရှိတယ်''

သူက ခဏလှည့်ဝင်သွားပြီး ပြီးတော့ ပြန်ထွက်လာ သည်။

''ရော့ . . . ဆုန့်ကို ပေးဖို့ မေ့နေတာ''

''ဟယ် . . . လှလိုက်တာ''

ချစ်စရာကောင်းသော (TITONI) နာရီလေး။

နာရီခရေဇီးမို့ စိတ်ဝင်စားစွာ ကိုင်တွယ်ပွတ်သပ် ကြည့်မိသည်။

''အရမ်းလှတာပဲနော်''

''ဆုန် ကြိုက်လား''

ဉာဏ်ဝင်းစာပေ



''အရမ်းကြိုက်တယ်''

မျက်လွှာစင်းချ၊ မျက်လုံးမှိတ်ပြီး ပြော၏။

''မောင့်ကိုလား''

''ဟွန့် . . . မဟုတ်ပါဘူး''

သူက ဆုန့်ဆံပင်များကို ဆွဲယူ နမ်းရှိုက်ရင်း . . .

''ကဲ . . . မောင့်ကုမ္ပဏီ ရုံး ခဏသွားမယ်၊ စော စော ပြန်ခဲ့မယ်၊ ဆုန် ထမင်းကို အချိန်မှန်စား မောင် ပြန်လာ ခါနီးကျရင် ပန်းသီးစိမ်းရောင် ဝတ်စုံလေးဝတ်ပြီး စောင့်နေ''

အသေးအဖွဲ့လေးကမှအစ မှာတတ်တာ ရယ်ချင် စရာ။

''မဝတ်ပါဘူး''

''သွားမယ်၊ စိတ်ကောက်မနေနဲ့ဦး''

ဆံပင်တွေ နမ်းရှိုက်နေတာ သိနေတာမို့ ဆုန်က နာရီလေးကိုပဲ ငေးစိုက်ကြည့်မိရင်း ရင်ခုန်နေရသည်။

အိမ်ပြင်ရောက်မှ တစ်ချက် အငဲ့ လှည့်ကြည့်တော့။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆုန့် ပါးပြင်လေးတွေ ပန်းသွေးရောင်ကြွနေသည်။

ဆုန် ရှက်နေတာပေါ့။

သူ ကြည်နူးစွာ ပြုံးမိ၏။

ဆုန်ရာ . . . ဘယ်လောက်ပဲ နမ်းနမ်း ရိုးမသွားဘူး၊ အီမသွားဘူး။

ဘယ်တော့မှ နမ်းလို့ ဝမယ် မထင်ပါဘူးကွာ။

"အရမ်းချစ်တယ်"

နှုတ်ခမ်းလှုပ်ရုံ လှမ်းပြောတော့ ဆုန် ပြုံးချင်မိသည်။

ဒါပေမယ့် မျက်စောင်းပင် ပိတ်ထိုးပစ်လိုက်သည်။

❋



"ဆုန်တို့ မျက်နှာပွင့်ပုံက အဲဒီလို . . ."

ချမ်းအေးက ယုဇနတို့ကို ဖိတ်စာပြပြီး ပြောဆိုနေ၏။

ဖိတ်ကြားခံသူ နေရာမှာ "မိုးကဆုန်" တဲ့။

ဟိုဘက်ခြံက ကိုကောင်းဇင်က သူ့ကုမ္ပဏီရဲ့ မိတ်ဆုံစားပွဲ ထရိတ်ဒါးဟိုတယ်မှာ ပြုလုပ်တာကို မိုးကဆုန်နဲ့ သိပ်ပရင်းနှီးဘဲ တကူးတက ဖိတ်စာ လာပေးတာကြောင့် သူငယ်ချင်းတွေက စကားနာ ထိုးနေတာ ဖြစ်သည်။

"ဟုတ်ပါ့၊ ငါတို့ကျတော့ မဖိတ်ပါလား။ သူနဲ့ မျက်မှန်းတန်းမိနေသားနဲ့"

"ကိုကောင်းက ဆုန့်ကိုမှ မျက်စိကျတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျစရာလားလို့၊ သူက အပျိုမှ မဟုတ်တာ၊ ဒီမှာ အပျိုတွေကိုကျတော့ မမြင်ဘူး နော် ... ဟယ်"

ထက်ထက် စကားကြောင့် အားလုံး ရယ်မောမိကြသည်။

"ဆုန် ... နင်သွားမှာလား"

ဆုန်က မျက်မှောင်ကြုတ်ရင်း ...

"သွားဖြစ်မယ် မထင်ပါဘူး"

"ဘာလို့လဲ"

"ကိုအဂ္ဂက လိုက်ပို့ပေးဦးမှ"

"နင့်ဘာသာ သွားပေါ့"

"ဟင့်အင်း ... မသွားချင်ဘူး"

"ဆုန့်အဖော်မရှိရင် ထက်ထက်ကို ခေါ်ပေါ့"

"ထားလိုက်ပါဟယ်၊ နင်တို့က အားနေကိုကောင်းဖင် အကြောင်းပဲ"

ဆုန်က အိမ်ပြန်ဖို့ အိတ်ကလေး ကောက်လွယ်လိုက်သည်။





သူနှင့် သိပ်အဆင်မပြေပေမယ့် အိမ်ကို လွမ်းသည်။ သူ ဆင်ပေးထားသော ပိုက်ပုခက်လေးကို လွမ်းသည်။

ကြိုးနှင့် ပြုလုပ်ထားတဲ့ ပုခက်မို့ အိကျကာ အိပ်စီးရတာ အရမ်းကောင်း၏။

သစ်ပင်နှစ်ပင်ကြားက အနီရောင် ကြိုးပုခက်ကိုတော့ ဆုန် သိပ်ကြိုက်သွားရသည်။

ဆုန်က ပုခက်တို့၊ ဒန်းတို့ သိပ်မက်သည်။

ခေါင်းမူးတတ်ပေမယ့် ရဟတ်စီးရမှာတော့ မကြောက်တတ်။

သူက ဆုန် သဘောကျနေမှန်း သိတော့။

"ပျော်လား"

"နည်းနည်းပျော်တယ်"

"အရမ်း မပျော်ဘူးလား"

"ဟင့်အင်း"

ဆုန့် ပါးစပ်ထဲက ဆားငန်သီးစေ့ကို သူက လက်ဖဝါး



www.burmeseclassic.com

www.burmeseclassic.com



နှင့် ခံယူသည်။ ကိုရီးယားဂါဝန် အကာပ်လေးနှင့်မို့ မလုံမလဲ ထထိုင်တော့ . . .

သူက ပြန်လှဲချစေသည်။

"စီးဦးလေ"

ကိုယ့်ယောက်ျားပဲလေ။ ရှက်နေစရာ လိုမတဲ့လား။

"အုန်းစိမ်းရေ သောက်မလား။ ယူလာပေးမယ်"

ဆုန် ခေါင်းညိတ်ပြမိသည်။

အုန်းစိမ်းရေ ဆုန် အရမ်းကြိုက်တာ သူသိထား သည်။

ဖွန်းခြစ် (အုန်းသီးနုဖပ်ဖပ်ကလေးတွေ) က သိပ် စားကောင်းတာ။

"မမကြီးဆီ တစ်ရက်သွားလည်ချင်တယ်"

"သွားချင်သွားလေ၊ မောင်လိုက်ပို့မှာပေါ့"

"ပြီးရော သန်ဘက်ခါ သွားမယ်"

"ဟုတ်ကဲ့"





လက်နှစ်ဖက်ပိုက်ရင်း ခေါင်းကို ဆတ်ကနဲ ညိတ်ကာ တရှိုသာသေ ပြောဖေါ်။

"ဘဲကင်ကော ဝယ်ရဦးမှာလား"

"စိတ်မပါရင် မဝယ်နဲ့"

"ဘယ်လို ပြောတာလဲကွာ၊ ကောင်းကောင်း ပြော မှပေါ့"

"ဒီနေ့ကော ဘယ်သွားချင်လဲ"

"မသွားချင်ပါဘူး။ အိမ်မှာ မဂ္ဂဇင်း ဖတ်ချင်တယ်"

"ဆုန် စာဖတ်နေတော့ မောင် ပျင်းနေရမှာပေါ့"

"ပျင်းပေါ့"

သူရယ်ရင်း . . .

ဆုန် လက်နှစ်ဖက်ကို ဆွဲထူရင်း ထစေ၏။ ပြီးမှ ါးကျဉ်းကျဉ်းလေးကို ရစ်ပတ် သိမ်းဖက်ကာ နားရွက်ဖျား ေလးကို မသိမသာ မွှေးရှိုက်၏။

ဆုန်တို့ နှစ်ဦးဧည့်ခန်းကို ရောက်လာတော့ ဖုန်း ြည်လာ၏၊ သူက သွက်လက်စွာ သွားကိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှိပါတယ်"

သူက ဆုန့်ဘက် လှမ်းကြည့်ရင်း မျက်စပစ်ခေါ်၏။

ဆုန် ဘုမသိ ဘမသိနှင့် နားထောင်လိုက်ရသည်။

"ဩော် ... ကိုကောင်းလား၊ ဟုတ်ကဲ့ ... အင်း"

" ... ... ..."

"ဟုတ်ကဲ့၊ ဖိတ်စာရပါတယ်"

"ဟုတ်ကဲ့"

သူ ဆုန့်ဘေးနားမှာ မလှုပ်မယှက် ရပ်ပြီး ကြည့်နေ၏။

"ဘယ်သူလဲဆုန်"

ဖုန်းချလိုက်တော့ သူက မေးလာ၏။

"ကိုကောင်းဇင်ပါ"

"ဘယ်ကလဲဆုန်၊ ဘာကိစ္စတဲ့လဲ"

"ချမ်းအေးတို့ ဘေးခြံကပါ၊ ကုမ္ပဏီမိတ်ဆုံစာ ဖိတ်တာပါ"





"မောင်နဲ့ လက်ထပ်ပြီးမှ သူနဲ့ ဆုံဖြစ်တာလား"

"ဟင့်အင်း"

"သူက ဖုန်းနံပါတ်ကို သိနေပါလား"

"ချမ်းအေးကို မေးရင် ရသားပဲ"

ဆုန် သူ့ကို သေချာကြည့်မိ၏။

စေ့စေ့စပ်စပ် ကွက်စုံ ထောင့်စုံ တွေးနေပါလား။ ယောက်ျားဆို သည်လို ဆက်ဝံ့ပါ့မလား၊ စဉ်းစားကြည့်ပါလား။

ပြီးတော့ ဆုန်က အဲသည်လို ရှုပ်ရှုပ်ယှက်ယှက် မိန်းမလေးလား။ သူ ဘာမှ မမေးခင်ကတည်းက ဆုန် စိတ်တိုပြီ။ စိတ်ဆိုးနေလိုက်တာ လွန်ရော။

"သိနေတာ ကြာပြီလား"

"သိပ်မကြာသေးဘူး"

"အရမ်း ရင်းနှီးသလား"

"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



"သာမန် မိတ်ဆွေတွေပဲလား"

ဆုန် ရှုံ့မဲ့ဖြစ်လိုက်သည်။

"မဟုတ်ဘူး၊ ရည်းစား၊ အရမ်းရင်းနှီးတယ်၊ ထက်ထိ သံယောဇဉ် မကုန်သေးဘူး"

"မဟုတ်ပါဘူး ဆုန်၊ ကိုယ်က စိုးရိမ်လို့ မေး ပါကွာ၊ ဆုန့်ကို ယုံပါတယ်"

"ဆုန်က အဲဒီလို မိန်းမျိုး မဟုတ်ဘူး"

"မောင် လွန်သွားလား၊ ဆောရီးပဲ၊ မောင် သဝန်တိုသလို ဖြစ်သွားပြီ"

အခုမှ ထိတ်ထိတ်ပျာပျာ တောင်းပန်၏။

"တော်ပြီ ရှင်နဲ့ စကားမပြောချင်ဘူး။ ရူး လိမ့်မယ်"

ဆုန် ချာကနဲ လှည့်ထွက်ခဲ့သည်။

"ဆုန် . . . နေဦး"

သူက အတင်းအကျပ် ပြန်ဆွဲထား၏။

ဉာဏ်ဝင်းစာပေ



"မောင် အရမ်း လွန်သွားသလား"

"ကိုယ်တိုင် စဉ်းစားပေါ့"

"ဒီလောက် ကြီးမားတဲ့အဖြစ်လို့ မောင် မထင်ဘူး ဆုန်"

"မင်းကျေနပ်အောင် ဘာလုပ်ပေးရမလဲ"

"မကျေနပ်ပါဘူး။ ဘယ်တော့မှလဲ ရင်ထဲမှာ သံသယကင်းကင်းနဲ့ ဟိုတုန်းကလို ပြေလည်မှုတွေ တွေ့ရ လိမ့်မယ်လို့ မမျှော်လင့်ပါနဲ့၊ ဆုန် သိပ်ချစ်ပြီး ယုံကြည်ရတဲ့ လူက သေသွားတာ ကြာပြီ၊ ဆုန် ရင်ထဲမှာ သူ သေသွားပြီ"

"ဟာ"

မင်းအဂ္ဂ ရင်မှာ အောင့်သွားရ၏။

"ဒါဖြင့် မောင့်ကို ဘာလို့ ဒီလောက် လိုက်လိုက် လျောလျော နေတာလဲ"

"အရှင်းကြီးပါ၊ တည်ခေါက်ထားတဲ့ဘဝ မပျက်ချင် လို့ပေါ့"

"မင်း . . ."

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



မင်းအဂ္ဂ မျက်နှာတင်းမာ အေးစက်သွား၏။

ဒေါသကြောင့် တောက်ပလာသော မျက်လုံးများ ကို ဆုန် ယှဉ်မကြည့်ဝံ့။

သူက သက်ပြင်းတစ်ချက် ရှိုက်ရင်း စိတ်ကို လျှော့ချမိလိုက်ပုံရသည်။

ခေါင်းငိုက်စိုက်ချကာ လှည့်ထွက်သွား၏။

ထုံးစံအတိုင်း ဆုန် မျက်ရည် ကျပြန်ပါသည်။

ရင်ထဲမှာ မချိမဆံ ခံစားရလွန်းလို့။

သူနဲ့ ပတ်သက်လာတိုင်း လိုတာထက် ပိုပြီး ဖျော့ ညံ့အားငယ်နေမိတတ်တာ ဆုန့်ရဲ့ အားနည်းချက်ပါပဲ။

❋

ဉာဏ်ဝင်းစာပေ

ထိုညအထိ မင်းအဂ္ဂနှင့် မိုးကဆုန်တို့ တစ်ဦးနှင့် တစ်ဦး မျက်နှာချင်းမဆိုင်မိအောင် သတိထားသည်။

သူတို့ရဲ့ အိမ်ဂေဟာလေးမှာ စကားပြောသံပင် ကြားရဲ့ တိတ်ဆိတ် ခြောက်ကပ်နေသည်။

ဆုန်သည် သူနှင့် မခေါ်မပြော စိတ်လုပ်နေရတာ ပျင်းမြေ့လှပေမယ့် မာနနှင့် ဟန်ဆောင်တင်းထားသည်။

ဆုန်ကရော မျက်နှာငယ်ငယ်နှင့် အောက်ကျ နောက်ကျ ပြန်ခေါ်ရမှာလား။

သူ လွန်တာပဲ။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ မနက် ဆုန် နိုးလာချိန်မှာ သူ ရှိ မနေတော့ပါ။ အစောကြီး ထွက်သွားပုံရသည်။

သူ အရမ်း စိတ်ဆိုးသွားပုံရ၏။

တစ်နေ့လုံး စကားမပြောဘဲသူမို့ နေနိုင်သည်။

သူတစ်ခါမှ အခုလောက် လျစ်လျူရှုတာမျိုး မရှိခဲ့ တာမို့ ရင်ထဲမှာ ချက်ရှုရှုနှင့် ခံရခက်လှပါသည်။

"မမဆုန် ထမင်းစားတော့မလားဟင်"

၁၂ နာရီထိုးခါနီးလောက်မှာ မိပိုင်း လာမေး၏။

သည်နေ့ သူဆီ ဖုန်းလဲ မလာ။

ခါတိုင်းဆို တစ်နေ့ နှစ်ကြိမ်ဆက်နေကျ။

ဆုန် ဒရင်းဘတ်ပေါ်မှာ လှဲနေမိသည်။

"မစားသေးဘူး"

"ဟုတ်ကဲ့"

မျက်လုံးမှိတ်ရင်း ငြိမ်နေပေမယ့် အေးချမ်းမှု မရှိ။

ဆုန့်စကားတွေ တော်တော် လွန်သွားလား။





ဆုန်က နာအောင် ပြောတာပါ။

နာအောင်ပြောမှန်း သိသားနဲ့။ သည်လောက် ...ရာလား။

ဆုန် စိတ်လည်း တိုလာရ၏။

ချမ်းအေးတို့ဆီသွားဖို့ ဆုန် ဆုံးဖြတ်လိုက်သည်။

တယ်လီဖုန်းဆက်ပြီး ချမ်းအေးကို လာကြိုခိုင်း ...၏။

ချမ်းအေးက သိပ်မကြာလိုက်ဘဲ ရောက်လာသည်။

"မိပိုင်း... မမဆုန်နဲ့ လိုက်ခဲ့၊ အိမ်ကို ပိတ်ထားခဲ့ ..."

မိပိုင်းတစ်ယောက်တည်းနှင့်တော့ အိမ်ကို စိတ်မချ ...ချမ်းအေးက ဆုန့်ကို ပြုံးကြည့်၏။

"ကိုအဂ္ဂ ဆူနေဦးမယ်"

"ရပါတယ်၊ ဆုန်က ဘာမဟုတ်တာ လုပ်လို့လဲ"

"ရရင် ပြီးရော"



www.burmeseclassic.com

www.burmeseclassic.com



ဆုန် မိပိုင်းကို ခေါ်ကာ ချမ်းအေး ကားနှင့် လိုက်လာခဲ့သည်။

ချမ်းအေးတို့ အိမ်ရောက်မှပဲ ထမင်းစားဖြစ်၏။

ညနေစောင်းအထိ ဆုန် မပြန်ဘဲ နေလိုက်သည်။

ချမ်းအေးနှင့် စကားပြောလိုက်၊ ဗွီဒီယို ကြည့်လိုက်နှင့် အချိန်ဖြုန်းလိုက်သည်။

ညနေ ခြံထဲ ဆင်းထိုင်တော့ ကောင်းဇင်က ရောက်လာ၏။

''ဆုန် အလည်လာတာလား''

''ဟုတ်ကဲ့''

''ပြန်ရင် လိုက်ပို့မယ်လေ''

''ရပါတယ်၊ ဆုန် မပြန်သေးပါဘူး''

''ဆန်းဒေး ကျရင်တော့ လာရမယ်နော်''

''ဟုတ်ကဲ့''

သည်လို ဆုန် အိမ်ထောင်နှင့်ဆိုတာကို သိပ် သိပါလေစ။

ဉာဏ်ဝင်းစာပေ



ဆုန့် ခေါင်းထဲမှာ အတွေးတွေ ရှုပ်လာရသည်။

''အခုထိ ကျွန်တော့်ကို သိပ် စကားမပြောပါလား''

''ကျွန်တော်နဲ့ မရင်းနှီးသေးလို့လား''

''အဲဒီလိုလည်း မဟုတ်ပါဘူး''

ဆုန် ကိုကောင်း မျက်နှာကို အကဲခတ်မိသည်။

ခန့်ခန့်တည်တည်နှင့် သဘောကောင်းမည့်ပုံပါပဲ။ ခင်မင်စိတ်တော့ ဖြစ်ပေါ်လာရသည်။

''ဆုန် ပျင်းရင် ကျွန်တော်တို့ခြံကို လာလည်ပါ၊ မေမေတို့နဲ့လဲ မိတ်ဆက်ပေးထားရမယ်၊ ညီမလေးနဲ့လဲ သိအောင်ပေါ့၊ ခင်ချင်စိတ်ကော ရှိရဲ့လား''

ပွင့်လင်းမှု ရှိတာချင်းက ဆုန်နှင့် တူနေ၏။

''ရှိပါတယ်ရှင်''

''ဒါဆို ကျွန်တော်သွားဦးမယ်၊ တစ်ရက်သီးသန့် လာခဲ့ပါ''

''ဟုတ်ကဲ့''

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုကောင်းဇင်က နှုတ်ဆက်ပြီး ပြန်သွားသည်။

ဆုန် သူ့ကို လိုက်ကြည့်ရင်း အတွေးတွေ များပြား နေရသည်။

အိမ်က လူကြီးတော့ အခုလောက်ဆို ပြန်ရောက် နေပြီလား မသိ။ ပြန်ရောက်လျှင်လည်း သူ့ အိမ်ထဲ မပြောနှင့်၊ ခြံထဲတောင် ဝင်လို့ ရမည်မဟုတ်။

သူပြန်ရောက်ဦးမယ်လို့လည်း မထင်ပါ။

''ဆုန် ပြန်တော့မယ်''

အနားရောက်လာသော ချမ်းအေးကို 'နှုတ်ဆက် လိုက်၏။

''သဘောပဲလေ၊ ဆုန်က အရင်ကလို မဟုတ်တော့ ဘူးဆိုတော့ နေပါဦးလို့ တားရမှာ ခက်နေတယ်''

''မဆိုင်ပါဘူးနော်''

''ကိုအဂ္ဂ မျှော်လောက်ရောပေါ့''

ချမ်းအေး၏ ခန့်မှန်း စကားကို မကြားသလို နေ လိုက်၏။





''ချမ်းအေး လိုက်မပို့နဲ့တော့၊ ဒရိုင်ဘာနဲ့ပဲ ပြန်လိုက် မယ်''

''ဟယ် ... မဟုတ်တာ၊ ချမ်းအေး လိုက်ပို့မှာပေါ့''

ဆုန်က တားပေမယ့် ချမ်းအေးက ဇွတ်အတင်း ကိုယ် တိုင် လိုက်ပို့၏။

ခြံရှေ့ရောက်တော့ ဆုန် အံ့ဩကာ နှုတ်ခမ်းလေး ပွင့်သွားရသည်။

ကားက ခြံရှေ့မှာ ရပ်ထား၏။ သူ ပြန်ရောက်နေပြီ။

''ဟော ... ရှင့်လူကြီး ပြန်ရောက်နေပြီ''

''အင်း ...''

ချမ်းအေးက ခြံအပြင်မှာပဲ ကားရပ်လိုက်၏။ ဆုန်နှင့် ပိုင်းဆင်းပြီးတော့ ချမ်းအေးသွားတော့မယ်ဟု နှုတ်ဆက် ကာ ပြန်သွား၏။

ဆုန် မိပိုင်းကို သော့ထုတ်ပေးကာ ခြံတံခါးဖွင့်ခိုင်း လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ကားထဲကို သေချာငုံ့ကြည့်တော့ သူက ကူရှင်ကို မှီကာ ထိုင်နေသည်မို့ ဆုန် အကြည့်လွှဲကာ ခြံထဲ ဝင်လာခဲ့သည်။

ဘယ်လိုလူလဲ၊ ကားကို ခြံရှေ့မှာ ရပ်ကာ သည်အတိုင်းထိုင်နေ၏။

ထမင်းစားခန်းကို တောက်လျှောက် ဝင်လာကာ ရေသောက်နေတုန်း သူ ရောက်လာ၏။

"နှစ်နာရီက ဖုန်းခေါ်တယ်၊ လာမကိုင်ဘူး။ မောင်စိတ်ပူပြီး ချက်ချင်း ပြန်လာတော့ မင်း အိမ်မှာ မရှိဘူး"

သူ့မျက်နှာမှာ ဒေါသရိပ် ကင်းစင်နေပေမယ့် မကျေနပ်မှုတွေက ပေါ်လွင်နေ၏။

"မိပိုင်းရေ . . . ထမင်းစားမယ်"

မိပိုင်းကို ပြောရင်း ဆုန် ထမင်းစားပွဲ ဝင်ထိုင်လိုက်ပြီး ခူးခပ်ထည့်လိုက်၏။

ဆုန် သည်နေ့ ထူးခြားစွာ ဆာလောင်နေရ၏။

ဉာဏ်ဝင်းစာပေ



သို့ကြောင့် သူ့ကိုပင် လှမ်းမကြည့်တော့ဘဲ သွက်သွက် စားနေမိသည်။

"စားမှာလား"

ဆုန် မေးမိသည်။

ဆုန့် မျက်လုံးလေးတွေ ကြည့်စင်ကာ မြူးရွှင်နေပုံက တစ်မျိုးလေး။

အဲဒါ သူ့ကို စစ်ပြေငြိမ်းကြောင်း ကြေညာတာလား။

သူနှင့် လက်ထပ်ပြီးမှ သည်နေ့ ဆုန် သွက်လက်မှု အရှိဆုံးပါပဲ။ မင်းအင်္ဂ ဝမ်းသာသွားမိသည်။

စောစောတုန်းက ရှိနေသော မကျေနပ်မှုတွေကို လွင့်ပျောက်ကုန်၏။

"စားမှာလားဆို"

"အင်း"

သူ ပြုံးရင်း ခေါင်းညိတ်ပြလိုက်သည်။ ထမင်း အတူစားရင်း ရင်တွေ တအားခုန်လာရ၏။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ့ပုံစံနှင့် သူ့အပြုံးကို ဆုန် ရင်ထဲမှာ ထာဝစဉ် စွဲငြိသွားရပါပြီ။ ပေးဆပ်ချစ်နေမယ့်ဆိုတဲ့ ပုံစံလေး။

ရင်ထဲက ပြုံးလိုက်တာမှန်း သိသွားသည်။

သည်အပြုံးက သိပ်အဓိပ္ပါယ် ရှိလွန်းပါတယ်။

အမှန်တော့ . . . သူ့ကို ဆုန် သိပ်ချစ်ရပါတယ်။ သူ ဥပေက္ခာ ပြုသွားမှာကို ရင်ဆိုင်ရမှာ အကြောက်ဆုံးပါပဲ။

ဘယ်အချိန်ကြည့်လိုက် ကြည့်လိုက် သူ့မျက်လုံးတွေ၊ သူ့ ဆံပင်တွေ၊ သူ့နှုတ်ခမ်းတွေကို ဆုန် အရမ်းမြတ်နိုး ရပါတယ်။

သူများတကာတွေက သိပ်ခန့် သိပ်ကြည့်ကောင်းတဲ့ လူလို့ လက်ခံချင်မှ လက်ခံမယ်၊ ဒါပေမယ့် သူ့ပုံစံကို မြင် လိုက်ရတိုင်း ဆုန် ရင်ခုန်လှုပ်ရှားပြီး သိပ်ကို လန်းဆန်း ရတာတော့ ဘယ်လိုမှ ငြင်းမရပါဘူး။

ညတုန်းက ဆုန့်အခန်းထဲ ဝင်လာတော့ သူက နှစ် နှစ်ခြိုက်ခြိုက် အိပ်ပျော်နေပြီလေ။

ဥာဏ်ဝင်းစာပေ



ခုတင်အေားမှာ မလှုပ်မယှက်ရပ်ရင်း၊ တစ်စောင်း အနေအထားနှင့် အိပ်ပျော်နေတဲ့ သူ့ကို သေချာငုံ့ကြည့် နေခိုက်မှာ သူ့ပါးပြင်ကို မွှေးရှိုက်ပစ် ချင်စိတ်တွေ ဝင်လာ ရသည်။

ဆုန် စိတ်မထိန်းနိုင်ဘဲ သူ့ပါးပြင်ကို နှာတံနှင့် ဖိကပ် မွှေးကြူခဲ့မိသည်။

အခုမှ မလုံမလဲနဲ့ သူ့ကို တစ်ချက် မော့ကြည့်ဖြစ် သည်။

ထမင်းစားပြီးတော့ ဇရုံတာလေးဆီ ထွက်ခဲ့မိကြ သည်။

''ဆုန့်ကို ပြောစရာရှိလို့''

''ဘာလဲဟင်''

သူ့စကားက ဆန်းနေတာမို့ ဆုန် စိတ်ဝင်စားသွားရ သည်။

ဥာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ညတုန်းကလေ တို့ကို ကောင်မလေးတစ်ယောက် ကစ် (kiss) ပေးသွားတယ်ကွာ သိလား"

"အား . . . သွား"

ဆုန်မျက်နှာတွေ ပူနွေးလာကာ သူ့ကို ထုရိုက်မိသည်။

"မောင့်စိတ်တွေ မနည်းထိန်းရတယ်ကွာ သိလား"

"ဒါနဲ့များ မနက်အစောကြီး ဆုန် မနိုးခင် ထွက်သွားရက်တယ်"

"ဪ . . . ဆုန်ရာ အဲဒါက အမိပ္ပါယ်မဲ့သွားတာမှ မဟုတ်ပဲ၊ ကိစ္စရှိလို့ပါ"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ငွေကြေးပြည့်စုံနေတိုင်းလဲ စိတ်ပျော်ရွှင်တာမှ မဟုတ်ဘဲ"

"ဟုတ်လား"

"မိန်းမတွေက မိုက်မဲပါတယ်၊ ကိုယ့်ကို အရမ်း ချစ်တာကို အလိုချင်ဆုံးပါ"

ဉာဏ်ဝင်းစာပေ



"မောင်က မချစ်လို့လား"

"ချစ်ပါတယ်"

"အဲဒါဆို ဘာလိုသေးလဲ"

သူက ဆုန့်ပါးလေးကို ဆွဲလိမ်ရင်း . . .

"ဘာတွေ စိုးရိမ်နေတာလဲ"

ဆုန် ခေါင်းယမ်းလိုက်သည်။

ရှင် မချစ်တော့မှာ၊ ထားခဲ့မှာ စိုးရိမ်တာပါလို့ ဖွင့်ပြောရမှာလား။

"စိတ်ချပါ ဆုန်ရယ်၊ မောင်က အမြဲ ချစ်နေမှာပါ"

သူက ပြုံးရင်း ကတိပေး၏။

မင်းအနားကနေ တစ်သက်လုံး ထွက်သွားနိုင်မှာ မဟုတ်ပါဘူး။

❋

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

မင်းအဂ္ဂက သူ့ကတိအတိုင်း ဆုန့်ကို မမကြီးရဂုံရဲ့ ိပ်ကို လိုက်ပို့သည်။

မမကြီး နွေရဂုံက အိမ်ထောင်ကျပြီးကတည်းက သူ့ င်ပွန်းရှိရာ ပဲခူးမှာပဲ အနေများသည်။

ရန်ကုန်ကို သိပ်မရောက်။

ပဲခူးဈေးကြီး စည်ကားနေတာတွေ့တော့ ဆုန်က ူကို ကားခဏရပ်ခိုင်းပြီး သစ်သီးနှင့် မမကြီး သားတွေဖို့ ုန့်ဝင်ဝယ်သည်။

မမကြီးရဂုံက ယခုတော့လည်း နာကျည်းစရာတွေ ို မေ့လျက် သူ့ဘဝမှာ သူပျော်ပိုက်နေပြီ။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



အတိတ်က အရိပ်မည်းကြီးကို အတိတ်မှာ ချန်ထား ခဲ့ပြီ။

ဦးမြတ်ဝေနှင့် လိုက်ပြေးသွားပေမယ့် ယခု မမကြီး ရဲ့ ခင်ပွန်းက ထိုအဖြစ်အပျက် အားလုံးကို ခွင့်လွှတ်ပြီး ကြင်နာစွာ ပေါင်းသင်းတာမို့ မမကြီးက ကံကောင်းပါသည်။

မမရဂုံကပင် ဦးမြတ်ဝေကို ခွင့်လွှတ်နိုင်ပြီး ဆုန်က ဦးမြတ်ဝေရဲ့ တူကို ခုထိ ခွင့်မလွှတ်နိုင်။

သူ ညာရက်တာကိုပဲ စိတ်မကောင်းဖြစ်ရတာပါ။

မပတ်သက်ချင်တဲ့ အမျိုးတွေနှင့် ပတ်သက်လိုက်ရ တာကိုလည်း ခုထိ အခဲမကျေ။

ပဲခူးက အိမ်ကို ရောက်တော့ မမရဂုံက ထွက်ကြို သည်။

''ဟယ် . . ဆုန် . . . ညီမလေး လာ . . . လာ''

ဝမ်းသာအားရ ပြေးထွက်လာ၏။

''ပျောက်နေလိုက်တာနော်၊ အခုမှပဲ လာဖော်ရတော့ တယ်''





''လာချင်ပါတယ် မမကြီးရဲ့၊ မောင့် နားရက်ကို စောင့်နေရလို့''

''ဩော် . . . မောင်အဂ္ဂ၊ လာလေ၊ အိမ်ပေါ်တက်''

မမကြီးက သူ့ကို အခုမှပဲ သတိတရနှင့် ဖိတ်ခေါ်မှု ပြု၏။

''ညီမလေး နည်းနည်း ပိန်သွားတယ်''

''ဟုတ်လား''

ဆုန်က ရှက်ရယ်ရယ်နေ၏။

''မမကြီးက ဝလာတယ်''

''ဟုတ်ပါ့''

''သားသားတို့ရော''

''ရှိတယ်၊ လာ အခုမှ တူတွေကို မေးဖော်ရတော့ တယ်''

''ဆုန် အရမ်း သတိရပါတယ် အဟုတ်''

မင်းအဂ္ဂက တိတ်တဆိတ် လိုက်လာမိ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဦးလေးနှင့် ပတ်သက်ခဲ့ဖူးသော အမျိုးသမီးပို မမကြီးကို သူ မျက်နှာပူနေပုံ။

"ညမှ ပြန်နော် ညီမလေး"

"အင်းပါ၊ တစ်နေကုန်နေမှာ စိတ်ချ"

"ဟိုတစ်ရက်က မေမေ့ဆီ ရောက်သေးတယ်"

"အင်း . . . မေမေ ဖုန်းဆက်ပြောပါတယ်"

"နှင်းပုံရော . . . သူ ပျော်နေပုံရရဲ့လား"

မမကြီးစကားက ဆုန့်အတွက် ဆန်းနေသလိုပင်။

မမနှင်းပုံက ဘာလို့ မပျော်ရမှာလဲ။

သူချစ်သူ ကိုသက်ဇော်နှင့် ပြေလည်နေသားပဲ။

ချစ်သူနှင့် မကြာမီ ဆုံစည်းခွင့် ရတော့မှာ ဘာ မပျော်စရာ ရှိမှာလဲ။

"ဘာဖြစ်လို့လဲဟင် မမကြီး၊ ဆုန် ဘာမှ မသိဘူး"

မမကြီးကို အနားကပ်ကာ တိုးတိုးမေးမိသည်။

ဘယ်လိုလုပ် သိနိုင်မှာလဲ၊ ဆုန့်ဘဝ၏ အချိန်များ သည် မောင်နှင့်သာ ကုန်ဆုံးနေရ၏။





"နေ့လည်မှ အေးအေးဆေးဆေး ပြောပြမယ်လေ"

"ဟုတ်ကဲ့"

ဘာပြဿနာတွေ ရှိနေပြီလဲ မသိ။

ဆုန် နောင်တ ရသွားမိသည်။ နောက်ဆို မေမေ့ဆီ ညတိုင်း ဖုန်းဆက်မှပဲ။

"မောင်"

"ဟင် . . . ဘာလဲဆုန်"

"ကြည့်ပါဦး . . . သားသားတို့ကို"

ဆုန် ကောက်ချီကာ ပွေ့ပိုက်ထားမိသည်။

မမရဂုံရဲ့ သားနှစ်ယောက်က ဖြူဖြူဝဝလေးတွေ။

မောင်က အကြီးကောင်လေးကို ချီပိုးလိုက်၏။

မမကြီးက ပြုံးကြည့်နေသည်။

"ကဲ . . . နေကြဦးနော်၊ စားဖို့သောက်ဖို့ စီစဉ်ဦးမယ်"

ဆုန် ခေါင်းညိတ်ပြလိုက်၏။

မမကြီး ထွက်သွားတော့ မောင်က . . .



www.burmeseclassic.com

"မောင် . . . ကလေးချိုချင်တယ်ကွာ"

သားကြီးကို နမ်း၍ ပြော၏။

"ကလေး အရမ်း လိုချင်တယ်"

ဆုန် သက်ပြင်းရှိုက်မိသည်။

"သားလေးတစ်ယောက်၊ သမီးလေးတစ်ယောက်၊ တစ်ခါတည်းရရင် ကောင်းမယ်ကွာ နော်"

"ဆုန်ကော မလိုချင်ဘူးလား ဟင်"

"လိုချင်ပါတယ်"

ဆုန် ခေါင်းညိတ်ရင်း ဖြေမိသည်။

"အဲဒါဆို ပိုပြီး ပျော်စရာကောင်းမှာ ဆုန်ရာ"

"အင်းနော် . . . ဆုညုံနေမှာပဲ"

မျက်လုံးလေးတွေ လက်ဖြာရင်း ပြောနေသော ဆုန့် ပုံစံလေးက ကျက်သရေရှိစွာ တင့်တယ်နေရှာ၏။

မိခင်စိတ်တွေ ပြည့်လျှံနေချိန်မှာ မိန်းမတစ်ယောက်ရဲ့ အလှဟာ အပြည့်အစုံဆုံးပဲဟု မင်းအဥ္စ ထင်သည်။

ဉာဏ်ဝင်းစာပေ



"မောင် အရမ်း ပျော်တယ် ဆုန်ရာ"

"မောင်က ဆုန် မလိုချင်ဘူး အောက်မေ့လို့ပါ"

ဆုန် ကြည်လင်စွာ ပြုံးလိုက်သည်။

သူက ပခုံးလေးကို ဖက်ထားသည်။

"မောင်နော်"

ဆုန် မျက်စောင်းထိုးမိသည်။

"ဆုန်လေးရေ"

"လာပြီ . . . မမကြီး၊ မောင် . . . နေဦးနော်၊ ဆုန် မမကြီးကို သွားဝိုင်းကူလိုက်ဦးမယ်"

"ကောင်းပါပြီ၊ ဒါပေမယ့် အကြာကြီး မနေနဲ့နော်၊ မောင်က တစ်ယောက်တည်းဆို ပျင်းတတ်တယ်"

"အင်းပါ"

ထမင်းစားခန်းမှာ မမကြီးက စားပွဲခင်းလဲနေ၏။

"မောင်အဥ္စရော"

"အိမ်ရှေ့မှာပါ"

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ပျင်းနေတော့မှာပဲ"

"မမကြီးကော အဆင်ပြေရဲ့လားဟင်"

"ပြေပါတယ်"

"ဆုန် ခဲအိုက အေးပါတယ်"

မမကြီး မျက်နှာက ကျေနပ်ပြုံးနှင့်။

"ညီမလေးကော အိုကေပဲလား"

"အင်း"

"ဘာပဲဖြစ်ဖြစ်ပေါ့ ညီမလေးရယ်၊ ကိုယ် တည်ဆောက်မိတဲ့ဘဝကို နိုင်မာအောင် ထိန်းရမှာပေါ့၊ ညီမလေးလဲ လိမ္မာနော်။ သည်းခံခွင့်လွှတ်စိတ်ထားဖို့က အရေးကြီးတယ်"

"ဟုတ်ကဲ့"

"ညီမလေး . . . သားသမီး မယူသေးဘူးလား"

"ယူတော့မှာပါ"

"ကောင်းတယ်၊ မြန်မြန်ယူ"





ဆုန် ရှက်ရွံ့စွာ ရယ်မိသည်။

"မမကြီး"

"နှင်းပုံကိစ္စ မေးမလို့လား"

"ဟုတ်တယ် မမကြီး"

"သက်ဇော်နဲ့ ညီမလေးနဲ့ ခင်လား"

"ခင်သားပဲ"

"ညီမလေး"

"ဟင်"

"အဲဒီ သက်ဇော်ဆိုတာက ရှုပ်သလား"

"ဆုန် မသိဘူး၊ ဘာသတင်းတွေ ကြားလို့လဲ"

"သူနဲ့ ပတ်သက်ဖူးတဲ့ မိန်းကလေးတစ်ယောက်က နှင်းပုံဆီ ဖုန်းလှမ်းဆက်တယ်ဆို၊ မင်္ဂလာပွဲကို ဖျက်မယ်၊ ဘာညာ ခြိမ်းခြောက်တယ်ဆိုပဲ"

"ဟုတ်လား"

ဆုန် မျက်မှောင်ကြုတ်သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆုန် ဒေါသဖြစ်လွယ်သည်။

"သက်ဖော်က ဘာဖြေရှင်းချက်မှ မပေးဘူးလား၊ သူတို့ချင်း ညှိရမှာပေါ့"

မနက်ဖြန် မမနှင်းပုံဆီသွားဖို့ သက်ဖော်အကြောင်း စုံစမ်းဖို့ ဆုန် တွေးနေမိသည်။

ဆုန်ရင်ထဲမှာ ယောကျ်ားတွေကို လန့်တတ်နေပြီ။

မောင်တောင် ဆုန့်ကို လိမ်ညာယူခဲ့သေးတာပဲ။

ဘယ်မှာ အပြစ်ကင်းလို့လဲ။

"ဘာမှ မဆိုင်တဲ့ သူစိမ်းနှစ်ယောက်၊ ဘယ်လိုလုပ် အစစအရာရာ တိုက်ဆိုင်တူညီမှု ရှိပါ့မလဲ၊ အဆင်မပြေတာ တော့ ရှိမှာပဲ၊ တစ်ခါတလေ ကိုယ့်စိတ်နဲ့ ကိုယ့်ကိုတောင် တည့်ချင်တာ မဟုတ်ဘူး၊ သူစိမ်းဆိုရင်တော့ ပြောမနေနဲ့ တော့၊ သည်းခံစိတ်သာ မွေးကြ သမီးတို့ရေ"

မေမေ့ဆုံးမ စကားများကို ကြားယောင်မိသည်။

"ကဲ . . . အဲဒါတွေ ထားဦး၊ မောင်အင်္ကျီကိုခေါ်၊ ထမင်းစားရအောင်"





"မဆာသေးပါဘူး၊ မမကြီးရာ"

"သူကော ဆာနေပြီလား မသိဘူး"

"မသိဘူးလေ"

"မေးကြည့်လိုက်ပါလား"

"ဟုတ်ကဲ့၊ ဆုန်တော့ အရမ်း အိပ်ငိုက်လာသလို ပဲ၊ ခေါင်းတွေလဲ တရိပ်ရိပ်နဲ့ ကားစီးလာရင် ဒဲလိုပဲ"

"ဒါဆို အိပ်ချင် အိပ်လိုက်ပါလား ညီမလေးရဲ့"

ဆုန် မောင့်ကို ထမင်းစားဖို့ မေးတော့ မောင်က မစားသေးဘူးဟု စာအုပ်ဖတ်ရင်း ဖြေ၏။

"ဆုန် ခဏ အိပ်မယ်နော်"

"အိပ်လေ"

ဆုန်က မျက်လုံးလေးမှိတ်ရင်း ငြိမ်သက်သွားပေမယ့် သူက ဆုန့်ကို ငေးစိုက်ကြည့်ရင်း စာပင် ဆက်မဖတ်နိုင် တော့။

ဆုန့်မျက်တောင်ရှည်ရှည်ကော့ကော့များကို စူးစိုက် ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆုန် ခဏ အိပ်ပျော်သွားသည်။

ဆုန် နိုးလာတော့ သူနှင့် ဆုန် ထမင်းစားကြသည်။

ညအထိ နေမယ်နော်လို့ အိမ်မှာတုန်းက ပြောခဲ့ပေမယ့် ထမင်းစားပြီးတော့ ဆုန်က ပြန်ချင်ပြီဟု ဆိုလာသည်။

သူနှင့်ဆုန် အပြန်လမ်းမှာ တိတ်ဆိတ်နေသည်။

"မမနှင်းပုံနဲ့ ကိုသက်ဇော် ပြဿနာ ဖြစ်နေကြတယ်တဲ့"

ဆုန် သူ့ကို ဖွင့်ပြောလိုက်သည်။

မင်းအဂ္ဂက ဆုန့်လက်ကလေးကိုပဲ တအားဖျစ်ညှစ်လိုက်မိသည်။

"နှင်းပုံက ဘာပြဿနာလဲ"

ဆုန်က ခုန မမရဂုံ ပြောတာတွေ မင်းအဂ္ဂကို ပြန်ပြောပြလိုက်သည်။

"ဟာ . . . ဘယ်လိုကြီးလဲ"





"အဓိပ္ပါယ် မရှိတာကွာ၊ သက်ဇော်မှာ ရည်းစားရှိခဲ့ရင်တောင် အဲဒီ ကောင်မလေးက ဘာလုပ်လို့ ရမှာလဲ"

မောင်က မျက်နှာရှုံ့မဲ့စွာဆိုတော့ ဆုန် ရယ်မိသည်။

တအံ့တသြပုံစံနှင့် မျက်ခုံးကြီးတွေ ပင့်တက်သွားလျှင် သိပ်ကြည့်လို့ ကောင်းတဲ့ မောင်ပါ။

"ဘာမှ စိတ်မပူပါနဲ့ကွာ"

သူ့ရဲ့ နှစ်သိမ့်စကားတွေကြောင့် ဆုန် ရင်ထဲမှာ မွန်းကျပ်နေတာတွေ လျော့ပါးသွားသည်။

❋



www.burmeseclassic.com

www.burmeseclassic.com

ကျယ်ဝန်းလွတ်လပ်သော ချမ်းအေးတို့ရဲ့ အိမ်ဟာ ဟိုအရင်ကတည်းက ဆုန်တို့ သူငယ်ချင်းတွေ အားလုံးရဲ့ နေရပ်တစ်ခုပဲ ဖြစ်သည်။

ဖုန်းဆက်ချိန်းကြ၊ အဲဒီမှာဆုံကြ၊ တစ်ခုခု လုပ်စားကြ၊ ဗီဒီ ကြည့်ကြ၊ ကာရာအိုကေဆိုကြနှင့် ပျော်စရာကြီးပါ။ အိမ်ထောင်ကျနေပေမယ့် ဆုန်က ထိုအုပ်စုထဲက မထွက်။ အချိန်ရတာနှင့် ချမ်းအေးတို့အိမ် ရောက်သွားတာပါပဲ။

ဒီတစ်ခါတော့ ပြဿနာဖြစ်ပြီး စိတ်ကောက်နေကြ ကိုယ့် သက်ဖော်နှင့် မမနှင်းပုံတို့ကိုပါ ဖိတ်ခေါ်ဖို့ စဉ်းစားထား သည်။

ဥာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ ရွှေတောင်ခေါက်ဆွဲ လုပ်စားရအောင်"

ဆုန့်ကို အဂ္ဂကာ ကုမ္ပဏီရုံးသွားရင်း ဝင်ပို့ပေးခဲ့၏။

သည်ရောက်တော့ ဆုန့်သူငယ်ချင်းများနှင့် တိုင်ပင်ကာ သက်ဇော်ဆီ ဖုန်းဆက်၏။

သက်ဇော်ကလည်း အရေးတယူပင် ချက်ချင်း လာခဲ့ပါမည်ဟု ပြောသည်။

သိပ်မကြာခင် သက်ဇော် ရောက်လာ၏။

"ကိုသက်ဇော် . . လာလေ၊ တစ်ခါတည်း အလုစားကြတာပေါ့"

"အေးပါ"

သက်ဇော်အတွက်ပါ ရွှေတောင်ခေါက်ဆွဲ တစ်ပွဲ ပြင်ပေး၏။

စားသောက်ကြပြီးမှ ဆုန့်တို့ ခြံထဲ ဆင်းလာကြသည်။

"ဆုန် . . . ကိစ္စ အထူးအထွေ ရှိလို့လား"

"ဟုတ်တယ် သက်ဇော်၊ ငါနင့်ကို မေးစရာရှိလို့"





"ငါ မဖြေနိုင်မယ့် မေးခွန်းတွေ မေးမှာလား ဆုန်"

ဆုန် သက်ဇော်ကို မျက်ကန်း လှည့်ကြည့်မိသည်။

"ဖြေချင်ရင် အလွယ်လေးပါ"

"ဟုတ်တယ်၊ ငါ သိပ်မဖြေချင်ဘူး။ ဒါပဲ မေးနေကြတာပဲ"

"တခြားလူတွေကို ငါ့ကြောင့် မနစ်နာစေချင်ဘူး"

"မမနှင်းပုံကို ရှင်ထည့်မတွက်ဘူးလား"

"တွက်ပါတယ်၊ သူ့ကို ငါ့ဘဝရဲ့ အဓိက အထားဆုံးပဲ"

သက်ဇော် ဖြေပုံကို သဘောကျမိသည်။

"မမနှင်းပုံကို သေချာ ရှင်းပြသင့်တယ် သက်ဇော်"

"အေးပါ၊ ငါ မနေ့ကတည်းက စဉ်းစားထားပြီးသွားပါ၊ နှင်းပုံက ငါ့ကို သိပ်ယုံကြည်တယ်၊ အဲဒါပဲ ငါ အပျော်ဆုံးပဲ"

အဓိကမမနှင်းပုံ ကျေနပ်ဖို့ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ဆုန်က ဘေးလူ။ လူတစ်ယောက်ချင်း ဝန်မခံတာကိုလည်း အတင်း မမေးသင့်ပါ။

"နင်ကော အဆင်ပြေရဲ့လား ဆုန်"

"မဆိုးပါဘူး၊ ကောင်းလည်း မကောင်းဘူး ဆိုပါတော့"

"အဟင်း . . ."

"အဲဒီတော့ ယောကျ်ားတွေက မကောင်းဘူးပေါ့"

"အေးပေါ့"

ဆုန်ရ ရယ်လိုက်သည်။

ချမ်းအေးတို့ပါ စကားဝိုင်းထဲ ရောက်လာပြီးလျှင်။

"သက်ဇော်ရေ . . . ငါတို့ကို တစ်ဝိုင်း ဆန်းမစ်မှာ ကျွေးရမယ်"

"ရပါတယ်"

"ဆုန်က ကားလေး ကျော်တက်သွားတော့ သက်ဇော်တို့ နောက်ကျတာပေါ့"





"ဖြစ်လာတော့မှာပါ"

ဆုန်တို့ ညီအစ်မ သုံးဦးနှင့် စိုစိုပြည်ပြည် ရှိခဲ့သော အိမ်ကြီးက အခုတော့ တစ်ယောက်ပြီးတစ်ယောက် အိမ်ထောင် ပြုပြီးလျှင် မေမေတို့ အထီးကျန်ဆန်သွားမှာပဲ။

ကိုယ်က ပျော်ရွှင်စွာ ထွက်လာရသူမို့ မသိ၊ ကျန်ခဲ့တဲ့ လူတွေက အောက်မေ့ လွမ်းဆွတ်ရှာမှာပဲဟု တွေးရင်း ရင်ထဲ တစ်မျိုးကြီး ခံစားရသည်။

မေမေကတော့ သမီးတွေကို သိပ်ချစ်တတ်သူမို့ သဘာဝပဲလေဟု ခွင့်လွှတ်ပေးမှာ မုန်ပေမယ့် သတိရနေမှာလည်း ဆုန် သိပါသည်။ မမနှင်းပုံ လက်ထပ်ပြီး အိမ်ခွဲသွားလျှင် ။ ဆုန် မေမေတို့နှင့် တလှည့် ပြန်နေဖို့ စဉ်းစားမိ၏။

မောင်က ဆုန့်ကို သိပ်ချစ်သူပါ။ လိုက်လျောမှာ ကျိန်းသေ၏။

မမနှင်းပုံ လက်ထက်ပြီးလျှင် ဆုန်မေမေတို့ဆီမှာ ပြန်နေတော့မည်ဟု ဆုံးဖြတ်လိုက်မှ ရင်ထဲ ပေါ့သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆုန်"

"ပြောလေ သက်ဇော်"

"နှင်းပုံဆီ ဖုန်းဆက်ရင် ဖြစ်မလား"

"နင်တို့ ပြေလည်နေတယ် မဟုတ်လား၊ ဆက်ပေါ့"

"နင် ဆက်ပေးပါလား"

"ဘာလို့"

"ဒီကို ခဏလာဖို့ ပြောပေးဟာ၊ ငါ သူ့ကို ရှင်းပြလိုက်မယ်"

ဆုန် သက်ဇော်ကို မျက်စောင်းရွယ်မိသည်။

"မဆက်ပေးပါဘူး"

"ဟာ . . . ဆုန်ရာ နင်က လိမ္မာတယ်"

"အမယ် . . မယ်၊ လာဖားမနေနဲ့၊ တွေ့ချင်ရင် တွေ့ချင်တယ်ပေါ့"

"အေး. . . ဟုတ်ပါတယ်၊ တွေ့ချင်တယ်၊ ဘာဖြစ်လဲ"

အခုမှ ရှက်ရှက်နဲ့ ဝန်ခံ၏။





ဆုန်တို့ ဝိုင်းရယ်မိသည်။

အစ်မကို ညီမကတစ်ဆင့် ခေါ်ခိုင်းရသေးတယ်၊ ဆုန် မမနှင်းပုံဆီကို ဖုန်းဆက်ရသည်။

"မမနှင်းပုံလား"

"ပြော. . . ဆုန်လား။ အခု ဘယ်က ဆက်တာလဲ"

"ချမ်းအေးတို့အိမ်က . . ."

"ဒီမှာ သက်ဇော်လဲ ရောက်နေတယ်"

မမနှင်းပုံက တိတ်ဆိတ်သွား၏။

"ကြားရဲ့လားဟင်၊ ဟက်လို"

"ကြားပါတယ်"

"လာခဲ့မလား"

"ဘာလုပ်ဖို့လဲ"

"စကားပြောဖို့ပါ"

"သူ လာချင်ရင် အိမ်ကို လာလို့ ရသားပဲ"

"ဟုတ်ပါတယ်၊ ဒီမှာ လူစုံတက်စုံဆိုတော့ မမနှင်းပုံ



www.burmeseclassic.com

www.burmeseclassic.com



ပါ လာရင် ပိုပျော်စရာ ကောင်းမှာ''

''ဆုန့် သူငယ်ချင်းတွေကော ရောက်နေလို့လား''

''အင်းပေါ့''

မမနှင်းပုံ ကြိတ်ပြီး သက်ပြင်းရှိုက်သံကို ကြားလိုက်ရ၏။

''သက်ဇော်က ရှင်းပြချင်လို့တဲ့''

''ဟုတ်လား၊ အဲဒီတော့''

''လာမှာလား၊ မမနှင်းပုံ''

''ဆုန်ကကော လာစေချင်လား''

''ဆုန်က လာစေချင်တာပေါ့။ ပျော်ပျော်ပါးပါး တွေ့ရတာပေါ့''

''ဒါဆို သက်ဇော်ကို လာကြိုခိုင်းလိုက်လေ၊ အဆင်သင့်ပြင်ပြီး စောင့်နေမယ်''

''အိုကေ . . . အဲဒါ အကောင်းဆုံးပဲ''

ဆုန်သည် ဖုန်းပြောပြီးနောက် အတော်အတန်





စိတ်အေးသွားရပါသည်။ သူတို့ ဆွေးနွေးပြီးတဲ့အခါ ပြေလည်ငြိမ်းချမ်းမှု ရပါစေဟုလည်း ကြိတ်ပြီး ဆုတောင်းရသည်။

သက်ဇော်ကို အကျိုးအကြောင်းပြောတော့ သက်ဇော်က ဝမ်းသာအားရ သွားကြို၏။

''မမနှင်းပုံကို သူ ပျာနေတာပဲ၊ ချစ်ပုံရပါတယ်''

''အင်း''

ထွက်သွားတော့ ကားကို ကြည့်ရင်း ဆုန်တို့ သူတို့အကြောင်း ပြောမိကြသည်။

''ဘယ်အရာမှ ကျိန်းသေတော့ ပြောလို့ မရဘူးပေါ့၊ သက်ဇော်နဲ့ လုံးဝ မဆိုင်ရင် အဲဒီ မိန်းမက ဒီလို ဘယ်ပြောဝံ့ပါမလဲ၊ အသားလွတ်ကြီးဆိုရင် ဘယ်သူပြောရဲမှာလဲ၊ ဒါပေမယ့် တို့တတွေ သက်ဇော် သိက္ခာကို ယုံကြည်ထားပါတယ်''

''ယောက်ျားတွေများနော်၊ စိတ်ဓာတ်ကျစရာကြီးပါလား၊ တော်ပြီ အပျိုကြီးပဲ လုပ်တော့မယ်''



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လား"

"ငါတော့ မပါဘူးနော်"

ချမ်းအေးကို ဝိုင်းစနေမိသည်။

"ကောင်းတဲ့လူတွေ အများကြီးပါ၊ ဆုန် နင့်လူကြီး ဆို ကောင်းတယ်မို့လား"

"အမယ် . . . ပြုံးတယ်ဟေ့"

သူတို့ ကြည့်နေသဖြင့် ဆုန်က ခေါင်းမော့ပြီး ရယ် လိုက်သည်။

❄



မမနှင်းပုံနှင့် သက်ဇော်တို့ ပြန်ပြီး ပြေလည်သွားပြီ ပို့ မင်္ဂလာပွဲ ကျင်းပရန် ပြင်ဆင်နေလေပြီ။

ထို့ကြောင့် ဆုန်တို့ အိမ်မှာ ခုတလော အလုပ်တွေ ရှုပ်နေတာ ဝယ်စရာခြမ်းစရာ စီစဉ်စရာတွေ များပြားလို့ နေသည်။

ဆုန်လည်း လိုအပ်တာတွေ စိတ်ကူးရလျှင် ရသလို ထွက်ဝယ်နေမိသည်။

ကိုအဂ္ဂ မအားလပ်ရင်လည်း ဆုန်က ကိုယ့်ဘာသာ ထွက်လာတာမျိုး ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က လပြည့်ဝန်း ပလာဇာမှာ ခြေညောင်းအောင် ပတ်ပြီး လက်ထဲမှာ အိတ်တွေလည်း အတော်များနေရာ ဆုန် အောက်ထပ် အအေးဆိုင်မှာ ထိုင်ဖို့ စဉ်းစားလိုက်သည်။

ထိုအချိန်မှာပဲ သူမအနီးသို့ ဝမ်းသာအားရ ရောက်လာသူက ကိုကောင်းဇင်။

"ဟာ . . . ဆုန်ပါလား"

"ဆုန် . . . တစ်ယောက်တည်းလား"

"ဟုတ်ပါတယ်"

"ဘာတွေ ဒီလောက် ဝယ်နေတာလဲဗျာ၊ လာပါ၊ အအေးသောက်ရအောင်"

ဆုန် အားနာစွာ ပြုံးလိုက်သည်။ ငြင်းလို့လည်း မကောင်း။

မောင်တစ်မျိုး ယင်သွားမှာလားဟု ကြံဖန် တွေးမိ၏။

"လာပါ ဆုန်"

ဆုန်က ငြင်းဆန်မနေတော့ဘဲ လက်ခံလိုက်သည်။





"ဆုန့်ကို မေးရဦးမယ်၊ ဆုန်က ပန်းချီဆွဲတယ်ဆို"

"ဆုန့် လုပ်ငန်းတွေက တော်တော် ခရီးရောက်ပြီလား"

"ဒါမျိုးက အောင်မြင်မှ ပြောလို့ ကောင်းတာရှင့်"

"ဘယ် ဟုတ်မလဲဗျာ၊ ဒီပညာကပဲ လေးစားဖို့ကောင်းနေပြီ"

သူက ချီးမွမ်းစကား ဆိုတာကြောင့် ဆုန် အနေခက်မိသည်။ ဆုန်တို့ (cook) ကုတ်နှစ်ဖူးမှာကာ စကားပြောနေမိကြသည်။

ဆုန်က ဒီဖက် အဝင်တံခါးဝကို မျက်နှာမူကာ ထိုင်မိသည်။

မျက်စိထဲ အမှတ်မထင် ဝင်ရောက်လာတာက ပေါင့်ညီမဝမ်းကွဲလေး သူဇာနှင့် သူငယ်ချင်းများ။

သူမကလည်း ဆုန့်ကို မြင်သွားတော့ သွားဖွေးဖွေးလေးတွေ ပေါ်အောင် ရယ်ပြပြီး အနားကို လျှောက်လာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ကြလေ"

"ရတယ် မမဆုန်၊ သူဇာတို့ ဟိုဘက်မှာပဲ ထိုင်လိုက်တော့မယ်"

ဆုန် ပြုံးရင်း ခေါင်းညိတ်မိသည်။

သူဇာက ကိုကောင်းဇင်ကို စူးစမ်းအကဲခတ်သလို ကြည့်ပြီး တစ်ဖက်စားပွဲကို လျှောက်သွား၏။

ဆုန်က တစ်မျိုးထင်မှာစိုးပြီး ဖန်ခွက်ထဲက အအေးကို ကုန်အောင်ပင် မသောက်ဘဲ . . ။

"သွားကြမယ်လေ"

ခပ်လောလော ပြောမိသည်။

"ကျွန်တော် ပို့ပေးမယ်"

"ရပါတယ်၊ ဆုန် တက္ကစီနဲ့ ပြန်လိုက်မယ်"

"ဟာ . . . ဘယ်ဟုတ်ပါ့မလဲ၊ လိုက်ပို့မှာပေါ့"

ငြင်းမရသဖြင့် သူ့ကားထဲ ထိုင်လိုက်ရသည်။





ဆုန် ကားပေါ်ရောက်တော့ ဒီဖက်ကို မသိမသာ ပြန်လှည့်ကြည့်မိသည်။

တစ်မျိုးတစ်မည်တွေ ထင်ကုန်ရင် ဒုက္ခပါပဲ။

နောက်ဆို အနေအထိုင် ဆင်ခြင်ဖို့ ဆုန် ဆုံးဖြတ်လိုက်၏။

သည်တစ်ခါတော့ ရှိပါစေတော့၊ ဘာမှ မတတ်နိုင်တာ။

မောင့်တစ်ယောက်ထဲကို စွဲမြဲစွာ ချစ်တာကို သိမှာပါ။

ခြံဝမှာ ကားရပ်တော့ မိဝိုင်းက ခြံတံခါး လာဖွင့်ပေးသည်။

မောင့်ကားကို ပေါ်တီကိုအောက်မှာ ရပ်ထားတာ တွေ့လိုက်ရတာမို့ မောင် ပြန်ရောက်နေမှန်း သိလိုက်သည်။

"အိမ်ထဲဝင်ပါဦးလား ကိုကောင်းဇင်"

"ဟာ . . . နေပါစေ၊ နောက်မှပဲ လာလည်ပါ့မယ်"

"ကောင်းပါပြီ၊ ကျေးဇူးပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



ဆုန် ခေါင်းညိတ်နှုတ်ဆက်ရင်း အိမ်ပေါ်ကို လှမ်းတက်ခဲ့၏။

ခပ်တည်တည် ကြည့်နေသော မောင့်ကို ခပ်ဖျော့ဖျော့ ပြုံးပြဖြစ်သည်။

ဆုန် ဘာမှ မမှားသေးဘူးနော်။

''မောင် ပြန်ရောက်တာ ကြာပြီလားဟင်''

''သိပ်မကြာသေးဘူး၊ ဆုန် ဘယ်သွားတာလဲ''

''လပြည့်ဝန်းပလာဇာ''

''ဟုတ်လား''

''ကိုကောင်းဇင်နဲ့ အဲဒီမှာ ဆုံတယ်လေ''

''ဟုတ်လား''

''အိမ် လိုက်ပို့မယ်ဆိုတာနဲ့''

သူ ဘာမှ မမေးခင် ကြိုတင် ရှင်းပြဖြစ်သည်။

သံသယစိတ်ကလေး နည်းနည်းမှ မရှိစေချင်ပါ။

ဆုန် အနေမှန်တာ သူသိသားပဲ။

ထိုအခိုက်မှာ ဖုန်းမြည်၏။

ဉာဏ်ဝင်းစာပေ



မောင်က ဖုန်းနားထောင်ပြီးနောက် . . .

''သူဇာတို့နဲ့ အအေးဆိုင်မှာ ဆုံတယ်ဆို''

''အင်း . . . ဟုတ်တယ်လေ''

''ဆုန် သူတို့ကို ခေါ်လိုက်သားပဲ၊ ဘာလို့လဲ''

''ဘာမှ မဖြစ်ဘူး''

ဖုန်းသတင်းက တဆိတ် မြန်လွန်းသည်။

''မောင်က ဆုန့်ကို မယုံဘူးလား''

''ယုံတာ မယုံတာထက် အရေးကြီးတာတွေ ရှိတယ် ဂုန်''

''ဘာလဲ''

''သူစိမ်းယောကျ်ားတစ်ယောက်နဲ့ နှစ်ယောက်တည်း အအေးဆိုင်ထိုင်တယ်၊ ကားတစ်စီးနဲ့ဆိုတော့ လူတွေက ယ်လို ထင်မလဲ၊ ဘယ်လို တွေးကြမလဲ၊ ကိုယ်က ဘယ် လောက်ပဲ မှန်နေမှန်နေ လူပြောလွတ်အောင် နေဖို့က အဓိက ျတယ်ကွာ''

ဆုန် ခေါင်းငုံ့လိုက်မိသည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘာမှ အငြင်းအခုံ မလုပ်ချင်တော့။ သူပြောတာလည်း မှားနေတာမှ မဟုတ်တာ။ ဆုန် မဲ့ပြုံးလေးတော့ ပြုံးဖြစ်သည်။

"မောင်ရော ကောင်မလေးတစ်ယောက်ကို လမ်းကြုံလို့ အိမ်လိုက်ပို့ အဓေးဆိုင် ဝင်ထိုင်ဆိုရင် ဆုန် ကျေနပ်မလား။ ရိုးရိုးသားသားပဲ ဘာဖြစ်လဲလို့ တွေးပေးနိုင်မလား"

"ဆုန် သိပါပြီ"

မောင်က သက်ပြင်းရှိုက်၏။

"နောက်တစ်ခါ ဆင်ခြင်မယ် ကျေနပ်ပြီလား"

"မောင်က မကျေမနပ်တော့ မဖြစ်မိဘူး။ အဲဒီလူ့ ဆုန်နဲ့ ဘာမှ မပတ်သက်တာကို သိထားတယ်လေ"

"ဟုတ်ကဲ့ပါ မောင်ရယ်"

သည်နေ့လို အဖြစ်မျိုး ဘယ်တော့မှ မဖြစ်အောင် ဂရုစိုက်ဖို့ ဆုံးဖြတ်လိုက်မိသည်။

❄

ညဏ်ဝင်းစာပေ

သည်နေ့ ကုမ္ပဏီရုံးကနေ မင်းအဂ္ဂ စောစော ပြန်ရောက်လာသည်။

ဆုန်ကလည်း ဖုန်းဆက်ပြီး စကားပြောချင်နေတာ၊ စိတ်ချင်းဆက်သွယ်မှု ရှိနေသလို မောင်က အနားသို့ ရောက်လာ၏။

မနက်မိုးလင်းကတည်းက ဆုန် အိပ်ယာပေါ်က လုံးဝ မထချင်။

မောင်က ရိပ်မိသလိုနှင့်။

"ဆုန် နေကောင်းရဲ့လား"

"ကောင်းပါတယ်"

ညဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဆုန့် မျက်နှာက မလန်းဆန်းပါလား"

"ဖျားချင်သလိုကြီးပဲ"

"ဆေးခန်း သွားမလား"

"ဟင့်အင်း... ဘာမှ မဖြစ်ဘဲနဲ့ မသွားချင်ပါဘူး"

"အဲဒါဆို ထတော့ ရေချိုးလိုက်ပါလား၊ လန်းသွားတာပေါ့"

"ဟုတ်တယ်နော်"

ဆုန်က သူ့စကားကို နားထောင်လိုက်လျှောနေကျပဲဟာ၊ အခုလည်း သူ ပြောတာကို ဆန့်ကျင်မှာ မဟုတ်မှန်း သိနေမှာ။

"ဆုန်လေး"

သူက ဆုန့်ကို ကလေးငယ်လို ပွေ့ချီရင်း မှန်တင်ခုံရှေ့ရှိ ခုံပိုင်းလေးမှာ ထိုင်စေသည်။

ပြီးတော့ ဆုန့် ဆံပင်တွေကို ကလစ်နှင့် စုစည်းထပေး၏။





"အကြာကြီး စိမ်မချိုးနဲ့ဦး။ တကယ်ဖျားသွားလိမ့်မယ်"

"အင်းပါ"

ဆုန် ရေချိုးပြီးတော့ သူက အဝတ်လဲဖို့ ထုတ်ထားပေးသည်။

"ပြောင်းပြန် ဖြစ်နေပြီ"

ရှက်ပြုံးနှင့် ဆုန်က ပြောတော့ သူက မျက်လုံးတစ်ဖက် မှိတ်ပြရင်း...

"တစ်ခါတလေပဲကွာ။ ဆုန့်မှ နေမကောင်းဘဲ"

"ရပါတယ်၊ ဆုန့်ဟာ ဆုန် ထုတ်မှာပေါ့"

"စကားများတယ်ကွာ"

အင်္ကျီလဲပြီး မှန်တင်ခုံမှ ထိုင်တော့ ဆံပင်တွေကို လာဖြီးပေး၏။

မှန်ထဲတွင် ပေါ်လာသော သူ့ရုပ်လွှာကို ကြည့်ရင်း ဆုန် အရမ်းကြည်နူးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ တူးဝေကိတ်ဗူး လှမ်းယူကာ တယုတယ လိမ်းပေး၏။ နှုတ်ခမ်းနီဘူးကို ဖွင့်ရင်း ဆုန့်ကို သေချာကြည့်၏။

"ငြိမ်ငြိမ်နေနော်၊ ဒါမှလှမှာ"

နှုတ်ခမ်းပုံ ပေါ်လာအောင် အကျအန ဆိုးပေးနေတာများ ဆုန့်အပေါ် ထားရှိသည့် မြတ်နိုးမှုတွေ အကုန်လှစ်ပြနေသလားဟုပင် ထင်ချင်စရာ။

"ဆုန် ဘာစားချင်လဲ"

"မောင် စားချင်တာ ဆုန်လဲ စားချင်တယ်"

ဆုန်က ခေါင်းလေးမော့ရင်း ပြောတော့ သူက ခေါင်းညိတ်ရင်း . . .

"ကောင်မလေးတစ်ယောက် ချွဲနေတယ်ကွာ"

"သွား၊ မုန်းချင်စရာကြီး"

ဆုန် တစ်အား တွန်းပစ်လိုက်၏။

"မောင်တို့ အပြင်ထွက်ရအောင်"

"အင်း"





မောင်က ဆုန့်ခါးလေးကို ခပ်တင်းတင်းဖက်ရင်း နှာသယ်စပ်လေးကို မွှေးရှိုက်ပြီးမှ လွှတ်ပေး၏။

ကားထဲမှာ ခပ်ငြိမ်ငြိမ်ထိုင်ရင်း ဆုန် မောင့်ကို ငေးကြည့်နေ ဖြစ်သည်။

အားကိုး တွယ်တာစွာနဲ့ ရင်မခံ့အောင် ချစ်ရပါတယ် မောင်ရယ်၊ ဘယ်တော့မှလည်း မုန်းလို့ရမယ် မထင်ဘူး။

ပေးရဖို့ဆိုတာ စဉ်းစားရမှာတောင် မရဲဘူး။

ပြီးတော့ မောင့်နေရာမှာ တခြားဘယ်သူ တစ်ဦးတစ်ယောက်မှ ပြောင်းလဲချင်လို့လည်း ရမယ်မထင်။

အဟုတ်ပဲ မောင်ရယ်။

ရင်ထဲမှာ စွဲနှစ်နေအောင်ကို မြတ်နိုးတာ။

မောင် တကယ်လို့ မိန်းမတစ်ယောက်ကို ဆုန့်ထက် ပိုပြီး ချစ်သွားရင်။

မောင်က ဆုန့်ကို အလိုမရှိတော့ဘဲ အဲသည် မိန်းကလေးအပေါ်မှာသာ စိတ်တွေ ယိုင်လာရင်။



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်အတွေးနှင့် ဆုန် ခေါင်းပူသွားရသည်။

ဆုန် ဆက်မတွေးရဲတော့။

မောင်ရယ် . . . ဆုန်တို့ ဘဝလေးထဲ မတော်တဆ တခြားတစ်ယောက် ဝင်လာမှာ အရမ်းစိုးတယ်။

❋



မောင် သဝန်တိုတတ်မှန်း သိတာမို့ ဆုန်က ကိုကောင်းဇင်နှင့် နောက်ထပ် တရင်းတနှီး မပတ်သက်ဖို့ ကားကြုံမစီးဖို့ထိ သတိထားကာ ရှောင်သော်လည်း တစ်ခါ တရံတော့ မလွှဲမရှောင်သာ အတူ နီးစပ်နေဖို့ အကြောင်းက ရှိလာပြန်သည်။

ချမ်းအေးနှင့် ကိုကောင်းဇင်က ကားလဲဖို့ စကားစပ် မိရင်းကို ကိုကောင်းက သူ့သူငယ်ချင်းရဲ့ နိုင်းတိ မော်ဒယ် ဆူပါဆလွန်း အလုံး ရောင်းဖို့ ရှိတယ်ဆိုပြီး ခေါ်ပြသဖြင့် ဆုန်တို့ အားလုံး ထိုခြံသို့ ရောက်သွားကြသည်။

''ငါ ပျင်းတယ်ဟာ၊ ကားထဲမှာပဲ နေမယ်''



www.burmeseclassic.com

www.burmeseclassic.com



"မပူဘူးလား"

"ရတယ်"

သူတို့အသီးသီး ဆင်းသွားကြတော့ ဆုန်တစ်ယောက်ပဲ ကားထဲမှာ ကျန်ခဲ့သည်။

ခဏကြာလျှင် ဆုန် ပျင်းလာပြီး ကားပေါ်ကဆင်း၍ ခြံထဲ လျှောက်ကြည့်နေမိသည်။

ငြိမ်းအေးလွန်းသော ပတ်ဝန်းကျင်ကို ငေးငဲ့ အကဲခတ်မိသည်။

တိတ်ဆိတ်နေလိုက်တာ၊ လူတွေရှိနေသည်ဟုပင် ထင်စရာမရှိ။ သစ်ပင်ကြီးတွေ အုံ့ဆိုင်းကာ လေကဟူးဟူး တိုက်နေသည်။

"ဆုန်"

"ဟင် . . .ကိုကောင်း"

ဆုန် မျက်လုံးလေး ဝိုင်းသွားရသည်။

"ချမ်းအေးက ဆုန် ကားပေါ်မှာ ကျန်ခဲ့တယ်ဆိုလို့ လာခဲ့တာပါ"





"ပြော်"

"လာလေ : . . ဆုန်၊ ဒီမှာ တစ်ယောက်တည်း ပျင်းဘူးလား"

"သူတို့ ချက်ချင်း ပြန်ထွက်လာမယ် ထင်တာနဲ့"

"ဘယ် လာမလဲ၊ အခုမှ အအေးသောက်ဖုန်း ကားတောင် သေချာ မကြည့်ရသေးဘူး။ ဒီခြံက ကျွန်တော့် သူငယ်ချင်းခြံပါ။ ချမ်းအေးနဲ့ စကားစပ်မိတော့ ရောင်းချင်တဲ့ လူနဲ့ ဝယ်ချင်တဲ့လူ တွေ့သွားတာပေါ့"

သူက ဆုန်နဲ့ အတူလျှောက်သည်။

ခဏကြာမှ ချမ်းအေးတို့ ထွက်လာပြီး ကားတစ်ပတ် လျှောက် မောင်းကြည့်ဖို့ အစီအစဉ်ကျလေသည်။

အတော်ကြာမှ ကားဝယ်ဖို့ စရံပေးဖို့ ပြန်ကြသည်။

"ကျွန်တော်လည်း ဒီကားနဲ့ ကားကြို လိုက်စီးမယ် နော်၊ ဖြစ်ရဲ့လား"

"ဖြစ်ပါတယ် ကိုကောင်းရဲ့၊ လာပါ ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ချမ်းအေးက ဖော်ရွေစွာပင် ဖိတ်ခေါ်နေတာမို့ ဆုန် စိတ်ညစ်မိသည်။

"ကျွန်တော်ပဲ မောင်းပါ့မယ်"

"ဘယ်ကို အရင် မောင်းရမလဲ'

"ဆုန့်ကို အရင်ဆုံး ပို့မယ်၊ ဒီမှာ ပြန်ချင်ပြီ၊ ဂျီကျ နေတာ"

"ဟင့်အင်း၊ ဆုန့်ကို လိုက်မပို့ပါနဲ့၊ ချမ်းအေးတို့ အိမ်ရောက်တော့ ဆုန် ကားငှားပြန်မယ်"

"ဘာလို့လဲ ဆုန်ရဲ့"

ဆုန်ကမဖြေ။

"အဲဒါဆိုလဲ အိမ်ကိုပဲ မောင်းပါ"

"ရတယ်လေ"

ဆုန် စကား များသွားသလား။

တကယ်ဆို ဆုန် သူတို့နှင့် ဟိုတုန်းကလို လွတ်လွတ် လပ်လပ် လျှောက်သွားနေဖို့ မကောင်းတော့။ သူတို့က အပျို တွေ ဆုန်နှင့် ဘဝချင်း သိပ်မတူတော့ဘူး။

ဉာဏ်ဝင်းစာပေ



သို့သော် ဆုန်က အဲဒါကို မေ့ထားပြီး သူတို့နှင့် အရင်တုန်းကလိုပဲ တပူးတတွဲတွဲ နေမိသလို ခါတိုင်းလိုပဲ တစ်စုလုံးကြီး အသွားအလာမပျက်။

ယခုတော့ ဆုန် ဆင်ခြင်ရမလို ဖြစ်လာ၏။

အပျိုတုန်းကလို နေချင်သလို နေလို့ မရတော့ဘူး လေ။

"ဆုန်ရယ် . . . နင်က ခပ်တည်တည်နဲ့ဆိုတော့ ကိုကောင်းကို အားနာစရာကြီး"

"ကိုအဂ္ဂ မကြိုက်လို့လား"

"အင်း"

"ဩော် . . . ဆုန်နဲ့ စကားများလို့လား"

"ဟင့်အင်း . . . မများပါဘူး"

"ကိုကောင်းဇင်ကို မိတ်ဆွေလိုပဲ ဆုန် သဘောထား တာ သိပါတယ်၊ ကိုအဂ္ဂ စိတ်ပူတာလဲ မများပါဘူး၊ ဒါပေမယ့် ကွာ၊ လူမှုရေးဘောင်ဆိုတာ တော်တော်ခက်တာပဲ"

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့်လည်း ဆုန်က စည်းတစ်ခုနဲ့ နေတာပေါ့၊ ချမ်းအေးရယ်"

နောက်ဆုံးတော့ ညနေရောက်မှ ချမ်းအေးတို့ကပဲ ဆုန့်အိမ်သို့ လိုက်ပို့ပေးသည်။

❋



အခုတလော ဆုန် အိမ်မှာနေပြီး ပန်းချီကားတွေပဲ တစ်ကားပြီးတစ်ကား ခြွဲနေမိသည်။

မိုးကာဆုန်က ပန်းချီပညာနှင့်သာ အသက်မွေးဝမ်းကျောင်းချင်ခဲ့တာ အမှန်။

ပြီးရင် သူငယ်ချင်း ပန်းချီဆရာတွေရဲ့ အရောင်းပြခန်းမှာ သွားတင်မည်၊ ထို့ကြောင့် ကားနှစ်ဆယ်လောက်ဖြစ်အောင် စုဆောင်းနေမိသည်။

ဒီနေ့ ရေးတဲ့ ပန်းချီက အရပ်မြင့်မြင့်နှင့် အလွန်ချောမောပြေပြစ်သော တိုင်းရင်းသူလေးတစ်ဦးရဲ့ပုံ။

နှုတ်ခမ်းလေးကလည်း ကြည်နူးစွာ ပြုံးနေရမည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေးမော့ကာ ကောင်းကင်ပြင်ကြီးကို ငေး ကြည့်နေရမည်။ သူမဟာ ပလိုင်းလှလှလေးကို လွယ်ထား ရမည်။

ဆုန် ဦးစားပေးတာက သူမရဲ့ sweet ဖြစ်သော မျက်နှာဟန်မူယာလေးရယ်၊ ပလိုင်းလေးရဲ့ ထူးခြားတဲ့ ဆွဲ ဆောင်မှုရယ် . . .။

နောက်ခံ ဘက်ခ်ဂရောင်းကို အပြာနှင့် အဖြူ ရောစပ် အဲသုံးပြုထားသည်။ သူမရဲ့ ရှိုးရာဝတ်စုံကတော့ မီးခိုးနဲ့ အဝါဖျော့ဖျော့လေး။

ဆေးကိုတော့ ဆီဆေးမသုံး။ ဆီဆေးက အခြောက်ခံ ရတာ စိတ်မရှည်။ ဆုန့်အကြိုက် မြန်မြန်ခြောက်လွယ်သော (Acrylic) ကိုပဲ သုံးထားသည်။

ထိုပန်းချီကားကို အမည်မပေးရသေး။ ကဗျာဆန် သော အမည်ဆန်းလေးတစ်ခု ပေးမည်ဟု ဆုန် စိတ်ကူးထား သည်။

မိုးကဆုန်သည် သူမရဲ့ ပန်းချီကားဆီမှာ အာရုံ





တစ်ခုလုံး ကျရောက်နေတာကြောင့် ထမင်းစားဖို့ပင် မေ့လျော့ နေပါသည်။ သူမက စိတ်ဝင်စားမိရင်း အရှိန်ကောင်းနေပြီး ထိုအရှိန်ကိုလည်း မရပ်တန့်နိုင်ပေ။

ဗိုက်လည်း မဆာ။ ဆာဖို့လည်း သတိမရ။

အတော်ညောင်းညာလာမှ စုတ်တံကို ချကာ ခါး တစ်ချက်ဆန့်မိသည်။

ထိုအချိန်မှာပဲ ချိန်ကိုက်ထားသလို ဖုန်းမြည်သံ ကြားရ၏။

"ဟက်လို"

"ဆုန်လား"

"ဟုတ်ပါ့"

"ဘာတွေ လုပ်နေလဲ၊ ပျောက်နေပါလား"

"အေး . . . အိမ်မှာပဲ၊ ငါ ပန်းချီဆွဲနေတာ"

"ဘယ်နှစ်ကားပြီးပြီလဲ၊ လာကြည့်မယ်"

ချမ်းအေးတို့အဖွဲ့တွေ စုမိနေပြီ ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လာကြည့်ပေါ့၊ ဘာမှလည်း မထူးဆန်းဘူးလို့တော့ မဝေဖန်နဲ့နော်၊ ငါ့ပန်းချီက ရိုးရိုးလေးတွေပဲ"

"အေးပါ ဆုန်ရယ်၊ ဒါနဲ့ နင့်ကို သတင်းပေးစရာ တစ်ခု ရှိတယ်"

ဆုန် ထိတ်ကနဲ ဖြစ်သွားရသည်။

အရင်တုန်းကလည်း မောင့်အကြောင်းကို သူတို့ပဲ သတင်းပေးတာ၊ မောင်လျှို့ဝှက်ချက်ကို သူတို့ပဲ ဖော်ထုတ်ပေးနိုင်ခဲ့တာ။

ယခုရော . . .။ မောင့်အကြောင်းပဲလား။

ဆုန် ရင်ခုန်မြန်လာရသည်။

"နင်တို့နော်၊ ငါ့ကို စ,ဖို့ မကြံနဲ့"

"စ,စရာ နောက်စရာကိစ္စမျိုးမဟုတ်ဘူး"

"ဒါဆို ဘာလဲ"

"အခုပြောရမလား။ ငါတို့တွေ့မှ ပြောကြမလား"

"တိုက်တယ်လ်လေးတော့ပေး"

"ကိုအဂ္ဂနဲ့ ပတ်သက်တယ်"

ဉာဏ်ဝင်းစာပေ



"သူ ဘာဖြစ်လို့လဲ"

ဆုန် ပျာပျာသလဲ မေးမိသည်။

"ပြောပါ၊ ချမ်းအေးရဲ့ ငါအခုပဲ သိချင်တယ်"

"ပြဿနာတော့ မဖြစ်နဲ့ဦးပေါ့ဟာ"

"အင်းပါ ပြောစမ်းပါ"

"ကိုအဂ္ဂ ကားပေါ်မှာ အမျိုးသမီးတစ်ယောက် တွေ့လိုက်တယ်၊ ပုံကတော့ အချောစားပဲ၊ ဆံထုံးနဲ့ ပုလဲဝမ်းဆက် ရယ်ကာမောကာနဲ့ နင့်ရဲ့ မောင်တော်ဖက်ပဲ မျက်နှာကို ငုံးဝလှည့်ထားတယ်၊ ကိုအဂ္ဂကလည်း ငါတို့ကို မမြင်ဘူး"

"ဘယ်မှာ တွေ့တာလဲ"

"(Feel) ဆိုင်ထဲမှာ စုံတွဲ ဝင်သွားတာပဲ၊ သူက ခွာ ပြီး မလျှောက်ဘူးနော်၊ ကိုအဂ္ဂနဲ့ ပခုံးချင်း ထိမတတ် လျှောက်တာ၊ ကြည့်ရတာ ရင်းရင်းနှီးနှီးပဲ၊ ဘယ်သူဘယ်ဝါ ဆုန့်ဘာသာ စုံစမ်းဦးနော်၊ အရင်သွားမပြောနဲ့ သေချာ အောင် ဖမ်းလိုက်ဦး သိလား"

"ဟုတ်လို့လား ဟယ်"

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဩော် … နင်က မယုံဘူးပေါ့၊ ငါတို့က ညာပြော
မှာလား၊ သူများ လင်မယားကြား ဂျောက်တွန်းမယ့်သူတွေ
လား၊ နင့်ကို စေတနာနဲ့"

"အင်းပါ၊ ဆောရီး၊ မယုံတာ မဟုတ်ဘူး၊ ဆု
အံ့သြလို့ပါ၊ သူ ဘယ်သူနဲ့တွဲတာလဲ၊ စဉ်းစားလို့ မရဘူး
ဖြစ်နေတယ်"

"သူ့ကုမ္ပဏီအသိုင်းအဝိုင်းက ဘာညာတော့ ဖြစ်နိုင်
တယ်၊ ဘယ်လိုပဲဖြစ်ဖြစ်ဆုန်ရေ၊ နင် သိပ်ပေါ့မနေနဲ့၊ အိမ်
မှာပဲ ပန်းချီကျိုးဆွဲမနေနဲ့၊ ကိုယ့်ယောကျ်ားအခြေအနေကို
လည်း မျက်စိဖွင့် နားစွင့်ပြီး လေ့လာထားဦးဟော့၊ နောက်မှ
ရွှေမျက်ရည်ကျမပြနဲ့၊ ဒါပဲ"

"အင်းပါ စိတ်ချ ဒီကိစ္စ ငါ ရှင်းမှာပါ"

"ဟဲ့ ဆုန်နော်၊ ငါတို့ တွေ့လာတယ် ဘာ
သွားမပြောနဲ့ဦး"

"သိပါတယ်ဟယ်"

"စိတ်လည်း အရမ်းမပူနဲ့၊ သာမန်မိတ်ဆွေလ





ဖြစ်နိုင်ပါတယ်။ ငါတို့က နင်သိအောင်သာ ပြောပြတာပါ၊
သေချာတော့ အတပ်မပြောနိုင်ပါဘူး"

"နင်တို့ကို ကျေးဇူးတင်ပါတယ်"

"အမယ်မယ် ဒါပြောစရာလား"

သူတို့ ဖုန်းချသွားပေမယ့် ဆုန့်ရင်ထဲ ဗလောင်ဆူ
ပူပ်ရှားကျန်ခဲ့သည်။

ဩော် . . . သင်းက တခြားမိန်းမတစ်ယောက်နဲ့
လျှောက်သွားလည်ပတ်နေတယ်ပေါ့လေ။ ဆုန့်မှာတော့
သူ့အပေါ် ယုံကြည်စိတ်ချထားလိုက် ရတာ။

စိတ်အေးလက်အေးနဲ့ အိမ်ထဲအောင်းပြီး ပန်းချီဆွဲ
လို့ ငြိမ်းချမ်းနေတာ။ တွေးရင်း ဆုန် မကျေမနပ်နှင့် မျက်နှာ
လေးက ဆူပုတ်တင်းမာနေရပါသည်။

ချမ်းအေးတို့ စကားကို ဆုန် သံသယမဖြစ်။ ယုံသည်။
တောင့်ဖက်မှာ တစ်ခုခုတော့ ထူးခြားနေပြီ။

ဒါတော့ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးကဆုန်သည် ထိုအကြောင်းအရာကိုပဲ ထပ်တလဲ
တွေးနေမိကာ ထမင်းလည်း သေချာစားမမြိန်တော့ ပန်း
ဆွဲခန်းထဲလည်း ပြန်မဝင်နိုင်တော့။

ကြည့်ပြီးသား 'လင်းဆေးလိုဟန်' ရဲ့ ဒီဗွီဒီဇာ
လမ်းကို ပြန်လှည့်ကြည့်နေပေမယ့်လည်း စိတ်က ထို ဇာ
ကားထဲမှာမရှိ။ အတွေးတွေသာ ရှုပ်ထွေးနေရသည်။

ဒီလိုနှင့် ညနေ မောင်ပြန်ချိန်သာ ရောက်လာ
ဆုန်ရဲ့ စိတ်တွေ တည်ငြိမ်အောင် မထိန်းနိုင်သေးပါ။

မင်းအဂ္ဂ မျက်နှာကို အကဲခတ်ကြည့်တော့ ဘာ
ထူးခြားမှု မရှိ၊ ခါတိုင်းလိုပဲ လေကလေးချွန်ကာ ဝင်လာသ
ဆုန့်ပါးကို ပြန်လာလာချင်း လာနမ်းသည်။ ပြီး
ကက်ဆက်ဖွင့်သည်။ နေ့စဉ် လုပ်ရိုးလုပ်စဉ်အတိုင်းပဲ
ခပ်အေးအေး လှုပ်ရှားနေတာကို ဆုန်ကသာ တိတ်တ
စောင့်ကြည့်နေမိသည်။

သူ့ကို ဖွင့်မေးလိုက်ရကောင်းမလား၊ လက်ဆုပ်
ကိုင် မရှိဘဲ ပြောလို့ မဖြစ်သေးဘူး ထင်ပါသည်။

ဉာဏ်ဝင်းစာပေ



ဒါပေမယ့် ဆုန် ဒီအတိုင်း မြိုသိပ်ထားနိုင်ပါ့မလား။
တနည်းနည်းနှင့်တော့ ပေါက်ကွဲနိုင်သည်။

သူမကိုယ်သူမ စိတ်မချ။ မောင်နှင့်ပတ်သက်လျှင်
သူမရဲ့ နှလုံးသားက ထင်တာထက် လှုပ်ရှားလွယ်သည်။
ပေါက်ကွဲဖို့ အသင့်ရှိသည်။

"မောင် ရေချိုးဦးမယ်ကွာ"

ခဏနားပြီးလျှင် သူရေချိုးခန်း ဝင်သွားပါသည်။

မောင်က ရေစိမ်ချိုးတာမို့ နည်းနည်းတော့ ကြာ
တတ်သည်။ ဆုန်က ဧည့်ခန်းသို့ ပြန်ထွက်လာသည်။

ထိုအချိန်မှာပဲ ဆုန် မထင်မှတ်သော ဖုန်းကောလ်
တစ်ခု ဝင်လာပါသည်။

"ကိုအဂ္ဂရှိပါသလားရှင်"

အင်မတန် ချိုအေးယဉ်ကျေးပြီး ဆွဲအားကောင်း
လွန်းသော အသံကြောင့် ဆုန်ပင် မနာလိုအောင် ဖြစ်မိသွား
သည်။

သူမက ထပ်တစ်ခွန်း မေးသည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကိုအဂ္ဂရှိပါလားရှင်"

"ရှိပါတယ်"

"ကိုအဂ္ဂနဲ့ ပြောချင်လို့ပါ"

"အခု ပြောနေတာ ဘယ်သူလဲဟင်"

"ကေကေယဉ်ကျေးပါ။ ကိုအဂ္ဂရဲ့ စက္ကထရီအသစ်"

"ဩော် . . . ဘာကိစ္စရှိလို့လဲ"

"ကိုအဂ္ဂ ပြန်သွားချိန်က ကေကေ ရုံးမှာမရှိဘူး။ အဲဒါ ဘာမှ မှာမသွားဘူး၊ မှာစရာတွေ ဘာတွေများ ရှိသေးလို့လားလို့ မေးတာပါ"

"ဘာတွေ မှာတတ်လို့လဲ"

တစ်ခွန်းချင်းပြန်မေးနေသော အမျိုးသမီးအသံကြောင့် ကေကေ မျက်မှောင်ကြုတ်မိသည်။

"ရုံးကိစ္စတွေပါ"

"ဩော်"

ဆုန့်မျက်နှာလေး တင်းသွားရသည်။

"ကိုအဂ္ဂနဲ့ ပြောချင်တယ်"





'ရေချိုးနေတယ်'

"ကြာမလား မသိဘူး"

"အင်း . . . ကြာတယ်"

"အဲဒါဆို ဘယ်အချိန်လောက် ဆက်ရမလဲ"

"မပြောတတ်ဘူး"

"ဩော်"

တစ်ဖက်က အသံက ခပ်အမ်းအမ်း ဖြစ်သွား၏။

"ဒါဆိုရင် ကေကေ ဖုန်းဆက်တယ်ပဲ ပြောပေးပါ"

ဆုန် ဘာမှ မတုံ့ပြန်ရသေးခင် ဖုန်းချသွားတော့၏။

ကေကေယဉ်ကျေးတဲ့၊ နာမည်လေးက အတော်လှသား၊ အသံလည်း ချိုအီလွန်းလှသည်။ လူကကော။

သူမဟာ ချမ်းအေးတို့ ပြောတဲ့ မိန်းကလေးပဲလား။

မောင့်အပေါ် အမြင်မရှင်းတော့။

ဆုန်က ဘာကိုမှ စိတ်အေးလက်အေး ဖြေရှင်းတတ်သူ မဟုတ်။ ထစ်ကနဲဆို လူက ထူပူကာ ဒေါသထွက်ပြီးသား။



www.burmeseclassic.com

www.burmeseclassic.com



ဆုန် သက်ပြင်းရှိုက်လိုက်သည်။ ခုတင်ပေါ် တက်ထိုင်ကာ ဝဲလာသော မျက်ရည်များကို ထိန်းပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။ အခု သွားရှင်းရမလား။ နောက်မှ ပြောသင့်သလား။ တစ်သက်လုံး သည်အကြောင်းကို လုံးဝ မပြောဘဲ နေလိုက်ရမလား။

မဝေခွဲ မဆုံးဖြတ်တတ်ပါ။

မကျေနပ်စိတ်နှင့် အလိုမကျ ဖြစ်နေတာ။

ရင်ထဲမှာ ပြောင်းဆန်နေရသည်။

ဘာလို့များ မိန်းကလေးတစ်ဦးနဲ့ ရောနှောဖို့ ကြိုးစားနေရတာလဲ မောင်။

ကင်းကင်းရှင်းရှင်း နေပါတော့လား။

ဆုန့်ကိုကျ ပြောပြီး သူ့ကျတော့ . . .

"ဟွန့်"

စိတ်ရှုပ်စွာ မျက်နှာလေး မဲ့ကျသွားခိုက်မှာ မောင်က ရေချိုးခန်းထဲမှ ထွက်လာသည်။





"ဆုန် . . . ဘာဖြစ်လို့လဲ"

ရှုရှုငိုငို ထိုင်နေသော ဆုန့်ကို တွေ့တော့ ထိတ်ထိတ်ပျာပျာ မေးလာ၏။

မောင့်မျက်နှာကို မော့ကြည့်ရင်း ဆုန် မထင်ရက်။ ဆုန့် သိပ်ချစ်ရှာတဲ့ မောင်ပါ၊ သူ့မျက်နှာကို မြင်ရခိုက်မှာ နိုဝင်စပြုလာသော သံသယမြူတွေ လွင့်ကနဲ ပျောက်ကာ ယုံကြည်မှုတွေ ခိုင်မာစွာ ရင်ထဲ ပြည့်လျှံလာရသည်။

ဘာမှ မေးဖို့ ပြောဖို့ မရည်ရွယ်တော့ဘဲ ခုတင်ပေါ်မှာ ခုန်တက်ကာ ပြေးသွားပြီး မောင့်လည်ပင်းကို လက်နှစ်ဖက်ဖြင့် သိုင်းယှက်လိုက်မိသည်။

သူက အံ့ဩပျော်ရွှင်သွားပြီး ဆုန့်ကို မ,ချီကာ တစ်အား မွှေးယမ်းပစ်လိုက်သည်။

"အိုး . . . "

❋



www.burmeseclassic.com

www.burmeseclassic.com

စိတ်ထဲမှာ ဘာရယ်မဟုတ်ဘဲ မောင့်ကို သတိရလာတာမို့ ရုံးကို ဖုန်းခေါ်လိုက်သည်။

ဆုန် တစ်ခါမှ သူ့ဆီ ဖုန်းမဆက်ဘူးပါ။ ဆက်စရာမှ မလိုဘဲ။ သူက တစ်နေ့ နှစ်ခါလောက် ဆက်နေကျ။

ကုမ္ပဏီရုံးကိုလည်း တစ်ခေါက်မှ မရောက်ဘူး။

ဆုန် ဖျတ်ကနဲ ထရင်း ခေါင်းက မူးလာ၏။

သည့်ရက်ပိုင်းမှာ ခဏခဏ ခေါင်းမူးနေတာ ဘာကြောင့်မှန်းမသိ။ လာကိုင်သူက အမျိုးသမီးတစ်ဦးဖြစ်၏။

"ဟက်လို . . . အမိန့်ရှိပါ"

"ဦးအဂ္ဂ မရှိဘူးလား"

ညာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"မရှိဘူး မမ၊ အပြင်သွားပါတယ်"

"ကြာပြီလားဟင်"

"နည်းနည်းတော့ ကြာပြီ၊ ညွှန့်ခံပွဲတစ်ခု ရှိလို့တဲ့လေ"

"ဟုတ်လား"

"ချိချိ ဘာပြောပေးရမလဲ"

ရိုးသားမှုရှိပုံရသော အသံလေးပါ။

"မောင်တစ်ယောက်တည်း သွားတာလား"

"မဟုတ်ပါဘူး မမ၊ ကေကေလည်း ပါသွားတယ်"

"ညြော်"

တင်းကနဲ ဖြစ်သွားမိသည်။ သူတို့ သိပ်ရင်းနှီးနေကြပြီလား။ ဆုန်က အမှုမဲ့ အမှတ်မဲ့ နေမိတာကိုး။

ဟိုတုန်းကတည်းက သည်လို ရင်းရင်းနှီးနှီး ဆက်ဆံနေကြများလား။ စိုးစိတ်မှုနှင့် မာနတရားက အပြိုင်ပေါ်လာ၏။

ညွှန့်ခံပွဲသွားတာ ခေါ်သွားစရာလား၊ ယောကျာ်းလေးတွေ လွတ်လွတ်လပ်လပ် စားကြသောက်ကြမှာ။





သည်မိန်းမက ဘာလိုက်လုပ်မှာလဲ။ မနေတတ်မထိုင်တတ်။ ဆုန့်ရင်ထဲ မုန်တိုင်းထန်သွားရသည်။ မောင်ကရော ဘာလို့ ခေါ်သွားရတာလဲ။

"တောက်"

စိတ်ကို ငြိမ်အောင် ထိန်းပေမယ့် လုံးဝမရတော့။ ပေါက်ကွဲကုန်ပြီ ထင်ပါရဲ့။ မောင်လာရင် သိမယ်။ ဒါဘာအချိုးလဲ။ ခါးသီးစွာနှင့် မုန်းသွားရသည်။

ဆုန့်ကိုတော့ မျိုထားတော့မလောက် ချစ်ပြနေလိုက်တာ။ တော်တယ် မောင်ရေ၊ ဆုန်က အဟုတ်ကြီးမှတ်လို့ အခုတော့ အရှုးလုပ်တာနဲ့ ဘာထူးလဲ။

သည်ကေကေနဲ့ ဘာမှ မဆိုင်ဘူးပဲ ထားဦး။

တွဲသွားတွဲလာလုပ်တာ ကောင်းလား။

ဆုန့်ကျတော့ ပတ်ဝန်းကျင်က ဘာပြောမလဲတဲ့။ အခုတော့ ထည့်မတွက်တော့ဘူးလား၊ ဘာမှ ဂရုမစိုက်တော့ဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



ဆုန့်ဒေါ်သတွေ ငယ်ထိပ်အထိ တက်လာရသည်။

ခံစားဖူးသူတိုင်း နားလည်မှာပါ။ သည် ခံစားမှု လောက် ဆိုးတဲ့ ဝေဒနာ ရှိဦးမှာလား။

မီးထက် ပြင်းတဲ့ အပူမျိုး လူးလှိမ့်နေအောင်ကို ခံစားတာ။ အကယ်၍ မတော်တဆ မောင်နဲ့ သည်အမျိုးသမီး ဖြစ်သွားကြရင်ရော။

တွဲသွားတွဲလာရုံကိုပင် မချိမဆံ့ ဖြစ်နေရပြီ။ သူတို့ အစောကြီးကတည်းက သည်လိုပဲ နေနေကျများလား။

မောင်ပြန်လာရင်တော့ ဆုန့် မျက်နှာချင်းဆိုင်ဖွင့်ပြီး ရှင်းရတော့မယ်။ ဒီအတိုင်း ကြိတ်မြို ခံစားနေဖို့ မဖြစ်နိုင်တော့ပါ။

ရှင် . . . ဘယ်လို ပြောမလဲ စောင့်ကြည့်ရသေးတာပေါ့။

❊

ဉာဏ်ဝင်းစာပေ

မင်းအဂ္ဂက မိုးကဆုန် ကိုယ်လေးကို လှမ်းဖက်၍ အနမ်းတွေပေးဖို့ ခါတိုင်းလိုပဲ ရည်ရွယ်ပေမယ့် ချစ်ဇနီးလေးက သူ့ကို ဆတ်ကနဲ ရုန်းဖယ် တွန်းပစ်တာကြောင့် မျက်ခုံးပင့်ကာ အံ့ဩသွားရပါသည်။

ဆုန့်မျက်နှာလေးမှာ တင်းမာခက်ထန်ပြီး စူပုတ်နေပါရော့လား။ ဘာတွေ သည်လောက် ဒေါသကြီးနေပါလိမ့်။

ဩော် . . . သိပြီ။ ရုံးကို ဖုန်းဆက်သေးတယ်ဆိုပဲ။

အခုတလော သူကိုင်ထားတဲ့ G.S.M ဖုန်းမှာပင် Missed Called တွေ တွေ့ရသေး၏။

ဆုန် မခေါ်စဘူး ဒလကြမ်း ဖုန်းခေါ်နေတာ။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"သွား . . . ရှင် ကျွန်မနား မနေနဲ့"

သူက ရုတ်တရက် ကြောင်အမ်းသွားသည်။

"ဆုန် ဘာကို စိတ်ဆိုးနေတာလဲ"

"ဘာကို စိတ်ဆိုးရမှာလဲ၊ ဘာတွေလုပ်နေလဲ ပြန်စဉ်းစားပါလား"

"ဘာလုပ်လို့လဲ"၊

"တစ်ခါလေး ကားကြုံလိုက်စီးမိတာကိုကျတော့ ဆုန့်ကို အပြစ်ကြီးလုပ်လို့၊ မသင့်တာတွေရော၊ ပတ်ဝန်းကျင်ရော စုံနေတာပဲ၊ အခုကျတော့ အဲဒါတွေ မေ့ပစ်လိုက်ပြီလား၊ ထည့်တွက်စရာ မလိုတော့ဘူးလား"

"ရှင့်ကျတော့ အတွင်းရေးမှူးချောချောနဲ့ ပွဲတက်နေ့တာ ကောင်းသလား"

"မဟုတ်ဘူး ဆုန်၊ မောင်ရှင်းပြမယ်၊ သူက တစ်ခါမှ အဲဒီလို မသွားဘူးလို့ လိုက်ကြည့်ချင်တယ်ဆိုတာနဲ့"

"အို . . . ဆင်ခြေတွေ မကြားချင်ဘူး"

ဉာဏ်ဝင်းစာပေ



မောင်က ခေါင်းငိုက်စိုက်ချကာ သက်ပြင်းရှိုက်သည်။

"ဆုန် မကြိုက်ရင် နောက်တစ်ခါ မဖြစ်စေရဘူး၊ ကတိပေးတယ်၊ မောင်ဖက်က ရိုးရိုးသားသားပါ"

"ဒါ ဒုတိယအကြိမ်ပါ"

မောင်က ဆုန့်မျက်လုံးထဲ စိုက်ကြည့်၏။

"ဟိုနေ့က feel ကို သွားသေးတယ် မဟုတ်လား"

သူမငြင်းနိုင်။

"အဲဒါက ကြုံလို့ပါကွာ" ဆ

တမင် သွားထိုင်တာ မဟုတ်ဘူး"

"ဆုန် မယုံဘူး"

မကျေမနပ် အော်ပစ်လိုက်သည်။

"အို . . . တော်ပြီ၊ ပြောနေလည်း အပိုပဲ"

"ရှင့်ကို ဘယ်တုန်းက ယုံလို့ ရခဲ့လို့လဲ"

"ပြီးခဲ့တာတွေ ပြီးခဲ့ပြီ၊ မင်းရင်ထဲမှာ အခုထက်ထိ မကျေသေးဘူးလား"

ဉာဏ်ဝင်းစာပေ.

www.burmeseclassic.com

www.burmeseclassic.com



''ဒါကတော့ ဆုန်က အညာမိခဲ့တဲ့သူကိုး၊ အလွယ်တကူ ပြီးပါ့မလား''

''အငြိုးကြီးလိုက်တာကွာ၊ တစ်ခါညာတာနဲ့ အပြညာမှာပဲလို့ တွက်လိုက်ပြီလား။ မောင် ဘာပြောပြော မယုံကြည်တော့ဘူးလား ဆုန်''

''ကွယ်ရာမှာ ရှင် ဖောက်ပြန်ရင် . . .''

''တော် . . . ဆုန်''

သူက အော်ပြီး ဟန့်တား၏။

''ဒီလောက် မစွပ်စွဲပါနဲ့ ဆုန်၊ မဆိုင်တဲ့လူတွေ ထိခိုက်ပါတယ်''

''ဘာ . . .ဘာပြောတယ်''

ဆုန် အသားလေး တဆတ်ဆတ် တုန်ကာ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာ၏။ အဲဒါ ကေကေ ဆိုတဲ့ မိန်းကလေးဘက်က နာတာပေါ့။

''မောင်က အဲဒီလို ယောက်ျားမျိုးမဟုတ်ဘူးဆုန်၊





မင်းပြောတဲ့ စိတ်မျိုးရှိရင် ကြာလှပြီ ပွေတာရှုပ်တာ၊ မောင့်ဝန်းကျင်မှာ မိန်းကလေးတွေ ပြည့်လို့ သိရဲ့လားကွ''

သူကပဲ အမှားလုပ်သေး၊ သူကပဲ ပြန်အော်ချင်သေး။

ဆုန့်ရင်ထဲ အရမ်းပေါက်ကွဲသွားရသည်။

''တော်ပြီ၊ ဆုန် ဒီမှာ မနေတော့ဘူး။ မေမေ့ဆီပြန်နေမယ်၊ ဆုန့်ကို ရှင် ဘယ်တော့မှ လာမခေါ်နဲ့''

''မင်း လုံးဝ မသွားရဘူး ဆုန်၊ မင်းကို ငါပိုင်တယ်''

သူက ဆုန့်လက်နှစ်ဖက်ကို တင်းတင်းဆုပ်ကိုင်ပြီး ပြောလိုက်၏။

''မသွားပါနဲ့ ဆုန်၊ မောင်ကလည်း လိုက်ခေါ်မယ့် ယောက်ျားမျိုးမဟုတ်ဘူး မင်းသိပါတယ်''

ဆုန် မျက်နှာမဲ့သွားရသည်။

''စိတ်ချစမ်းပါ ပြန်ခေါ်လဲမလိုက်သေးဘူး။ ရှင် လုံးဝ မလာပါနဲ့၊ ဆုန့်အတွက် ယောက်ျားမရှားဘူး''

''မင်း''



www.burmeseclassic.com

www.burmeseclassic.com



ဆုန့် ပခုံးကို ဆုပ်ကိုင်ရင်း တောက်တစ်ချက် ပြင်းစွာ ခေါက်၏။

"ဖယ် ... ဆုန်က သူများတွေနဲ့ သိပ်မတူဘူးနော်၊ ဒါဆို ဒါပဲ"

သူက သက်ပြင်းချကာ လွှတ်ပေး၏။

"မင်းကြိုက်သလို ဆုံးဖြတ်ဆုန်၊ ရတယ် မောင်ဆုန့်ကို တောင်းပန်ပြီးပြီပဲ"

"အခုကိစ္စက မတော်တဆ ဆိုတာမျိုးလဲ မဟုတ်ဘူး၊ တမင်သွားတာ ယောက်ျားလေးက မခေါ်ဘဲ ဘယ်မိန်းကလေးမှ မလိုက်ရဲဘူး၊ ရှင်သာ အဓိကပါ"

မင်းအဂ္ဂ သက်ပြင်းရှိုက်ကာ အရှုံးပေးလိုက်သည်။

ဆုန် ချာကနဲ လှည့်ထွက်သွားတော့ သူစားပွဲခုံကို လက်သီးနှင့် စွတ်ထိုးမိသည်။ ဆုန်က အဝတ်အစား သေတ္တာဆွဲပြီး ခပ်သွက်သွက် ထွက်သွား၏။ လက်သီးကို ဆုပ်ရင်း အံကြိတ်မိသည်။





သူလည်း နွတ်က တစ်စွန်း ကျွံသွားပြီ။ ပြန်မခေါ်ဘူး ဆိုတဲ့စကား။ သွားပါစေ၊ ငါ တားသားပဲ ဟု စိတ်တင်းနေမိသည်။ ခပ်အေးအေး ကြည့်နေနိုင်သော သူ့နှလုံးသားရဲ့ အေးစက်မှုကို ဆုန် အတော် နာကြည်းသွားရ၏။ ပြတ်သားနိုင်လိုက်တာ။

ဘာချစ်တာလဲ။ အဲဒါ အချစ်လား၊ တော်ပါပြီရှင်ရယ်။ ဆုန် အရမ်း ကြောက်သွားပါပြီ။ ရှင်ဟာ နားလည်ရခက်တဲ့လူ။ ရှင်နဲ့ ဝေးဝေးပဲ နေပါရစေတော့။

ဆုန် ပြတ်သားစွာ ဆုံးဖြတ်မိခိုက်မှာ မျက်ရည်တွေ စီးကျလာ၏။ ရှင့်ကို ယူဖို့ ဆုံးဖြတ်ပြီးကတည်းက ကျရတဲ့ မျက်ရည်တွေ။ ရှင်နဲ့ ပြတ်တော့မယ်လို့ ခံယူပြီးချိန်မှာလည်း ကျနေရတုန်းပဲ။

ဒီကို ပြန်မလာမိဖို့ဆုန် ခေါင်းမာမာနှင့် ဆုံးဖြတ်လိုက်သည်။ ကောင်းတဲ့မိန်းမတစ်ယောက်ဟာ ယောက်ျားတွေနဲ့ မတန်ဘူး ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



မေမေကတော့ ဆုန်တစ်ယောက်ထဲ ခင်ပွန်းအိမ်က ဆင်းလာတာ သိရင် ရင်ဘတ်ဖိတော့မှာပဲ။

အိမ်ရှင်မ ကင်းမဲ့နေသော အိမ်ကလေးသည် အလွန်ပဲ ခြောက်သွေ့ငြီးငွေ့ဖွယ် ကောင်းနေပါသည်။

မင်းအဂ္ဂသည် သူမနှင့်အပြိုင် ဘာကြောင့်များ စိတ်လိုက်မာန်ပါ စကားနိုင်လုမိပါလိမ့်ဟု ပြန်သုံးသပ်ကာ နောင်တရပြီးရင်း ရနေမိသည်။

ငါကွာ . . . ဘာမဟုတ်တဲ့ ပြဿနာလေးနဲ့။

တကယ်တမ်း ကေကေယဉ်ကျေးနဲ့ သူနဲ့ ဘာမှ ပတ်သက်တာလည်းမဟုတ်။ ဆုန်ရဲ့ တစ်ဖက်သတ် အမြင်စောင်းအထင်လွဲမှုသက်သက်ပါ။

သူ ဘာကြောင့် စိတ်တိုလွယ်ခဲ့တာလဲ။

ယောကျ်ားဖြစ်တဲ့သူက ချော့ချော့မော့မော့နှင့် နားဝင်အောင် ရှင်းပြရင် ဆုန်က သဘောပေါက်မှာပါ။

သူလည်း စိတ်မရှည်ဘဲ ပြန်အော်မိလို့သာ။ အတွေး





ထဲမှာ ထိုအကြောင်းအရာပဲ ထပ်ခါတလဲလဲ ရောက်နေသည်။ မင်းအဂ္ဂ စိတ်တွေ မတည်ငြိမ်။ လေးငါးရက်ကြာပြီဆိုတော့ သူ ဘယ်လိုမှ ဆက်ပြီး တင်းမထားနိုင်။

ဆုန်လေးကို တစိမ့်စိမ့် လွမ်းနေမိတာ ဖျောက်မရပါ။ မင်းကတော့ ပြတ်သားလိုက်တာကွာ။ ကိုယ့်အိမ်ကနေ ဆင်းသွားရက်တယ်။ ကိုယ့်ကို တစ်ယောက်တည်း ထားရစ်ခဲ့တယ်။ ဆုန် ရေးဆွဲထားတဲ့ ပန်းချီကားလေးတွေ ကြည့်ရင်း အဂ္ဂ အရမ်းသတိရသည်။

မာနနှင့် တင်းခံထားသော စိတ်တို့ တစစ အရည်ပျော်လာသည်။ ဆုန့်ဆီ ပြေးသွားလိုက်ချင်သည်။

သူမရဲ့ ကိုယ်လုံးနွေးနွေးလေးကို အားပါးတရ တင်းတင်းကျပ်ကျပ်ကြီး ဖက်ထားလိုက်ချင်သည်။

ဘာတွေကြောင့် ဘယ်လို တမ်းတမိသလဲ မသိပေမယ့် အိပ်ပျော်နေရင်းတောင် ဆုန်များ သူ့နံဘေးမှာ ရောက်နေသလားဟု လက်နှင့် ယောင်ယမ်းပြီး စမ်းမိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အတူနေသော သံယောဇဉ်ဆိုတာဟာလည်း အင်မတန် ကြောက်စရာကောင်းအောင် နိုင်မြဲ နှောင်ဖွဲ့လို့ နေပါလား။ သွားခေါ်ရမှာ ရှက်တက်တက် ဖြစ်နေလို့သာ မင်းအဂ္ဂအောင့်ထားရတာ။ သူ့အနေနှင့် တစ်ရက်ကလေး ပင် မခွဲချင်တာ အမှန်။

စားစား သွားသွား နေနေ အလုပ်ပဲလုပ်လုပ် ရေပဲ ချိုးချိုး တီဗွီပဲကြည့်ကြည့် ဘယ်က ဘယ်လို တမ်းတ သတိရ နေမိမှန်း မသိတော့။

ဆုန်ရေ . . . မောင့်ကို စိတ်ဆိုးပြေပါတော့။

ဆုန်မရှိရင် မောင်တစ်စက်မှ နေလို့ မရဘူးကွာ။

လုံးဝ မပျော်ဘူး။ ဘာမှ စိတ်မပါဘူး။ ဘာမှလည်း လုပ်လို့ မရဘူး။ အချိန်တိုင်း ဆုန်က နှိပ်စက်နေတယ်။

နောက်တော့ မင်းအဂ္ဂ မနေနိုင်ဘဲ ဆုန့်တို့ အိမ်ရဲ့ ဖုန်းကို ခေါ်လိုက်လေသည်။ ဖုန်းလာကိုင်သူက သူမရဲ့ မေမေ။





"သမီးလေး အပြင်သွားတယ်ကွယ်" ဆိုတာ ညာတာ မဖြစ်နိုင်။ ဆုန် ဘယ်တွေ တစ်ယောက်ထဲ သွားသလဲ။

"သူတစ်ယောက်ထဲလား မေမေ"

"ချမ်းအေးတို့နဲ့ သွားတာပါကွယ်၊ သမီးလေး စိတ်ပြေ ရင် မောင်အဂ္ဂ လာခေါ်လိုက်ပါ၊ ဆုန်လေးလည်း မျက်နှာ ညှိုးနေရှာတယ်၊ လင်နဲ့မယားပဲ ဖြစ်နေပြီးသားရယ်၊ ဆုန် လေးကို ဖွေမယူပါနဲ့ သူ စိတ်ကောက်ရင် ခဏပါ"

"ဟုတ်ကဲ့ပါ မေမေ၊ ကျွန်တော် လာခေါ်မှာပါ"

"အေးကွယ်"

ဖုန်းချပြီးလျှင် မင်းအဂ္ဂ ရင်ထဲ မငြိမ်မသက်နှင့် ဂဏှာ မငြိမ်နိုင်ဘဲ ဖြစ်နေသည်။

အဲဒီ ချမ်းအေးတို့နဲ့ ပတ်သက်လျှင် ဟိုလူကြီး ကောင်းဇင်နှင့် မလွဲမသွေ တွေ့တော့မှာ။

သူ ရင်ပူလာသည်။ မင်း ဘာကြောင့် အဲဒီလမ်းကို ထွင်ရတာလဲ။ ငါ့ကို အရွဲ့တိုက်ဖို့လား ဆုန်။



www.burmeseclassic.com

www.burmeseclassic.com



ငါနဲ့ ဝေးနေချိန်မှာ ဟိုလူနဲ့ မင်းတွေ့နေပြီလား။ ငါ မကြိုက်မှန်း သိရက်နဲ့ ဆုန် . . . ကျွတ် . . . မင်းကွာ၊ ကိုယ့်ကို ကျတော့ ဥပက္ခာပြုထားတယ်။

ပြီးတော့ မင်းစိတ်တိုင်းကျ ထင်သလို လျှောက်သွားနေတယ်ပေါ့။

တောက် . . . အဲဒါ ဟို ကေကေ က စတဲ့ ပြဿနာ။ ကေကေကို အားနာပြီး ခေါ်သွားမိတာကိုက ငါ့အမှား။ ဒါပေမယ့် ဆုန်ကရော သူ့သိက္ခာ၊ သူ့အချစ်ကို ဘာကြောင့် မယုံကြည်ရသလဲ။

ယုံကြည်အောင် ဘယ်လို ရှင်းပြရမလဲ။

ဆုန်ရယ် . . .။

နောက်တစ်ခါ ပြေလည်သင့်မြတ်အောင် နေကြမယ် နော်၊ မောင့်ဘက်က အလျှော့ပေး သည်းခံပါတော့မည်။

သူတို့ ထိုင်နေကျ ခုံလေးပေါ် သွားထိုင်၊ ဆုန်ကြိုက်တဲ့ ကြိုးပုခက်လေးကို ကြည့်လိုက်နှင့် သူ ဘယ်လိုမှ ဟန်မဆောင်နိုင်တော့ပါ။

ဉာဏ်ဝင်းစာပေ



ဆုန်လည်း သူ့အကြောင်းတော့ တွေးမိမှာပါ။

ဘယ်နေရာပဲ ရောက်နေနေ သူ့ကို ဘာပဲဖြစ်ဖြစ် တစ်ချက်တလေတော့ သတိရ အောက်မေ့မှာပါ။

ဒါပေမယ့် ဆုန်က လာမခေါ်နဲ့လို့ အပြတ်ပြောသွားသည်။

"စိတ်ချစမ်းပါ၊ ပြန်ခေါ်လည်း မလိုက်သေးဘူး၊ ရှင် လုံးဝ မလာပါနဲ့၊ ဆုန့်အတွက် ယောက်ျား မရှားပါဘူး"

သူမရဲ့ ပြတ်သားအေးစက်သော စကားသံကို ပြန်ကြားယောင်မိသည်။

အိုကွာ . . . ဒါကတော့ ဆုန်လေး စိတ်ဆိုးတုန်း ပြောတဲ့စကားပါ။

ဒါကို အတည်ယူ မှတ်သားနေလို့ ဘယ်ဖြစ်ပါ့မလဲ။

ကိုယ်က ယောက်ျား . . . ဇနီးမယားကို ပြန်ခေါ်ဖို့ တာဝန်ရှိသည်။ ဟုတ်သည် ပြန်သွားခေါ်မည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မိန်းမ ကိုယ်သွားခေါ်တာ ဘာမှ ရှက်စရာ မလို။ လင်နဲ့မယား လျှာနဲ့သွား ဆိုတာ ရှိတတ်တဲ့ ဥပမာ တစ်ခုပဲ။

ဆုန် ၂... မောင် လာမယ်နော်။

စိတ်ပြေပါတော့...။

❋



"ဆုန်ရေ... နင့်မေမေ ဖုန်းဆက်တယ်"

"ဟုတ်လား"

မိုးကာခုန်က ဖုန်းဆီ ပြေးလာသည်။

အခန်းထဲမှာ အဝတ်အစားတွေ ထည့်နေကြတာ။ ဆုန်လည်း သူတို့နဲ့ လိုက်သွားဖို့ ဆုံးဖြတ်ပြီးပြီ။ စိတ်ပြေလက်ပျောက် ဒီလိုသွားမှ ဖြစ်မှာ။

အိမ်မှာနေရင် အလကားနေ နောက်ကြောင်း ပြန်တွေးပြီး မျက်ရည်ကျမိမှာ။ သူက နေနိုင်မှတော့ ဆုန်က ပိုပြီးတောင် နေနိုင်သေး။

ဟွန်း... ပြတ်လည်း အေးရော...။ ဘာမှာ



www.burmeseclassic.com

www.burmeseclassic.com



ရေစက်ပါသလောက်ပေါ့။ ကံကုန်ရင် ဘာများ တတ်နိုင်မှာ မို့လို့လဲ။ လွမ်းနေ ဆွေးနေလည်း အပိုပဲ။

ယောကျ်ားတွေမှာ အချစ်ဆိုတာ ရှိတာမဟုတ်ပါဘူး။ သူတို့ဟာ တွေ့တဲ့ မိန်းမနဲ့ သာယာဖို့ ဝန်လေးတတ်လို့လား။

ဆုန်သည် မင်းအဂ္ဂအပေါ် ချိုးချိုးဖွဲ့ဖွဲ့ နစ်နစ်နာနာ ပဲ တွေးတာဖြစ်သည်။ အကောင်း လုံးဝ မတွေး။ အပြစ်တွေ ပဲ စီကာစဉ်ကာ စဉ်းစား၏။

ဒါလည်း ဝမ်းနည်းမိတုန်းပဲ။

အင်း . . . မိန်းမသားဘဝဆိုတာလည်း တစ်ဒုက္ခ။

တည်မိတဲ့ဘုရား လဒပဲနားနား။ ပြုပြီးတဲ့ အိမ်ထောင် မှာ ဖြစ်တဲ့နည်းနဲ့ ပျော်ရွှင်ချမ်းမြေ့ချင်တာပဲ။ အိမ်ထောင် မပြိုကွဲချင်တာ သဘာဝပဲလေ။ ဒါ မိန်းကလေးတိုင်းလိုလိုရဲ့ ဆန္ဒပဲ ဖြစ်မှာပါ။

မိုးကဆုန်သည် သူမ မိခင် ဖုန်းဆက်တယ်ဆိုတာ နှင့် ခေါင်းထဲမှာ တရစပ် တွေးလိုက်မိတာက မောင့်အကြောင်း ဖြစ်နေသည်။





မောင်များ အိမ်ကို ဖုန်းခေါ်လို့လား။ မရဲတရဲ တွေးမိ သေးသည်။ ရင်ထဲလည်း ထိတ်ကနဲ ခုန်ရသည်။

မသိစိတ်ကနေ တစ်ချိန်လုံး သူ့ကို လွမ်းတမ်းတ နေမိလို့ ထင်ပါရဲ့။

နေပါစေ။ သတိရတယ်ပဲထား။ ဝန်မခံချင်တော့ပါ။

သူစိမ်းကားမှတော့ ဆုန်လည်း ပြတ်သားနိုင်ရမည် လေ။

"ဟက်လို . . . မေမေလား"

"ဟုတ်ပါယ် ဆုန်လေးရေ"

"ပြောလေ"

"အေးပါ၊ မေမေ ဘာကြောင့် သမီးဆီ ဖုန်းခေါ်ရ ပလဲ သိလား"

"ဟင့်အင်း၊ ဘယ်လိုသိမှာလဲ မေမေရဲ့"

"မောင်အဂ္ဂက သမီးကို မေးနေပြီ။ သမီးကိုလည်း စိတ်ပြေသင့်ပါပြီကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူ ဘာပြောလဲ၊ မေမေကရော ဆုန့်အကြောင်း ဘာတွေ ပြောလိုက်လဲဟင်"

ထင်တဲ့အတိုင်း မောင်နှင့်ပတ်သက်နေတာ မို့ မိုးကဆုန်က စိတ်လှုပ်ရှားစွာ အလျင်စလို ပြန်မေးမိသည်။

"သူလာခေါ်မယ်တဲ့"

"အို . . မပြန်ပါဘူး၊ မေမေ ဆုန် ခရီးထွက်သွား ပြီလို့ တစ်ခါတည်း ပြောလိုက်"

"အဲလို ကလေးမဆန်စမ်းနဲ့ကွယ်"

"မေမေကလည်း သူ့ကို ဘာပြောလဲမှ မသိတာ မေမေနော်၊ ဆုန်ပြောထားပြီးသား၊ ဒီအိမ်ထောင်ရေးကို ဆုန် စိတ်ကုန်နေပြီ။ သူနဲ့လည်း အတူတူ မနေချင်တော့ဘူး၊ ကို အပေါ် မကောင်းတဲ့ယောကျ်ားကို ဘာမက်မောစရာ ရှိ"

"ဒီလို လွယ်လွယ်လေးပြောလို့ ဘယ်ရမလဲ"

"ဆုန် အလျော့ပေးလို့ မဖြစ်ဘူး မေမေ၊ သူ့ စိတ် အရမ်းနာနေပြီ၊ လုံးဝ လှည့်မကြည့်တော့ဘူး၊"





"ဟဲ့ ဒီကလေးမ ဘယ်လိုဖြစ်နေတာလဲ၊ တကယ့် ပြတ်နိုင်မှ ညည်း အဲလို ပြောစမ်း၊ တော်ကြာ ညရောက်မှ ကြိတ်ပြီး မျက်ရည်မကျနဲ့"

ဆုန် ကြိတ်ပြီး ငိုနေခဲ့တာ မေမေ သိသလား။ ရင်ထဲ နွေးကနဲ ရှက်သွားမိသည်။

"အို... တော်ပြီ၊ ဆုန်တော့ ချမ်းအေးတို့နဲ့ ချောင်းသာ လိုက်သွားမှာပဲ၊ သမီး ခံစားချက်ကို မေမေလည်း သိမှာ မဟုတ်ပါဘူး"

"အေး... ညည်းပျော်မယ် ကြိုက်တာလုပ် ဆုန်ရေ၊ မေမေလည်း မပြောချင်တော့ဘူး ဒါပဲကွယ်"

"ဟဲ့ . . . ဘာတဲ့လဲ"

ဖုန်းချပြီး ဆုန် သူတို့နှင့် အကြည့်ချင်းမဆုံအောင် မျက်နှာလွှဲနေမိသည်။ မျက်ရည်လည်နေတဲ့ ဆုန့်မျက်နှာကို လည်း မမြင်စေချင်။

"ဆုန်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မဟုတ်ပါဘူးဟာ"

"ဘာမှ မဟုတ်ရင် နင် ဘာလို့ ငိုနေလဲ"

"ဘယ်မှာ ငိုလို့လဲ"

မိုးကဆုန်အံသံက ငိုသံနှင့် ရန်တွေ့သံ ရောနှော သည်။

"ကိုအဂ္ဂ ပြန်ဆက်သွယ်ပြီလား"

ဆုန်မဖြေနိုင်။

"လင်မယားပဲဟယ်၊ ဘယ်လို ပြတ်နိုင်ပါ့မလဲ၊ စိတ်ဆိုးတုန်း ခဏပါ"

"နင် ချောင်းသာလိုက်ဦးမှာလား ဆုန်"

"လိုက်မှာပေါ့"

"ကိုကောင်းကလည်း သူ လိုက်မယ် ပြောနေတယ် နော်၊ နင်တို့ အတူသွားလို့ ဖြစ်ပါ့မလား"

သူတို့က စိုးရိမ်မကင်း ဖြစ်နေကြသည်။

"ဘာဆိုင်လဲ၊ နင်တို့အားလုံး ပါသားပဲ"

ဉာဏ်ဝင်းစာပေ



"ငါတို့က အပျိုတွေနော်၊ ပြဿနာရှာမယ့် ယောကျ်ားနဲ့ မဟုတ်ဘူး၊ နင်သာ ကိုအဂ္ဂက သဝန်တိုတတ်တာနဲ့ ပိုဆိုးနေပါဦးမယ်"

"ဆိုးဆိုးဟာ . . . သူမကြိုက်တော့ ဘာဖြစ်လဲ၊ ဆုန် သွားချင်တဲ့ခရီး သွားမှာပဲ"

ဟုတ်သည်လေ။ သူတောင် သူ့အတွင်းရေးမှူး ကေကေနဲ့ ပွဲလမ်းသဘင် ဆင်နွှဲသေးတာ။ သူ့မှာ လွတ်လပ်ခွင့်ရှိရင် ဆုန့်မှာရော မရှိရဘူးလား။

တရားမျှတမှုတော့ ရှိသင့်ပါတယ်နော် . . .။

ဆုန်လည်း နှလုံးသားနဲ့ ခံစားချက်နဲ့ပါ။

ခေါင်းမာမာနှင့် ရှေ့တိုးဖို့ပဲ ဆုံးဖြတ်ချက်ကျသည်။ ဆုန်ကလည်း တစ်မျိုး။ ကိုယ်လုပ်ချင်ရာကို လုပ်ရမှ ကျေနပ် တတ်သူပါ။

"ဒါဖြင့်လည်း ပြီးရော နင့်သဘောနဲ့ နင်နော်၊ ငါတို့က အတင်းအကြပ် ခေါ်တာ မဟုတ်ဘူး၊ ကိုကောင်းကလည်း သူ့ဘာသာ လိုက်မယ်ပြောတာနော်။ ငါတို့နဲ့ မဆိုင်ဘူး"

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ချမ်းအေးက ခုကတည်းက ကြောက်ကန်ကန်နေသည်။ တစ်ယောက်က ယောကျ်ားနှင့် စိတ်ဆိုးလာသူ၊ တစ်ယောက်က သူမအပေါ် သိသိသာသာ စိတ်လှုပ်ရှားသူ။

ပြဿနာဖြစ်မှာ သူတို့ စိုးရိမ်နေသည်။ သူတို့ရဲ့ ချောင်းသာခရီးကို ပျော်ရွှင်အေးချမ်း လွတ်လပ်မှုတွေနှင့်သာ နောင်အခါ ပြန်အမှတ်ရချင်သည်။

ပဋိပက္ခတစ်ခုရဲ့ အစပျိုး နိဒါန်း မဖြစ်စေချင်ပေ။

❋



"ကဲ . . . ကဲ ဘုရားရှိခိုးပြီးရင် ကားထွက်မယ်ဟေ့၊ ဆုန်ရေ နှင့်ပစ္စည်းတွေ အစုံပါပြီလား။ တစ်ချက် လာစစ်လိုက်ဦးနော်၊ နှင့်မေမေကိုရော ဖုန်းဆက်ပြီးပြီလား"

"ဆက်ပြီးပါပြီ"

"ဘာတဲ့လဲ"

"သမီးသဘောပဲတဲ့၊ ပြောမရရင် မပြောဘူးတဲ့"

သူတို့ သူငယ်ချင်းတစ်စုသည် တောင်းအေ့စ်ကားပေါ်ပစ္စည်းတွေ အိတ်တွေ တင်ရင်း အားလုံး ပျော်ရွှင်တက်ကြွနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆုန်တစ်ယောက်သာ ခပ်ငိုင်ငိုင်နှင့် မတက်ကြွဘဲ ဖြစ်နေရတာ။

ဆုန်သည် ပြောပြီးသား စကားအတည် ဖြစ်ချင်လို့သာ လိုက်သွားရမှာ ဖြစ်ပေမယ့် ရင်ထဲ တယ်မရှင်း။

ခေါင်းတွေလည်း မူးဝေနေသည်။

လူက ကောင်းကောင်း အိပ်မပျော်တဲ့ရက်တွေ များပြီဆိုတော့ မလန်းဆန်း မကြည်လင်နိုင်ဘဲ ဖြစ်နေသည်။

ဒီမနက် အန်လည်း အန်ချင်နေသည်။

နေမကောင်း ဖြစ်တော့မှာလား မသိပါ။

သူတို့ကိုလည်း စိတ်အနှောင့်အယှက်ဖြစ်အောင် ဘာမှ မပြောချင်။

မည်းည်းညူချင်ပေ။

ထို့ကြောင့် အောင့်အီးကြိတ်မှိုကာ ဆုန်က လက်ဆွဲအိတ်ကို ဆွဲလျက် ကားဆီ သွားဖို့ ပြင်သည်။

''အမေ့''





ထိုအချိန်မှာပဲ ခေါင်းထဲ မိုက်ကနဲ မူးဝေသွားတာကြောင့် နီးရာနံရံမှာ မှီလိုက်ရသည်။

''ဆုန် . . . ဘာဖြစ်လို့လဲ''

ယုဇနက သတိထားမိပြီး ဆုန့်ကို လာတွဲသည်။

''ခေါင်းမူးလို့ပါ''

''ဩော် . . . ဖြစ်ရမယ် ဆုန်ရယ်၊ ဒါဆို နားလိုက်၊ ဒီ ဒရင်းဘတ်ပေါ်မှာ ခဏ မှေးနေလိုက်''

သူတို့ ဆုန့်အနီးသို့ ပြေးလွှားရောက်လာကြသည်။ ချမ်းအေးက ဆုန့်မျက်နှာကို သေချာ စေ့စေ့ကြည့်ရင်း . . .

''ဆုန် . . . နင် ဟုတ်ရော ဟုတ်ရဲ့လား၊ ဘာတွေ ထူးခြားနေပြီလဲ၊ ဟိုဟာများလား၊ ငါတို့ကို လျှို့မထားနဲ့နော်''

အဓိပ္ပါယ်ပါပါ ဆုန့်ကို ကြည့်ကြသည်။

သူတို့ ဝိုင်းဝန်း မေးမြန်းဖို့ ပြင်နေဆဲမှာ ခြံထဲသို့ ကားတစ်စီး ချိုးကွေ့ဝင်ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဟယ်. . .ကိုအဂ္ဂ လာပြီတော့၊ အတော်ပါပဲ၊ မျှော်တုန်းမျှော်ဆဲ သူလည်း ပေါ်လာ''

ဆုန်သည် မူးဝေဝေကြားမှ ရင်ခုန်သံတို့ မြန်ဆန်ပူနွေးလာရသည်။

''လာပါ ကိုအဂ္ဂရေ''

''အထုပ်အပိုးတွေနဲ့ပါလား၊ ခင်ဗျားတို့ ဘယ်သွားဖို့လဲ၊ ဆုန်ရော၊ ဟာ. . .ဆုန်. . ဆုန် ဘာဖြစ်လို့လဲ''

ရှူဆေးဘူးလေး နှာဝတော့ကာ ဒရင်းဘတ်ပေါ် လှဲလျောင်းနေတဲ့ ချစ်ဇနီးကို တွေ့တော့ မင်းအဂ္ဂ ပျာပျာသလဲ ခြေလှမ်းကျဲနှင့် အနားတိုးကပ်လာပါသည်။

''မူးလို့တဲ့ အခုလေးတင်ပဲ'

''ဆုန်''

မင်းအဂ္ဂ သူမနား ဒူးထောက် ထိုင်ချကာ လက်ဖျားလေးကို ဆွဲယူ ဆုပ်ကိုင်မိသည်။

ဆုန် နေရင်းထိုင်ရင်း မျက်ရည်ရစ်ဝိုင်းလာရ၏။





''သူက ချောင်းသာလိုက်မယ် လုပ်နေတာ ကိုအဂ္ဂရေ၊ အခု ကိုအဂ္ဂ ရောက်လာတာ အတော်ပဲ၊ သူ့ကို ပြန်ခေါ်သွားတော့၊ ဒါမှလည်း ကျွန်မတို့ နောက်ဆံမတင်းဘဲ ပျော်နိုင် ဆော့နိုင်မှာ၊ နို့မို့ သူ့အတွက်ပဲ စိတ်ပူနေရမှာ၊ ကဲ. . . မရွှေဆုန်ရေ၊ နင့်အိတ်တွေ ပြန်ချပေးခဲ့မယ်၊ နင် နေကောင်းမှ ကိုအဂ္ဂနဲ့ ဟန်းနီးမွန်း ထွက်တော့ ဒါပဲ''

ချမ်းအေးတို့ကပင် ဝင်ဆုံးဖြတ်ပေးလိုက်ကြ၏။

ဆုန် ဘာမှ မပြောနိုင်။

ရင်ထဲမှာ ဝမ်းသာလုံးဆို့နေသည်။

မောင့်မျက်နှာကို မြင်လိုက်တော့ စိတ်ဆိုးစိတ်ကောက် နာကျင်နေရတာတွေလည်း မေ့ပျောက်သွားရသည်။

အထူးအဆန်းပါပဲ။

မျက်ရည်ရစ်ဝဲလျက်ပဲ ဆုန့် နှုတ်ခမ်းတို့ ချိုမြမြလေး ပြုံးလာရသည်။

မင်းအဂ္ဂလည်း ဆုန်မျက်နှာလေး မြင်ရတော့ ဒီထက်



www.burmeseclassic.com

www.burmeseclassic.com



စောစော ဘာကြောင့် မလာဖြစ်တာလဲဟု သူ့ကိုယ်သူ တိတ်တဆိတ် အပြစ်တင်မိသည်။

သူ့ရင်ထဲ ခံစားနေရသမျှသည် ဆုန်လေးရဲ့ လက်ကို ဆုပ်ကိုင်လိုက်သောအခါ အရာရာ ပြေလျော့၍ စိတ်သက်သာ ရာ ရသွားပါသည်။

"မောင် မသိဘဲ အဝေးကြီး လိုက်သွားမလို့ပေါ့ ဟုတ် လား"

"ရှင်ပဲ လာမခေါ်ဘူးဆို၊ ဆုန့်ဘာသာ ဘယ်သွားသွား ပေါ့"

"ဆောရီး . . . ဆောရီး၊ အဲဒါတွေ မပြောကြေး၊ အခု ဆုန် နေကောင်းရဲ့လား ဘယ်လိုနေလဲ"

"မြင်တဲ့အတိုင်းပဲ"

လေသံသဲ့သဲ့နှင့်ပင် သူ့ကို အနိုင်ယူ ဘုတောချင် သော ကောင်မလေးကို အဂ္ဂမချင့်မရဲ ပြုံး၍။

ကြည့်မိသည်။

ဉာဏ်ဝင်းစာပေ



"ဆုန်ရေ . . . နင်တို့ အေးအေးဆေးဆေး အလွမ်း သယ်ဦးပေါ့"

"ဟာ . . . မချမ်းအေး ကျွန်တော်တို့ ပြန်မှာ"

"ဒါဆို ဆုန့်အိတ်တွေ ကိုအဂ္ဂ ကားထဲ ထည့်ပေး လိုက်"

ချမ်းအေးက ညွှန်ကြားနေ၏။

ဆုန်လည်း သူ့ရင်ခွင်မှာ မှီချင်ပြီလို့ သူ ဆွဲထူတော့ အသာအယာ ဖြေးဖြေး ထရပ်လိုက်ပါသည်။

"ဟော . . . ကြည့်၊ အခုတော့ ရွှေကဆုန်တို့ ချက် ချင်း နေကောင်းသွားပါပြီ၊ အခုဏ သရုပ်ဆောင်ချက်က တော့ တကယ် ပီပြင်ပါပေတယ်"

"မဟုတ်ပါဘူး ယုဇနရယ်"

"အင်းပါ အလကား စတာပါ၊ နင် ထူးခြားတာ သေချာပြီဆိုရင် ငါတို့ဆီ ဖုန်းဆက်ဖို့ မမေ့နဲ့ဦးနော်"

"အင်း"

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူတို့က ဆုန့်ဆီ လာမှာနေကြတာမို့ မောင်က နှုတ်ခမ်းကိုက်ကာ ငြိမ်သက်တွေးတောပြီး ဆုန့်ထံ ခပ်တိုးတိုး နှင့် . . ။

"ထူးခြားရင် ဆိုတာ ဘာလဲဆုန် . . ၊ မောင် ဝမ်းသာ ရတော့မှာလား"

"အို . . . နေပါဦး၊ သေချာအောင် စစ်ပြီးမှ ဝမ်းသာ"

နှုတ်ခမ်းလေး ဆူလျက် ဆုန် ရှက်ရှက်နှင့် ဟန့် လိုက်သည်။

သူက သဘောပေါက်စွာ အော်ရယ်၏။

ဆုန်တို့ နှစ်ယောက်ကြားမှာ သံသယတွေ ပဋိပက္ခ တွေ မရှိတော့ပါ။

ဘယ်အချိန်က ပြေပျောက်သွားသလဲပင် သတိ မထားမိ။

ဆုန်တို့ နီးကပ်ပြေလည်ဖို့ တစ်စုံတစ်ရာလေးကများ စေ့ဆော်ကူညီနေလေသလား။



BURMESE CLASSIC .com



အို . . . ရင်ခုန်ဖွယ် မျှော်လင့်ချက်အသစ်လေး။

တစ်ခါမှ မကြုံဘူးသော ခံစားချက် ချိုချိုလေး။

သေချာပြီဆိုရင် ပိုပျော်ရဦးမည်။

အခုပင် မောင်က စိတ်လှုပ်ရှားနေသလို နှုတ်ခမ်း မစေ့နိုင်အောင် ဖြစ်နေတာ။

သူ့မျက်လုံးတွေလည်း ချိုရီ မြူးတူးနေသည်။

မောင်နှင့်ဆုန်လည်း ကားပေါ် မြန်မြန်တက်ကြ သည်။

ချမ်းအေးတို့ကလည်း ကားပေါ် ပျော်ပျော်ရွှင်ရွှင် ခုန် တက်ကြသည်။

ထိုခရီးကို ဆုန် မလိုက်ဖြစ်သလို ကောင်းဇင်လည်း မလိုက်ဖြစ်တော့ပါ။

မကြာမီ အော်ဟာစ် နှုတ်ဆက်သံတို့နှင့် ကားလေး နှစ်စီး ခြံထဲက ထွက်ခွာသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဆုန်ရေ... ဖုန်းဆက်နော်၊ အိမ်ရောက်ရင်လည်း ရန်မဖြစ်နဲ့ဦး''

အို... ဒီတစ်ခါ ရန်မဖြစ်မှာတော့ သေချာပါတယ်။

ဆုန်တို့ အရင်ကထက်ကို ပိုချစ်ကြတော့မှာ။

စိတ်တူကိုယ်တူ အေးအတူ ပူအမျှ တစ်ဘဝလုံး ချစ်သွားကြရအောင်နော်။

ဆုလေးနွယ်

ဉာဏ်ဝင်းစာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

လုံးချင်းဝတ္ထုသစ်

# ဆုလေးနှယ်

နှစ်ဦးပိုင်မနက်ဖြ

BURMESE CLASSIC .com

www.burmeseclassic.com